မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၃၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္လာနေ့။

တိုင်းပြည်အကျိုးမဲ့အောင်လုပ်ရင်

ကျွန်တော်တို့ ဘယ်သူ့ကိုမှ နိုင်ငံရေးအတိုက်အခံ သမားတွေကို နှိပ်စက်ညှဉ်းပမ်းမှုမလုပ်ဘူး။ သို့သော် လည်း ဒီစည်းကမ်းချက်တွေက လွန်လာပြီးတော့ ကိုးရိုးကားရား တိုင်းပြည်အကျိုးမဲ့အောင်လုပ်ရင် ဒါ···ကျွန်တော်တို့ ကြည့်မနေနိုင်ဘူး။ ကျွန်တော်တို့ အဖွဲ့က အတိုက်အခံသမားတွေကို တရားသဖြင့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆူပူခွင့် အဲဒီ အခွင့်အရေးတွေပေးတာကို အသားယူပြီး မတရား လုပ်ရင်တော့ ကျွန်တော်တို့ သေသေချာချာ ချရမှာပဲ ဆိုတာ ကျွန်တော်ပြောချင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေ လ ၁၇ ရက်နေ့ ပြောကြားခဲ့သော နှစ်သစ်ကူး မိန့်ခွန်းမှ ကောက်နုတ်ချက်)

လောက်ကိုင်ဒေသတိုက်ပွဲများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအား အားပေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြင်ဦးလွင်တပ်နယ် တပ်မတော်ဆေးရုံ၌ ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား လိုက်လံကြည့်ရှုအားပေးစဉ်။ (မြဝတီ)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လောက်ကိုင်ဒေသတိုက်ပွဲများတွင် အရာရှိ၊ စစ်သည်များ၏ နိုင်ငံတော်နှင့် တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်မှုအတွက် ဂုဏ်ပြုပါကြောင်း၊ ထိခိုက်ဒဏ်ရာရသူများအား တိုက်ပွဲနေရာမှ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် ဆေးရုံများသို့အမြန်ရောက်ရှိအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုကိုလည်း လုပ်နိုင်သော အကောင်းဆုံးကုသမှုများဖြင့် စိတ်ချရသည်အထိ

စာမျက်နှာ ၃ ကော်လံ ၁ ☆

သပိတ်မှောက်ကျောင်းသားများသို့ သီတဂူဆရာတော်ကြီး မေတ္တာရပ်ခံ

စာမျက်နှာ-၈

လောက်ကိုင်မြို့တွင်း နယ်မြေရှင်းလင်းရာ လူ၊ လက်နက်၊ ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ထပ်မံသိမ်းဆည်းရမိ

သတင်း၊ စာမျက်နှာ-၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူလူထု၊ ကျောင်းသားမိဘများနှင့်ကျောင်းသားများက ငြိမ်းချမ်းစွာပညာသင်ကြားနိုင်ရေးနှင့် စာမေးပွဲဖြေဆိုနိုင်ရေး ဆန္ဒထုတ်ဖော်

သတင်း
မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ၏အမျိုးသားပညာရေးဥပဒေကို ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားများက ၎င်းတို့ ပြင်ဆင်လိုသည့် အချက် (၁၁)ချက်ကို ပြင်ဆင်ဖြည့်စွက်ပေးရန် နိုင်ငံတော်သို့ တောင်းဆိုခဲ့သည်။ နိုင်ငံတော်ဘက်ကလည်း မူလဖြည့်စွက်ပြင်ဆင်ပယ်ဖျက်လိုသည့် အချက် (၁၁)ချက် အပါအဝင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရန်အတွက် နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊

စာမျက်နှာ ၉ ကော်လံ ၁ ❁

BBB
ဘီသုံးလုံး ကားအရောင်းစင်တာ
Specializes in Wagons (4WD)
38+40 ၊ကမ္ဘာအေးဘုရားလမ်း(နင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း၊
Phone: 09-7320-7777

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ငြိမ်းချမ်းရေးပန်းတိုင်အရောက်လှမ်းကြပါစို့

လက်ရှိ ကျွန်ုပ်တို့မြန်မာပြည်သူပြည်သားအားလုံး၏ နိုင်ငံရေးဆန္ဒတစ်ရပ်မှာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးပင်ဖြစ်ပါသည်။ နှစ်ပေါင်း ၆၀ ကျော်ကြာညောင်းလာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခကို အမြန်ဆုံးအဆုံးသတ်ရန် ပြည်သူတစ်ရပ်လုံးက လိုလားနေကြပါသည်။ တောင်းဆိုနေကြပါသည်။

ထို့ကြောင့်လည်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး စုံညီစွာပါဝင်သော တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုနေ့ အခါသမယတွင် နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ဤတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီး ၁၄ ဦး၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့အပါအဝင် လွှတ်တော်ကိုယ်စားပြု ငါးဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကိုယ်စားပြုသုံးဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၅၅ ဦးတို့ တက်ရောက်ကာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့် နိုင်ငံရေးဆွေးနွေးပွဲများကို အထောက်အကူပြုစေမည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် **(Deed of Commitment for Peace and National Reconciliation)** ကို ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြပြီး လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ဤတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အခက်အခဲများ၊ စိန်ခေါ်မှုများအမျိုးမျိုးရှိသော်လည်း ငြိမ်းချမ်းရေးရလိုသည့်သဘောထားမှာ အဖွဲ့အစည်းအသီးသီးတွင်ရှိနေသည့် တူညီသည့် အချက်ဖြစ်သောကြောင့် ရိုးသားဖြောင့်မှန်မှု၊ ယုံကြည်မှုများဖြင့် ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာသည့် လမ်းစဉ်အပေါ်တွင် အခြေခံရမည်ဖြစ်သည့်အတွက် ရေရှည်ခရီးဆက်ရမည့်ခရီးစဉ်ဖြစ်သည်ကို အားလုံးသဘောတူလက်ခံထားကြပြီးဖြစ်ပါကြောင်း၊ သို့သော် လေးနှစ်တာကာလရှိလာပြီဖြစ်သည့်အတွက် မိဘပြည်သူများ၏ ယုံကြည်မှုနှင့် ပြည်သူများ၏မျှော်လင့်ချက်များ မဆုံးရှုံးစေရန် မိမိတို့အားလုံးက လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုနေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးနိုင်ရန် ကြိုးစားခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိခဲ့သော်လည်း ပြည်သူများ၏ မျှော်လင့်ချက်မဆုံးရှုံးရအောင် နိုင်ငံရေးဆွေးနွေးပွဲများကို မဖြစ်မနေလုပ်မည်ဆိုသည့် ကတိကဝတ်တစ်ခုကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

သို့ပါ၍ ဤကဲ့သို့ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ်ရေးထိုးနိုင်ခြင်းသည်ပင်လျှင် ငြိမ်းချမ်းရေးသမိုင်းမှတ်တိုင်သစ် စိုက်ထူလိုက်ခြင်းဖြစ်သကဲ့သို့ မဝေးတော့သည့်ကာလ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် များစွာအထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးက မျှော်လင့်နေသော ငြိမ်းချမ်းရေးပန်းတိုင်သို့ အရောက်လှမ်းရန် စည်းလုံးညီညွတ်စွာ လုပ်ဆောင်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရေကြောင်းပညာတက္ကသိုလ်လာမည့်နှစ်မှစ၍ မဟာဘွဲ့များပေးနိုင်တော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် န၀မအကြိမ် ဘွဲ့ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ပညာရည်ချွန် ရွှေတံဆိပ်ဆုများဖြစ်သော တော်ဝင်ရေယာဉ် ဗိသုကာအသင်း (အင်္ဂလန်၏ RINA Myanma Shipyard Award) ရွှေတံဆိပ်ဆုနှင့် ဆုငွေကို မောင်အာကာစိုးအားလည်းကောင်း၊ Wealth Ocean Myanmar ၏ Best Marine Engineer Student Prize ကို မောင်ဆန်ဒီအားလည်းကောင်း၊ Hut Chison Port Holding (Hongkong)၏ HPH ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ ဆုကို မခိုင်ခိုင်ဝင်းအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ယခုအခါ ရေကြောင်းတက္ကသိုလ်တွင် ယခင်က Bachelor ဘွဲ့ခြောက်မျိုး၊ ဘွဲ့လွန်ဒီပလိုမာ နှစ်မျိုးနှင့် စတင်ခဲ့ပြီး ယခုအခါတွင် BE နှင့် B.Sc(Honors) ဘွဲ့ခုနစ်မျိုး၊ မဟာဘွဲ့သုံးမျိုး၊ ဘွဲ့လွန်ဒီပလိုမာ လေးမျိုး ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း၊ လာမည့်နှစ်မှ စတင်ပြီး မဟာဘွဲ့များကို ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းတက္ကသိုလ် (International Association of Maritime University) IAMU အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံထားရပါကြောင်းနှင့် ယခုနှစ်မှာ BE နှင့် B.Sc (Honors) ဘွဲ့ ၃၈၂ ဦး၊ ဘွဲ့လွန်အင်ဂျင်နီယာ ဒီပလိုမာကိုးဦး၊ သင်္ဘောလုပ်ငန်းနှင့် ဆိပ်ကမ်း စီမံခန့်ခွဲမှုဒီပလိုမာ ၉၅ ဦး စုစုပေါင်း ၄၇၇ ဦးကို ဘွဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်ကဘာသာရပ်အလိုက်ထူးချွန်သည့် ကျောင်းသားကျောင်းသူများအားဆုများနှင့် ဘွဲ့လက် မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လောက်ကိုင်ဒေသမှ နေရပ်ပြန်ကြသူများအား စေတနာရှင်ပြည်သူများက အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၁၅

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လောက်ကိုင်) တစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်တိမ်းရှောင်အဖွဲ့တို့ ထိတွေ့မှုဖြစ်စဉ်များကြောင့် အဆိုပါဒေသများသို့ ကြံခုတ်လုပ်ငန်းနှင့် အခြားအလုပ်အကိုင်များ လုပ်ကိုင်ရန်ရောက်ရှိနေသော အလုပ်သမားများသည် နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

အဆိုပါနေရပ်ပြန် ကြံခုတ်လုပ်ကိုင်သူများ လားရှိုးသို့ရောက်ရှိစဉ် တည်းခိုစားသောက်ရေး အဆင်ပြေစေရန်အတွက် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ ရတနာဇေယျာ ကျောင်းတိုက်နှင့် အထက(၁)တို့တွင် စီစဉ်ဆောင်ရွက် ပေးထားပြီး တိမ်းရှောင်လာသော ပညာရေးဝန်ထမ်းများအတွက် တွဲဖက်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ လှူဒါန်းသော စောင်၊ ခြင်ထောင်၊ ဆပ်ပြာနှင့် ရေပုံး အပါအဝင် အခြားအသုံးအဆောင်ပစ္စည်း ၁၁ မျိုးကို ဥက္ကဋ္ဌဒေါက်တာဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြသည်။ ထို့အပြင် နေရပ်ပြန်လာသူများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ ငွေကျပ် ၁၀ သိန်းနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ရှမ်း/ မြောက်) က စားသောက်ဖွယ်ရာများ လှူဒါန်းကြသည်။ **(ဝဲပုံ)**

ဖေဖော်ဝါရီ ၁၃ ရက်တွင် စစ်ဘေးတိမ်းရှောင်လာသူများ ထပ်မံရောက်ရှိလာမှုအပေါ် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတွင် နေရာချထားပြီး စေတနာရှင် ပြည်သူများက အဖွဲ့လိုက်သော် လည်းကောင်း၊ တစ်ဦးချင်းသော် လည်းကောင်း၊ ထမင်း၊ ဟင်းများ၊ ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ဆန်၊ ဆီ၊ ဆားနှင့် အခြားစားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းလျက်ရှိကြောင်းနှင့် လားရှိုးမှ နေရပ်ပြန်နိုင်ရေးအတွက်လည်း အလှူရှင်များက ပံ့ပိုးကူညီခြင်း၊ ယာဉ်လိုင်းပိုင်ရှင်များမှ အခမဲ့ပို့ဆောင်ပေးခြင်းများဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မင်္ဂလာဆောင်သွားမည့် အမျိုးသမီးတစ်ဦး ဓာတ်လှေကားအတွင်းပိတ်မိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၆ နာရီက စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက် အောင်တော်မူလမ်း တိုက်အမှတ် (၂၄၉) ရှစ်ထပ်ခွဲတိုက်တွင်မင်္ဂလာဆောင်သို့သွားမည့် အမျိုးသမီးတစ်ဦး ဓာတ်လှေကားအတွင်း နာရီဝက်ကျော် ပိတ်မိနေကြောင်း သိရသည်။

ယင်းတိုက်လေးထပ်တွင် နေထိုင်သူ မမေသော်ဟိန်း(၂၄ နှစ်)သည် မင်္ဂလာဆောင်သို့သွားရန် ဓာတ်လှေကားဖြင့် ဆင်းလာစဉ် မြေညီထပ်အရောက်၌ ဓာတ်လှေကားတံခါးဖွင့်၍မရဘဲ ပိတ်မိနေခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ စမ်းချောင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးနှင့် အဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့ရာ ပိတ်နေသော ဓာတ်လှေကားတံခါးကို နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ဖွင့်ပေးနိုင်ခဲ့သည်။ **(ယာပုံ) ကိုကြီးတင်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၅၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၆၅၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၅
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၂-၁၀၃၆
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဒက္ခိဏသီရိမြို့နယ်ရုံး၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ ဖတ်ကြားစဉ်။ မင်းမင်းလတ်(ပျဉ်းမနား)

ပြည်တွင်းသတင်း

☆ ရှေ့ဖုံးမှ

ပျောက်ကင်းအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လူနာအားလာရောက်ကြည့်ရှုအားပေးသည့် မိသားစုဝင်များကိုလည်း စားသောက်နေထိုင်မှုကိစ္စအဝဝ ကူညီစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်သည့် တရားသောစစ်ကို ဆင်နွှဲနေခြင်းဖြစ်၍ ရဟန်းရှင်လူအပေါင်းကလည်း အားပေးထောက်ခံလျက်ရှိပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ် တပ်မတော်ဆေးရုံ၌ ဒဏ်ရာရ အရာရှိ၊ စစ်သည်များ၏ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းတို့လိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်တပ်မတော် ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များက ဂုဏ်ပြုငွေများ၊ စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများ၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးဝါးကုသမှုအခြေအနေတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဆေးရုံဧည့်ခန်း၌ ဒဏ်ရာရအရာရှိ၊ စစ်သည် မိသားစုများအားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆေးကုသနေစဉ်ကာလအတွင်း သုံးစွဲရန် ဂုဏ်ပြုငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးလိုက်ပါ၍ လားရှိုးတပ်နယ် တပ်မတော်ဆေးရုံသို့ရောက်ရှိပြီး လောက်ကိုင်ဒေသတိုက်ပွဲ၌ ထိခိုက်ဒဏ်ရာရရှိသူများ၊ တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း အခြားတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိသူများအား တစ်ဦးချင်း ရင်းနှီးစွာတွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုငွေများ၊ စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်ခဲ့သည်။

ထို့နောက် လောက်ကိုင်ဒေသ တိုက်ပွဲများ၌ တိုင်းပြည်အတွက် အသက်စွန့် တာဝန်ထမ်းဆောင်ခဲ့သည့်တပ်မတော်သားများ၏ မိသားစုများကို သီးခြားတွေ့ဆုံ၍ တစ်ဦးချင်း အားပေးနှစ်သိမ့်စကား ပြောကြားပြီး ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ လောက်ကိုင်ဒေသ ကိုးကန့်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်စဉ် အခြေအနေများအား

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွန်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးတို့က မြေပုံများနှင့်တကွ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်လက်လုပ်ဆောင်ရန်များအား မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ သွားရောက်၍ ဘုန်းကြီးကျောင်းသို့ ရောက်ရှိခိုလှုံနေကြသည့် လောက်ကိုင်ဒေသပတ်ဝန်းကျင်မှ တိုက်ပွဲရှောင်ဒေသခံပြည်သူများအား တွေ့ဆုံ **(အပေါ်ပုံ)** အားပေးစကားပြောကြားပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၊ ဆန်အိတ် ၁၀၀ နှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် ဒုရဲအုပ် စိုးအေးထွန်းအတွက် ထောက်ပံ့ကြေးနှင့်စားသောက်ဖွယ်ရာများကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ကျောင်းဓမ္မာရုံတွင် မန်ဆူဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပုညာနန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

လောက်ကိုင်ဒေသတွင် ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူ အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ စနစ်တကျတိုက်ကွက်များ ဖန်တီးလုပ်ဆောင်ခဲ့ရာ တပ်မတော်က အသက်ကိုပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ ကာကွယ်တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့၍ တပ်မတော်သားအချို့ မွန်မြတ်စွာ အသက်ပေးလှူခဲ့ရပြီး အချို့သည် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြသည်။ ယခုအခါ ထိခိုက်ဒဏ်ရာရရှိသူများကို တပ်မတော်ဆေးရုံများသို့ မော်တော်ယာဉ်၊ ရဟတ်ယာဉ်များဖြင့် အမြန်ဆုံး စီမံပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုစောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တိုက်ပွဲ၌ မွန်မြတ်စွာ အသက်စွန့်သွားခဲ့သူများ၏ အရိုးအိုးများကိုလည်း သက်ဆိုင်ရာဌာနချုပ်များသို့ သယ်ဆောင်၍ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းနှင့် မြစ်ကူးတံတားသစ်လေးစင်း တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစိုးမင်းနှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရေစိုကျေးရွာနှင့် ကသပေါင်းကျေးရွာအကြား မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်၍ တူးဖော်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိ လုပ်ငန်းအားလုံး၏ ၇၁ ရာခိုင်နှုန်း ကျော်ပြီးစီးနေပြီး ဒေသနေပြည်သူများအတွက် ကျေးရွာချင်းဆက်မြစ်ကူးတံတားသစ် လေးစင်းကိုလည်း တစ်ပြိုင်တည်း တည်ဆောက်နေပြီဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တွံတေးမြို့နယ် ကသပေါင်းကျေးရွာ ဓမ္မရက္ခိတ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များစုပေါင်း၍ မွမ်းမံတည်ဆောက်လျက်ရှိသော ဆုတောင်းပြည့် အောင်ချမ်းသာ စေတီတော်၊ လာဘမုနိဘုရား၊ နဂါးရုံဘုရားများနှင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ပြီးစီးမှုများကို ဖူးမြော်ကြည်ညိုပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစရဏအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ပန်း လှိုင် မြစ်ကြောင်း ပြန်လည် တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက် နေမှုကို ပြည် ထောင် စု ဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှု စစ်ဆေး စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရှည် ၃၄ ဒသမ ၄ မိုင်ရှိ ပန်းလှိုင်မြစ်ကြောင်း တစ်လျှောက် စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်တူးဖော်နေမှုများကို လည်းကောင်း၊ မြစ်ကြောင်းဝဲယာ တစ်လျှောက်ရှိ လယ်ကွင်းများ၊ ကျေးရွာများမှ ပိုလျှံထွက်ရှိလာမည့် ရေများကို မြစ်ကြောင်းအတွင်းသို့ ရေနုတ်ပေးမည့် ရေထုတ်ပြွန် တည်ဆောက်ရန် လျာထားမှုများနှင့်တူးဖော်နေမှုများကို လည်းကောင်း၊ ရေစိုချောင်း၊ စန္ဒယော်ချောင်း၊ မယ်ဘာချောင်း၊ မရွှေဥချောင်း စသည့် ပန်းလှိုင်မြစ်အတွင်းသို့ စီးဝင်သည့် ချောင်းများမှ ရေကြီးရေလျှံမှုများကို ကာကွယ်နိုင်ရန်အတွက် မြစ်ကြောင်းအဝင်ချောင်း လက်တံများ ရှင်းလင်းတူးဖော်ထားရှိမှုများကိုလည်းကောင်း၊ အလျား ၁၅၆ ပေ၊ အကျယ်ပေ ၄၀ ရှိ သံကူကွန်ကရစ် သံမဏိသံပေါင်တံတားအဖြစ် တည်ဆောက်မည့် ရေစိုကျေးရွာနှင့် ကသပေါင်းကျေးရွာ အကြား ကျေးရွာချင်းဆက်တံတားအား သံပေါင်များတပ်ဆင်နေမှုကို လည်းကောင်း၊ စန္ဒယော်ကျေးရွာနှင့် လမုတန်းကျေးရွာ ကျေးရွာချင်း ဆက်တံတား တည်ဆောက်နေမှုကို လည်းကောင်း၊ လမုကျေးရွာနှင့် ကရင်ချောင်းကျေးရွာ ကျေးရွာချင်းဆက် တံတားတည်ဆောက်နေမှုကို လည်းကောင်း၊ တက်သစ်ကျေးရွာနှင့်ကျောက်ကြီးကျေးရွာများအကြား ကျေးရွာချင်းဆက် သံမဏိ သံပေါင်တံတား တည်ဆောက်ရေးအတွက် အရှည်ပေ ၄၀ အနက်ရှိ ပိုင်တိုင်စိုက်ထူခြင်း လုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။ **(သတင်းစဉ်)**

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၅ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၅ဖြင့် ပရဟိတ အကျိုးတော်ဆောင်အလှူရှင်များ(ရန်ကုန်မြို့)အမှုဆောင် ဒေါက်တာအေးအေးနိုင်(ကထိက)သမိုင်းဌာန၊ ဟင်္သာတတက္ကသိုလ်၊ ဒေါက်တာဌေးဌေးနိုင်(ကထိက၊ ဓာတုဗေဒဌာန) ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(နိုင်မိသားစုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)(နိုင်မိသားစု)၏ မိခင်ကြီး ဒေါ်ညွန့်ညွန့်အား သာသနာရေးဆိုင်ရာ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်မိသားစုနှင့် ထပ်တူအထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပရဟိတအကျိုးဆောင်အလှူရှင်များ(ရန်ကုန်မြို့)

နိုင်ငံတကာသတင်း

နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ဘိုကိုဟာရမ်တို့ကို ပြန်လည်တိုက်ထုတ်

ဂွန်ဘေး ဖေဖော်ဝါရီ ၁၅

နိုင်ဂျီးရီးယား တပ်ဖွဲ့ဝင်များက ဂွန်ဘေးမြို့ အရှေ့မြောက်ပိုင်းရှိ ဘိုကိုဟာရမ်တို့ကို ပြန်လည်တိုက်ထုတ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အစ္စလာမ္မစ် စစ်သွေးကြွများသည် အဆိုပါမြို့စွန်ရှိ စစ်ဆေးရေးဂိတ်တစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ဂျက်တိုက်လေယာဉ်တစ်စင်း အသုံးပြုကာ တန်ပြန်တိုက်ခိုက်နိုင်ခဲ့ကြောင်း ၎င်းတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အဆိုပါ ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့များသည် ဘော်နိုပြည်နယ်အနီးရှိ ယင်းတို့၏ ခံတပ်ကိုပြန်လည်ရယူရန်ကြိုးစားခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ နိုင်ဂျီးရီးယားအစိုးရက နိုင်ငံအရှေ့မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားနေ၍ စနေနေ့တွင် ရွေးကောက်ပွဲပြုလုပ်မည့်ကိစ္စကို ရွှေ့ဆိုင်းထားလိုက်သည်။

ဘိုကိုဟာရမ် စစ်သွေးကြွများ ယင်းမြို့များမှ ထွက်ခွာမသွားမီ ဒေသခံပြည်သူများအား ရွေးကောက်ပွဲတွင် မဲမပေးရန် ခြောက်လှန့်စာများ ဖြန့်ဝေခဲ့သည်ဟု ဆိုသည်။

ဂွန်ဘေးမြို့ကို အစိုးရတပ်များက သိမ်းပိုက်ပြီးနောက် ၂၄ နာရီ အပြင်မထွက်ရအမိန့် ထုတ်ပြန်လိုက်သည်။ စစ်သွေးကြွများသည် ဂွန်ဘေးမြို့မှ ၂၅ မိုင်ခန့်အကွာ ဒါဒင်းကိုဝါမြို့ကို ပထမဆုံးတိုက်ခိုက်ခဲ့သည်ဟုဆိုသည်။ ဘိုကိုဟာရမ် စစ်သွေးကြွများသည် နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းဒေသကို ထိန်းချုပ်ထားသည်။

(ဘီဘီစီ)

ယူကရိန်းအရှေ့ပိုင်း အပစ်အခတ်ရပ်စဲမှု အကျိုးရှိဟုဆို

ကီယက်ဗ် ဖေဖော်ဝါရီ ၁၅

ယူကရိန်းတပ်မတော်နှင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများအကြား အပစ်အခတ်ရပ်စဲမှုသည် လက်နက်ကြီးကျည်ဆန်များ နေရာအချို့၌ ကျရောက်မှုရှိခဲ့သော်လည်း အကျိုးသက်ရောက်မှု ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

နှစ်ဖက်စလုံးက စနေနေ့ညသန်းခေါင်ယံမှစတင်ကာ အပစ်အခတ်ရပ်စဲရန် ယင်းတို့၏ တပ်ဖွဲ့ဝင်များထံသို့ အမိန့်ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ယခုသီတင်းပတ်အတွင်း မင့်ခ်မြို့၌ ခေါင်းဆောင်များက အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မရမီ နာရီပိုင်းအတွင်း မဟာဗျူဟာကျသည့် ဒေဘက်ဆေဗီမြို့အနီး တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

ယူကရိန်းသမ္မတ ပိုရိုချန်ကို၊ ရုရှားသမ္မတဗလာဒီမာပူတင်၊ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်တို့၏ ကြားဝင်စေ့စပ်ညှိနှိုင်းမှုဖြင့် ဘီလာရုစ်မြို့တော်မင့်ခ်မြို့၌ အချိန်ကြာမြင့်စွာ အကြိတ်အနယ် ဆွေးနွေးခဲ့ပြီးနောက် ကြာသပတေးနေ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

ဧပြီလအတွင်း ယူကရိန်း အရှေ့ပိုင်းတွင် ပဋိပက္ခစတင်ကတည်းက လူပေါင်း ၅၄၀၀ ကျော် သေဆုံးခဲ့သည်။ သို့သော် ကုလသမဂ္ဂက ထိုအရေအတွက်ထက် ပိုလိမ့်မည်ဟုယုံကြည်ထားသည်။ ယင်းတိုက်ခိုက်မှုသည် ယူကရိန်းအရှေ့ပိုင်းကရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားက သိမ်းသွင်းမှုပြုခဲ့ပြီးနောက် ဖြစ်ပွားခဲ့သည်။

(ဘီဘီစီ)

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၏ ကင်ဆာအကျိတ်ကို ခွဲစိတ်မည်

စင်ကာပူ ဖေဖော်ဝါရီ ၁၅

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကင်ဆာအကျိတ်ကို ဖယ်ရှားရန်တနင်္လာနေ့တွင် ခွဲစိတ်မှုခံယူမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးတာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဝန်ကြီးချုပ် လီရှန်လွန်း ဆေးခွင့်ခံစားနေစဉ်ကာလတွင် ဒုတိယဝန်ကြီးချုပ် တီအိုချီဟန်က အစိုးရအဖွဲ့ကို ဦးဆောင်မည်ဖြစ်ကြောင်း လီ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။

လီသည် ၁၉၉၂ ခုနှစ်ကလည်း သွေးဖြူဥများသောရောဂါရှိကြောင်းတွေ့ ရှိခဲ့ရသော်လည်း ဓာတ်ကင်သောနည်းဖြင့် အောင်မြင်အောင်ကုသနိုင်ခဲ့သည်။ ဝန်ကြီးချုပ်လီအား ခွဲစိတ်ကုသရန် သမားတော်ကြီးများက ဆုံးဖြတ်ခဲ့ကြပြီး မကြာမီ ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

"ကျွန်တော်မနက်ဖြန်မှာ ပြုလုပ်မယ့်ခွဲစိတ်မှုအတွက် အားလုံးပြင်ဆင်ပြီးပါပြီ"ဟု လီက ပြောကြားသည်။ ဝန်ကြီးချုပ်လီ၏ အစိုးရအဖွဲ့အနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် အမျိုးသားဘတ်ဂျက်ကို တင်ပြရန်ရှိပြီး လေ့လာသူများ၏ အဆိုအရ ၎င်းဘတ်ဂျက်သည် တိုင်းပြည်၏ဘဏ္ဍာငွေ တောင့်တင်းမှု၏ရလဒ်ဖြစ်ကြောင်း ဆိုကြသည်။ **စိုးသူရ**

မက္ကဆီကိုနှင့် အမေရိကန်နယ်စပ်အနီးတွင် ရထားနှင့် ဘတ်စ်ကားတိုက်မှု လူ ၁၆ ဦးထက်မနည်းသေဆုံး

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၅

မက္ကဆီကိုနှင့် အမေရိကန်နယ်စပ်အနီးတွင် ဖေဖော်ဝါရီ ၁၃ ရက်ညက ရထားတစ်စင်းနှင့် ဘတ်စ်ကားတိုက်မိခဲ့ရာ လူ ၁၆ ဦးထက်မနည်းသေဆုံးပြီး ၃၀ ခန့်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံပြည်သူများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ မက္ကဆီကိုနိုင်ငံအရှေ့မြောက်ပိုင်း နူဗိုလီယွန်ပြည်နယ် အနာဟွာ့ခ်မြို့တွင် ဒေသစံတော်ချိန် ညနေ ၆ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခင်းဖြစ်ပွားမှု၌ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုခံယူရန်အတွက် ဒေသဆိုင်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ဒေသဆိုင်ရာပြည်သူကာကွယ်ရေးဌာနအကြီးအကဲ ဂျော့ဂျ်ကာမာချိုရင်ကွန်က သတင်းထောက်များကို ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် လူ ၆၀ ခန့်တင်ဆောင်လာခဲ့ရာ မော်တော်ယာဉ်တွင် ဆံ့နိုင်မည့်အတိုင်းအတာထက် ပိုများနေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မက္ကဆီကိုတပ်မတော်သားများနှင့် ဒေသဆိုင်ရာရဲတပ်ဖွဲ့သည် မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိကြောင်း ဒေသခံပြည်သူများ၏ အဆိုအရ သိရသည်။

(ဆင်ဟွာ)

၂၀၁၃ ခုနှစ်တွင် ဘဏ်ပေါင်း ၁၀၀ ကျော်ကို ဟက်ကာများ တိုက်ခိုက်

နယူးယောက် ဖေဖော်ဝါရီ ၁၅

၂၀၁၃ ခုနှစ်တွင် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် နိုင်ငံပေါင်း ၃၀မှ ဘဏ်ပေါင်း ၁၀၀ကျော်တွင် ဒေါ်လာသန်းရာနှင့်ချီ ၍ခိုးယူခြင်းခံခဲ့ရကြောင်း အစီရင်ခံစာအသစ်တွင် ဖော်ပြထားသည်။

ဥရောပ၊ ရုရှားနှင့် တရုတ်ဟက်ကာများပါဝင်သည့် ဟက်ကာအုပ်စုသည်၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းအုပ်စုသည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကိုခိုးယူခဲ့သည့် ကမ္ဘာ့အကြီးဆုံးဘဏ်ဓားပြများဖြစ်သည်ဟု နယူးယောက်တိုင်းမ်က ဖော်ပြထားသည်။

ဟက်ကာများသည် ဘဏ်စနစ်များကိုဝင်ရောက်ရှာဖွေကြည့်ရှုနိုင်သည့် ဆော့ဝဲလ်များကို အသုံးပြုခဲ့သည်။

အစီရင်ခံစာအရ ယူကရိန်းမြို့တော် ကီယက်ဗ်ရှိ အေတီအမ်စက်တစ်ခုသည် တစ်စုံတစ်ဦးက ကတ်ထည့်သွင်းခြင်း(သို့) ခလုတ်နှိပ်ခြင်းမပြုဘဲ ငွေများအချိန်မရွေးထုတ်ယူရရှိနေသည့်အပေါ် ၎င်းကိုစုံစမ်းရန် ရုရှားဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းဖြစ်သည့် ကတ်စပါစကီးကို ခေါ်ယူခဲ့ကြောင်း သိရသည်။

ဟက်ကာများသည် ၎င်းတို့ကို သတိမပြုမိစေရန် ပိုက်ဆံများကို ပမာဏနည်းနည်းစီဖြင့် နိုင်ငံအများအပြားရှိ ဘဏ်စာရင်းများသို့ လွှဲပြောင်းခဲ့သည်။

ငွေအများစုမှာ ရုရှားဘဏ်များမှ ခိုးယူခံရခြင်းဖြစ်ပြီး ဂျပန်၊ နယ်သာလန်၊ ဆွစ်ဇာလန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင်လည်း အလားတူ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ဟက်ကာများသည် ထူးခြားဆန်းပြားသည့်နည်းစနစ်များကို အသုံးပြု၍ အေတီအမ်စက်မှငွေများကို ထုတ်ယူခဲ့ကြသည်။

(ပရက်စ်တီဗွီ)

ရေနံဈေးကွက် တည်ငြိမ်ဖို့ ကျွမ်းကျင်သူများလိုလား

ပေကျင်း ဖေဖော်ဝါရီ ၁၅

ကမ္ဘာ့ရေနံဈေးကွက်သည် ဝယ်လိုအားနှင့်ရောင်းလိုအား မညီမျှသဖြင့် လက်ရှိအခြေအနေမှ ကွဲပြားခြားနားစွာ ကျဆင်းနေသည့် ရေနံဈေးနှုန်းနှင့်အတူ ဈေးကွက်တည်ငြိမ်မှုကို မျှော်လင့်နေကြသည်ဟု ရေနံထုတ်လုပ်မှုလုပ်ငန်း ကျွမ်းကျင်ပညာရှင်တစ်ဦးက ဆိုသည်။

လက်ရှိကမ္ဘာ့ရေနံထုတ်လုပ်မှုစွမ်းရည်သည် တစ်ရက်လျှင် စည်ပေါင်း သုံးသန်းမှ ငါးသန်းအထိ ပိုလွန်လျက်ရှိသည်။ ဈေးကွက်ကို လွှမ်းမိုးထားသည့် အိုပက်ရေနံရောင်းချသည့် နိုင်ငံများအဖွဲ့နှင့်အတူ အမေရိကန်ရှိ ထုတ်လုပ်သူများက ရေနံစိမ်းစံနှုန်းသစ် သတ်မှတ်နိုင်ရန် အပြင်းအထန် ကြိုးပမ်းနေသော်လည်း ထူးခြားမှုမရှိဟု ဆော်ဒီတာတမံစီမံခန့်ခွဲရေးအကြီးအကဲဟောင်း နန်ဆင်ဆယ်လရီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

မကြာသေးမီက ရေနံဈေးနှုန်းဖရိုဖရဲဖြစ်ခဲ့သော်လည်း နိုင်ငံတကာဈေးနှုန်းအရ တည်ငြိမ်မှုရှိနိုင်မည်။ သို့သော် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထိ မည်သည့်နည်းနှင့်မျှ ရောက်ရှိနိုင်မည်မဟုတ်ဟု ဆယ်လရီက ခန့်မှန်းခဲ့သည်။ ထို့အပြင် လေ့လာဆန်းစစ်တွက်ချက်မှုများအရ ဈေးနှုန်းသည် ရေနံတစ်စည်လျှင် ဒေါ်လာ ၂၀ သို့မဟုတ် ၃၀ အထိ ထိုးကျမည့်အနေအထားမရှိကြောင်း ၎င်းက ပြောသည်။

"ဒေါ်လာ ၆၀ ကနေ ၈၀ ဝန်းကျင်လောက်မှာ ရပ်တန့်နေဆဲဖြစ်တဲ့ ရေနံဈေးနှုန်းကို ဒေါ်လာ ၉၀ ထိဖြစ်ဖို့ ဒါမှမဟုတ် လာမယ့် ၆လကနေ ၁၂ လအတွင်းမှာ နိုင်ငံတကာပုံမှန် ရေနံဈေးကွက်သစ်တစ်ခုတည်ထောင်တာကို မြင်ရဖို့ ကျွန်တော်တို့ မျှော်လင့်ထားတယ်"ဟု ဟူစတန်အခြေစိုက် စက်မှုလုပ်ငန်းအကြံပေးကိုယ်စားလှယ်လည်းဖြစ်၊ QRI တွဲဖက်တည်ထောင်သူလည်းဖြစ်သည့် ဥက္ကဋ္ဌဖြစ်သူ ဆယ်လရီက ပြောကြားသည်။ ရေနံဈေးနှုန်းသည် ယခုနှစ်အတွက် ပထမဆုံးအကြိမ်အဖြစ် သောကြာနေ့က ဒေါ်လာ ၆၀ အထိ မြင့်တက်ခဲ့သည်။

(ဆင်ဟွာ)

အသတ်ခံရသော မက်ဆီကန်အလုပ်သမားအတွက် လူ ၁၀၀ ကျော်ဆန္ဒပြ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၅

ရာပေါင်းများစွာသော လူများသည် အမေရိကန်ရဲများ၏ ပစ်ခတ်မှုကြောင့်သေဆုံးသွားသည့် လက်နက်မဲ့မက်ဆီကန်ဖွား သစ်သီးခြံအလုပ်သမား သေဆုံးမှုကို ပြင်းပြင်းထန်ထန်ဝေဖန်ရှုတ်ချရန် ဝါရှင်တန်ရှိ လမ်းများပေါ် စုဝေးခဲ့ကြသည်။

အသေပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ပက်စ်ကို မြို့တွင်းငြိမ်းချမ်းစွာ ဆန္ဒပြသူများသည် "ကျွန်ုပ်တို့တရားမျှတမှုကိုလိုချင်သည်"ဟု အော်ဟစ်ခဲ့ကြသည်။ ဆန္ဒပြသူများသည် အသေပစ်ခတ်ခံခဲ့ရသော အသက် ၃၅ နှစ်အရွယ်ရှိ အန်တိုနီယို ဇန်ဘရာနိုမွန်တီ၏ဓာတ်ပုံကိုကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။

လူ ၅၀၀ သည် ဖော်လန်တီယာပန်းခြံတွင်စုဝေးခဲ့ကြပြီး လူးဝစ်လမ်းနှင့် ဒသမမြောက် ရိပ်သာလမ်းသို့ ချီတက်သွားခဲ့ကြောင်း ပက်စ်ကိုရဲများက ပြောသည်။

သေနတ်ဖြင့် အပစ်ခံရသူသည် ရဲအရာရှိများအား ကျောက်ခဲများနှင့် ခြောက်လှန့်ပစ်ပေါက်ခဲ့သည်ဟု ရဲက စွပ်စွဲပြောဆိုသည်။

ရဲများကြောင့် လက်နက်မဲ့ အမေရိကန်လူမည်းများ သေဆုံးရခြင်းအတွက် အမေရိကန်ပြည်သူများ ဒေါသထွက်လျက်ရှိသည်။

စွဲချက်တင်ရန် သက်သေခံ အထောက်အထား ရှိ မရှိ ဆုံးဖြတ်ရသော ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် မစ်ဆောရီနှင့် နယူးယောက်ရှိ လူဖြူရဲအရာရှိနှစ်ဦးကို စွဲချက်တင်နိုင်ခြင်း မရှိသည့်အတွက် အမေရိကန်ပြည်သူများ မကျေမနပ်ဖြစ်နေကြသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

Police Open Day အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပ ပြည်သူနှင့် ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော် ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့က ယနေ့ နံနက် ၁၀ နာရီတွင် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ရဲတပ်ဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများနှင့် အထောက်အကူပြုပစ္စည်းများကို ပြည်သူများ သိရှိလေ့လာနိုင်ရန်နှင့် ပြည်သူဗဟိုပြုရဲလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့နှင့် ပြည်သူတို့ ခင်မင်ရင်းနှီးစွာဖြင့် ရဲတပ်ဖွဲ့လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ Police Open Day အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

Police Open Day အခမ်းအနားဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ လုံခြုံရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့တို့မှ ရဲအရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် EU (European Union) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘင်ခရာတီးဝိုင်းဖြင့် ဖွင့်လှစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့များဖြစ်သော လုံခြုံရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့၊ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့နှင့် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့အလိုက် လုပ်ငန်းတာဝန်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ရဲတပ်ဖွဲ့သုံး မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို ခင်းကျင်းပြသခဲ့ပြီး လေ့လာသူများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများ စုစုပေါင်း ၃၀၀၀ ခန့်လာရောက်၍ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းမှ ဖျော်ဖြေခဲ့ကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပျော်ရွှင်ဖွယ် ဂိမ်းကစားနည်းများကိုယှဉ်ပြိုင် ကစားစေခြင်းများအပြင် အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အမျိုးသားဘောလုံးပြိုင်ပွဲတွင် စစ်ကိုင်းအသင်း၏တိုက်စစ်ကို ဧရာဝတီအသင်းဟန့်တားစဉ်။

❖ *ကျော်ဖုံးမှ*

၁ နာရီ ၂၆ မိနစ် ၀၉ စက္ကန့်ဖြင့် ပထမ၊ စစ်ကိုင်းက ၁ နာရီ ၂၆ မိနစ် ၄၇ စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီက ၁ နာရီ ၃၄ မိနစ် ၁၄ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား ၇၀ ကီလိုမီတာ အသင်းလိုက်စံချိန်ပြုပြိုင်ပွဲတွင် မန္တလေးက ၁ နာရီ ၃၉ မိနစ် ၃၃ စက္ကန့်ဖြင့် ပထမ၊ ရန်ကုန်က ၁ နာရီ ၄၁ မိနစ် ၂၁ စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီက ၁ နာရီ ၄၂မိနစ် ၃၈ စက္ကန့်ဖြင့် တတိယရရှိကြသည်။

ရေကူးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ အမျိုးသမီး မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် ရွှန်းလဲ့မော်ဦး(ရန်ကုန်)က ၅ မိနစ် ၀၀. ၁၆ စက္ကန့်ဖြင့် ပထမ၊ အိဇင်မင်းမျိုး(ရန်ကုန်)က ၅မိနစ် ၃၄. ၀၄ စက္ကန့်ဖြင့် ဒုတိယ၊ ငြိမ်းချယ်ရီထွန်း(မန္တလေး)က ၅ မိနစ် ၅၉. ၄၁ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် အံ့ကောင်းထွန်း(ရန်ကုန်)က ၄ မိနစ် ၄၇. ၁၆ စက္ကန့်ဖြင့် ပထမ၊ သင့်မြတ်(ပဲခူး)က ၄ မိနစ် ၅၉. ၂၃ စက္ကန့်ဖြင့် ဒုတိယ၊ ထက်ထက်ထိုက်(တနင်္သာရီ)က ၅ မိနစ်၀၆. ၂၈ စက္ကန့်ဖြင့်တတိယ၊ အမျိုးသမီးမီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ခန့်ခန့်စုစံ(ရန်ကုန်)က ၁ မိနစ် ၁၆. ၆၂ စက္ကန့်ဖြင့် ပထမ၊ အမျိုးသားမီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ဇင်သူထက်(ရန်ကုန်)က ၁ မိနစ် ၀၈. ၄၂ စက္ကန့်ဖြင့် ပထမ၊ သင့်မြတ်(ပဲခူး)က ၁ မိနစ် ၁၀. ၅၁ စက္ကန့်ဖြင့် ဒုတိယ၊ ဇာနည်အောင်(နေပြည်တော်)က ၁ မိနစ် ၁၆. ၄၄ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း လေးမျိုးကူးပြိုင်ပွဲတွင် ရန်ကုန်က ၄မိနစ် ၅၀. ၁၉ စက္ကန့်ဖြင့် ပထမ၊ မန္တလေးက ၅ မိနစ် ၀၇. ၁၁ စက္ကန့်ဖြင့် ဒုတိယ၊ ပဲခူးက ၅ မိနစ် ၁၉. ၃၅ စက္ကန့်ဖြင့် တတိယအသီးသီးရရှိကြသည်။

စစ်တုရင်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိဆိုရှယ်ဇုန်၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာစစ်တုရင်အလွတ်တန်းပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင် လူငယ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

တင်းနစ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိတင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသားအသင်းလိုက် အကြိုဗိုလ်လုပွဲတွင် ပဲခူးက ရန်ကုန်ကိုလည်းကောင်း၊ ရခိုင်က မန္တလေးကိုလည်းကောင်း အနိုင်ရကြပြီး၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ တင်မျိုးဝေ(ရန်ကုန်)၊ ပီတာဖုံဟေးကျုံး (နေပြည်တော်)၊ အောင်မျိုးသန့်(ပဲခူး)၊ ဖြိုးသူလွင်(မန္တလေး)၊ အောင်ရတနာဖြိုး (နေပြည်တော်)တို့ အသီးသီးအနိုင်ရကြသည်။

ခရစ်ကက်ပြိုင်ပွဲကို နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်းများ၌ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပဲခူးက ကချင်ကို 7 Wicket ဖြင့်လည်းကောင်း၊ ကယားက ရခိုင်ကို (၃၈)မှတ် အသာဖြင့်လည်းကောင်း၊ ရန်ကုန်က ရှမ်းကို(၃၆)မှတ်အသာဖြင့်လည်းကောင်း၊ တနင်္သာရီက ချင်းကို ငါးမှတ်အသာဖြင့် လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် နေပြည်တော်က ရခိုင်ကို 1 Wicket ဖြင့် လည်းကောင်း၊ ပဲခူးက ဧရာဝတီကို 2 Wicket ဖြင့်လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ဂေါက်သီးပြိုင်ပွဲကို နံနက် ၇ နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ တတိယနေ့အပြီးတွင် အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၌ ရန်ကုန်က စုစုပေါင်းရိုက်ချက် ၆၅၈ ချက်ဖြင့် ပထမ၊ မန္တလေးက စုစုပေါင်းရိုက်ချက် ၆၆၈ ချက်ဖြင့် ဒုတိယ၊ နေပြည်တော်က စုစုပေါင်း ရိုက်ချက် ၆၈၅ ချက်ဖြင့် တတိယ၊ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ရန်ကုန်က စုစုပေါင်းရိုက်ချက် ၂၉၉ ချက်ဖြင့် ပထမ၊ ရခိုင်က စုစုပေါင်း ရိုက်ချက် ၃၁၇ ချက်ဖြင့် ဒုတိယ၊ နေပြည်တော်က စုစုပေါင်းရိုက်ချက် ၃၁၇ ချက်ဖြင့် တတိယ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ကျော်သက်ဦး (တနင်္သာရီ)က စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် ပထမ၊ ဟိန်းစည်သူ (ချင်း)က စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် ဒုတိယ၊ မင်းနိုင်စိုး(ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၂၁၉ ချက်ဖြင့် တတိယ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင်(ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၁၄၈ ချက်ဖြင့် ပထမ၊ မေဦးခိုင်(ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် ဒုတိယ၊ ခင်မာနွယ်(ရခိုင်)က စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် တတိယ ရရှိနေကြသည်။

❋ *ကျော်ဖုံးမှ*

မြန်မာယူ-၂၂ အသင်းသည် မတ်လနောက်ဆုံးပတ်တွင် ကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲအတွက်ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်လျက်ရှိသည်။ အဆိုပါ ခြေစမ်းပွဲများတွင် ကွင်းဝင်ကြေးအဖြစ် အထူးတန်း-ကျပ်သုံးထောင်၊ ရိုးရိုးတန်း နှစ်ထောင်သတ်မှတ်ထားသည်။

မိုးလေဝသအခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။



အမျိုးသား ၇၀ ကီလိုမီတာအသင်းလိုက် စံချိန်ပြုပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးရှိ စိတ်ပါဝင်စားသူ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ မည်သူမဆို တက်ရောက်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တိုက်ခန်း(မြေညီ)ရောင်းမည်

(ညှိနှိုင်းဈေး) (ပွဲစားမလိုပါ)

ဥပဒေရေးရာ

ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲကော်မရှင် အသစ်ပြန်ဖွဲ့ရန် ဘာကြောင့်ပြောနေကြသလဲ

ကိုကိုနိုင်

မြန်မာသံတော်ဆင့်ဂျာနယ်တွင် ဖော်ပြချက်သတင်း

မြန်မာသံတော်ဆင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် - ဖေဖော်ဝါရီလ ၆ ရက်နေ့ထုတ် စာစောင်၏ စာမျက်နှာ(၁၃)တွင် "ရွေးကောက်ပွဲ ကော်မရှင် အသစ်ပြန်ဖွဲ့ရန် လက်မှတ်ထိုးဆန္ဒဖော်ထုတ်မှု ကနဦးလက်မှတ် ၂၀၀ ကျော် ရရှိ"ဆိုသော သတင်းဖော်ပြချက်တစ်ရပ်ကို ဖတ်ရှုလိုက်မိသည်။ ယင်းသတင်းတွင် -

"စစ်ဗိုလ်ဟောင်းအများစုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖျက်သိမ်းပြီး အသစ်ပြန်လည်ဖွဲ့စည်းပေးရန်အတွက် လက်မှတ်ရေးထိုးသည့် လှုပ်ရှားမှုတစ်ရပ်ကို ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်က ဦးဆောင်ကာ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်၌ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြုလုပ်ခဲ့ရာ ကနဦးလက်မှတ် ၂၀၀ ခန့်ရရှိပြီဖြစ်ကြောင်း အဆိုပါအဖွဲ့ အတွင်းရေးမှူး ဦးမြတ်ကျော်က ဇန်နဝါရီလ ၂၈ ရက်နေ့တွင် မြန်မာသံတော်ဆင့်သို့ပြောသည်"ဟူ၍ လည်းကောင်း၊

"ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသူအဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမယ်ဆိုတော့ ဘယ်လိုသတ်မှတ်မှာလဲ၊ အရှေ့ကပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ ဆန့်ကျင်ပြီး ဥပဒေပညာရှင်လည်းမဟုတ်ဘဲနှင့် အငြိမ်းစားဗိုလ်ချုပ်တစ်ယောက်ကို နိုင်ငံတော်သမ္မတက ထင်ပေါ်ကျော်ကြား ဂုဏ်သတင်းရှိသူလို့ သတ်မှတ်ရင်တော့ နိုင်ငံတော်သမ္မတ ဂုဏ်သိက္ခာကိုပါ ထိခိုက်နိုင်တဲ့ အနေအထားတွေ့ရတယ်။ ကြံ့ခိုင်ရေးပါတီက ထိပ်တန်းတာဝန်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က ရွေးကောက်ပွဲကော်မရှင် လုပ်နေတယ်ဆိုတော့ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်နိုင်လိမ့်မယ်လို့ ကျွန်တော်ကမထင်ဘူးဟု ဦးမြတ်ကျော်က သံတော်ဆင့်သို့ပြောသည်"ဟူ၍လည်းကောင်း၊

"လက်ရှိကော်မရှင်က တည်ဆဲ ၂၀၁၂ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရယ်၊ တည်ဆဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရယ်၊ လက်ရှိကော်မရှင်က မကိုက်ဘူး၊ အဲဒီအလုပ်ကို ဘယ်သူလုပ်ရမှာလဲဆိုတော့ နံပါတ်(၁)တာဝန်ရှိသူက နိုင်ငံတော်သမ္မတ၊ နံပါတ်(၂) ဘယ်သူ့မှာတာဝန်ရှိလဲဆိုတော့ လွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြဋ္ဌာန်းထားတာ သုံးနှစ်ပြည့်တော့မယ်။ ဒီနေ့အထိ လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေနဲ့ညီတဲ့ ကော်မရှင်တစ်ရပ်ကို သမ္မတက မဖွဲ့သေးဘူးဟု တရားလွှတ်တော်ရှေ့နေ ဦးကိုနီက မြန်မာသံတော်ဆင့်သို့ ပြောသည်"ဟူ၍လည်းကောင်း၊

"ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဆိုတာ လုံးဝသမာသမတ်ကျကျနေရမယ်၊ လက်ရှိအာဏာရပါတီက ပုဂ္ဂိုလ်တွေနဲ့ နီးနီးကပ်ကပ်နေလို့မရဘူး၊ အတူတကွ ခရီးသွားလာလို့မရဘူး၊ အဲဒီဟာ ဘာကိုပြတုံးဆိုတော့ အမြင်အရကိုက သူဟာ ဒီပါတီတစ်ခုကိုဘက်လိုက်နေတယ်၊ တရားသဖြင့် လုပ်ပေးမယ့် သဘောမရှိဘူး၊ မယုံကြည်မှုကို ဖြစ်စေတယ်၊ နောက်ပြောတဲ့ဆိုတဲ့ စကားတွေဟာ နိုင်ငံရေးစကား သူမပြောရဘူး၊ အာဏာသိမ်းမယ်ဆိုတာ မပြောရဘူး၊ ဒါတွေက ကော်မရှင်ဥက္ကဋ္ဌတစ်ယောက်နဲ့ မဆီလျော် မအပ်စပ်တာတွေကို ပြောနေတာဖြစ်တဲ့အတွက် ပြည်သူလူထု ယုံကြည်အားထားဖို့ဆိုတာ မဖြစ်နိုင်ဘူးဟု ရှေ့နေဦးကိုနီက ဆက်လက်ဝေဖန်ပြောကြားသည်"ဟူ၍ လည်းကောင်း ဖော်ပြရေးသားထားသည်ကို ဖတ်ရှုရသည်။

Hot News ဂျာနယ်တွင် ဖော်ပြချက်သတင်း

ထို့ပြင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၆ရက် - ၁၂ ရက်နေ့ထုတ် Hot News ဂျာနယ်၊ စာမျက်နှာ (၂၃)တွင် "သန့်ရှင်းတဲ့ ကော်မရှင်ရှိမှ ရွေးကောက်ပွဲ လွတ်လပ်မယ်"ဆိုတဲ့ ခေါင်းစဉ်ဖြင့် ရေးသားထားသော သတင်း တစ်ပုဒ်ကိုလည်း ဖတ်ရှုရပြန်ပါသည်။ ယင်းသတင်းတွင် -

"လက်ရှိတာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှာ ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ ဥပဒေအရ တရားမဝင်ကြောင်း ရှင်းလင်းဟောပြော၍ ဥပဒေနှင့်အညီ လွတ်လပ်သော ကော်မရှင်တစ်ရပ် ပြန်လည်ဖွဲ့စည်းပေးရန် လက်မှတ်ရေးထိုး တောင်းဆိုခြင်း အခမ်းအနားအား ဖေဖော်ဝါရီလ ၁ ရက်နေ့က တောင်ဥက္ကလာပမြို့နယ်၊ စိတ်တိုင်းကျ စားသောက်ဆိုင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်" ဟူ၍ လည်းကောင်း၊

"ယင်းအခမ်းအနားကို ဒီမိုကရေစီရေး လူထုလှုပ်ရှားမှု မြှင့်တင်ရေးကွန်ရက်နှင့် အရပ်ဘက်အဖွဲ့အစည်းများက ဥပဒေပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်ညီသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ် ပြန်လည်ဖွဲ့စည်းပေးရန် တာဝန်အရှိဆုံးဖြစ်သည့် နိုင်ငံတော်သမ္မတသို့ ပြည်ထောင်စုလွှတ်တော်မှ သဝဏ်လွှာပို့၍ ဆောင်ရွက်ပေးစေလိုကြောင်း တရားရုံးချုပ်ရှေ့နေ ဦးကိုနီက ပြောကြားသည်"ဟူ၍လည်းကောင်း၊

"၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ၂၀၁၀ မှာ ပြဋ္ဌာန်းခဲ့တဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအရ တရားမဝင်ဘူးဖြစ်နေပါတယ်"ဟူ၍ လည်းကောင်း၊

"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေ ဆိုင်ရာအမိန့်အမှတ် ၁/၂၀၁၀ အရ ဖွဲ့စည်းခဲ့တာဖြစ်ပြီး ၂၀၁၂ ခုနှစ်၊ မတ်လမှာ ဒီဥပဒေကို ရုပ်သိမ်းလိုက်ပြီဖြစ်လို့ ကော်မရှင်ရဲ့ တရားဝင်မှုကို စဉ်းစားရတော့မှာ ဖြစ်ပါတယ်၊ နိုင်ငံတော်သမ္မတကို လွှတ်တော်ကလည်း တောင်းဆိုပေးရပါမယ်"ဟူ၍လည်းကောင်း၊

"၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးက နီးကပ်နေပါပြီ။ သန့်ရှင်းမယ်လို့ ယူဆရတဲ့ ကော်မရှင်ရှိမှ ရွေးကောက်ပွဲဆိုတာ လွတ်လပ်ပြီး တရားမျှတမှာပါဟု ဦးကိုနီကဆိုသည်။ အခမ်းအနားအပြီးတွင် တက်ရောက်သူအားလုံးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ် ပြန်လည်ဖွဲ့စည်းပေးရန် လက်မှတ်ရေးထိုးတောင်းဆိုလိုက်ကြကြောင်း သိရသည်"ဟူ၍ လည်းကောင်း ရေးသားဖော်ပြထားသည်။

ယင်းသတင်းများ၏အပေါ်တွင် ဦးကိုနီ ဟောပြောနေသည့် ဓာတ်ပုံပါရှိပြီး အခမ်းအနား၏ နောက်ခံစာတမ်းတွင် "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေကြောင်းအရ တရားမဝင်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဥပဒေနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းပေးရန်"ဟူ၍ ရေးသားဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

ဖော်ပြပါဂျာနယ်နှစ်ခုတွင် ဖော်ပြထားသည့် သတင်းနှစ်ခုကို ဖတ်ရှုပြီးသည့်အခါ နိုင်ငံသားတစ်ဦးအနေဖြင့် စိတ်မသက်မသာဖြစ်ရသည်။ လေးငါးခေါက်လောက် အသေအချာဖတ်ရှုကြည့်သည်။ ဤကဲ့သို့ ပြောကြားကြရလောက်အောင် အကြောင်းခြင်းရာအရလည်း ခိုင်မာလုံလောက်သည့် အကြောင်းအချက်များ မတွေ့ရ။ ဥပဒေကြောင်းအရလည်း မှန်မှန်ကန်ကန် သုံးသပ်ဖော်ပြထားသည်ကို မတွေ့ရ။ မည်သို့သောအကြောင်းကြောင့် ဒီလိုတွေ ပြောနေရသလဲ၊ ဘာကိုဆိုလိုချင်နေတာလဲ၊ ဘာကိုပြောချင်နေတာလဲဆိုတာ တွေးပြီးရင်း တွေးနေမိသည်။ နိုင်ငံသူ နိုင်ငံသားတွေ နားလည်မှုလွဲသွားမည်ကို စိုးရိမ်မိသည်။ နိုင်ငံသူ နိုင်ငံသားတွေ အမှန်ကိုအမှန်အတိုင်း သိမြင်နားလည်သဘောပေါက်ကြစေဖို့လိုသည်။ ဒါကြောင့် ဤကဲ့သို့ရေးသား၍ အသိပေးလိုက်ရခြင်းဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၉-၅-၂၀၀၈ ရက်စွဲပါ ကြေညာချက်အမှတ် (၇/၂၀၀၈) ဖြင့် ကြေညာသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အသီးသီးဖွဲ့စည်းရန် လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်တင်မြှောက်ရန်၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရန်၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုအစိုးရအဖွဲ့ကိုဖွဲ့စည်းရန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်ဖွဲ့စည်းတာဝန်ပေးရန် လိုအပ်လာသည်။ ယင်းကိစ္စများ ဆောင်ရွက်နိုင်ရေးအတွက် ပထမဦးဆုံး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ကြီးမှာ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများက ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ကြရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံနိုင်ကြစေရန် နိုင်ငံရေးပါတီအသီးသီးကို တည်ထောင်ကြရမည်။ သို့ဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁ /၂၀၁၀) အပါအဝင် အောက်ပါဥပဒေများကို ပြဋ္ဌာန်းပေးခဲ့ပါသည် -

(က) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)

(ခ) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၃/၂၀၁၀)

(ဂ) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၁၀)

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၁၀)

ယင်းဥပဒေများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းခြင်းဖြစ်သည်။ ပုဒ်မ ၄၄၃ ၏ ပြဋ္ဌာန်းချက်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည့်ပုဒ်မဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ကြိုတင်ဆောင်ရွက်သည့်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ဖွဲ့စည်းခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ (၃)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ၁၁-၃-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၁၀) ဖြင့် ဖွဲ့စည်းပေးခဲ့သည်။ ယင်းအဖွဲ့တွင် ဦးသိန်းစိုးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။ ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာတွင် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ ပါ အခွင့်အာဏာအရ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပေးခဲ့ခြင်း မဟုတ်ပါ။ ယင်းအချိန်က ဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဏာတည်ခြင်း မရှိသေးပါ။

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ အရ ဖွဲ့စည်းသော ကော်မရှင်၏သက်တမ်းမှာ နိုင်ငံတော်သမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီးသည့်အချိန်အထိ ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၇ တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သက်တမ်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈ (က) အရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ် ပြဋ္ဌာန်းသည့် အချိန်တွင် ကုန်ဆုံးသွားပြီဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုလွှတ်တော် စတင်ကျင်းပသည့်နေ့ဖြစ်သည့် ၃၁ -၁ -၂၀၁၁ ရက်နေ့တွင် နိုင်ငံတော်တစ်ဝန်းလုံး၌ စတင်အာဏာတည်ပါသည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၁ ပါ ပြဋ္ဌာန်းချက်အရ)

တစ်ဆက်တည်းပင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အစည်းအဝေးများကို ကျင်းပ၍ ယင်းလွှတ်တော်အသီးသီး၏ သဘာပတိတစ်ဦးစီကို တင်မြှောက်ခြင်း၊ ဥက္ကဋ္ဌတစ်ဦးစီနှင့် ဒုဥက္ကဋ္ဌတစ်ဦးစီကို ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံတော်ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ခြင်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အပါအဝင် အစိုးရအဖွဲ့၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ကိုရယူပြီး ဖွဲ့စည်းခန့်အပ်တာဝန်ပေးခဲ့သည်။

ဤကဲ့သို့ ပြောကြားကြရလောက်အောင် အကြောင်းခြင်းရာအရလည်း ခိုင်မာလုံလောက်သည့်အကြောင်းအချက်များ မတွေ့ရ။ ဥပဒေကြောင်းအရလည်း မှန်မှန်ကန်ကန် သုံးသပ်ဖော်ပြထားသည်ကို မတွေ့ရ။ မည်သို့သော အကြောင်းကြောင့် ဒီလိုတွေပြောနေရသလဲ၊ ဘာကိုဆိုလိုချင်နေတာလဲ၊ ဘာကိုပြောချင်နေတာလဲဆိုတာ တွေးပြီးရင်း တွေးနေမိ

စာမျက်နှာ ၇ သို့

ဥပဒေရေးရာ

စာမျက်နှာ ၆ မှ

နိုင်ငံတော်သမ္မတသည် ၃၀-၃-၂၀၁၁ ရက်စွဲပါ အမိန့်အမှတ် ၃/၂၀၁၁ ဖြင့် ဦးတင်အေးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ ယင်းအမိန့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)တို့အရ ခန့်အပ်တာဝန်ပေးအပ်ကြောင်း အတိအလင်းဖော်ပြထားသည်။ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ခန့်အပ်တာဝန်ပေးကြောင်း ဖော်ပြမထားပါ။

နိုင်ငံတော်သမ္မတသည် ၃၀-၃-၂၀၁၁ ရက်စွဲပါ အမိန့်အမှတ် ၁၂/၂၀၁၁ ဖြင့် ဦးမြင့်နိုင် အပါအဝင် အဖွဲ့ဝင်ခြောက်ဦးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ ယင်းအမိန့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈)တို့အရ ခန့်အပ်တာဝန်ပေးအပ်ကြောင်း အတိအလင်းဖော်ပြထားသည်။ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ခန့်အပ်တာဝန်ပေးကြောင်း ဖော်ပြမထားပါ။

ယခုဖော်ပြသည့်အမိန့်အမှတ် ၃/၂၀၁၁ နှင့် ၁၂/၂၀၁၁ တို့ကို ထုတ်ပြန်လိုက်သည့်အချိန်တွင် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ဖွဲ့စည်းထားသော ကော်မရှင်သည် ပျက်ပြယ်သွားသည်။ ယင်းကော်မရှင်၏ သက်တမ်းပြီးဆုံးသွားသည်။ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် စုစုပေါင်း ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ ဤအမိန့်စာတွင်မပါရှိသော ကော်မရှင်အဖွဲ့ဝင်များသည် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်မရတော့ပါ။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ယခုလက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရဖွဲ့စည်းသော ကော်မရှင်မဟုတ်ဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်ဖြစ်ကြောင်း အထင်အရှားမြင်သာနေသည်။ သို့ပါလျက် ယခုလက်ရှိ ရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်ဖြစ်သည်ဟု ဇွတ်အတင်းပြောဆိုနေခြင်းသည် ပြောနေဆိုနေကြသူများအဖို့ အထူးသဖြင့် ဥပဒေပညာရှင်များအဖို့ အင်မတန်မှ ရှက်ဖွယ်လိလိ မြင်တွေ့ရပေသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပြဋ္ဌာန်းခြင်း

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပထမအကြိမ် လွှတ်တော်အသီးသီး ပေါ်ပေါက်လာရေးနှင့် လွှတ်တော်အသီးသီးကို ရွေးကောက်တင်မြှောက်ပွဲများ ပြုလုပ်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

သို့ပါ၍ ၂၀၁၂ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်၍ ပြဋ္ဌာန်းခြင်းမပြုနိုင်ပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈(ခ)တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတွင် ရှိရမည့် အရည်အချင်းများအတိုင်းပင် ပြဋ္ဌာန်းသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေအားလုံး၏အခြေခံဥပဒေဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပြီးဖြစ်သည်။ ယင်းကော်မရှင်၏သက်တမ်းသည်လည်း နိုင်ငံတော်သမ္မတ၏ သက်တမ်းအတိုင်းဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ယင်းက ခန့်အပ်ဖွဲ့စည်းတာဝန်ပေးထားသောကော်မရှင်အား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းပြုလုပ်၍သာ ကော်မရှင်အသစ် ပြန်လည်ဖွဲ့စည်းမည်ဖြစ်သည်။ ထိုသို့ စွပ်စွဲပြစ်တင်ခြင်းမရှိက ၎င်း၏သက်တမ်းနှင့်အညီသာ တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။ သို့ပါ၍ ၂၀၁၂ ခုနှစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေအရ နိုင်ငံတော်သမ္မတအနေဖြင့် ကော်မရှင် အသစ်တစ်ရပ် ပြင်ဆင်ဖွဲ့စည်းပေးရန် အကြောင်းပေါ်ပေါက်မည် မဟုတ်ပါ။

အလားတူကိစ္စရပ်နှင့် ထပ်တူထပ်မျှဖြစ်သော ဥပဒေအကြောင်းအချက်ကို ဥပမာအနေဖြင့် ပြောလိုသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့ကို ပထမအကြိမ်လွှတ်တော်များ၏အစည်းအဝေးများကပင် ရွေးချယ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အသီးသီးက ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ထို ၂၀၁၀ ပြည့်နှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၂/၂၀၁၀) ကို ရုပ်သိမ်း၍ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေအသစ်ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည်။

ထိုနည်းတူ ၂၀၁၂ ခုနှစ်တွင် ထို ၂၀၁၀ ပြည့်နှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၃/၂၀၁၀)ကို ရုပ်သိမ်း၍ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေအသစ်ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည်။

[၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁ /၂၀၁၀) ကို ရုပ်သိမ်း၍ ၂၀၁၂ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအသစ်ကို ပြဋ္ဌာန်းပေးခဲ့သကဲ့သို့ ထပ်တူဖြစ်သည်။]

၂၀၁၂ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သော ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေနှင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဥပဒေများတွင်လည်း ယင်းလွှတ်တော်အသီးသီး၏ သဘာပတိများ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ရွေးချယ်တင်မြှောက်ပုံတို့ကို ထည့်သွင်းပြဋ္ဌာန်းထားသည်။ သို့ဖြစ်လျှင် ၂၀၁၂ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ သဘာပတိတင်မြှောက်ခြင်း၊ လွှတ်တော်များ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြန်လည်ဆောင်ရွက်ရမည်လား စောဒကတက်စရာရှိပါမည်။ သို့ရာတွင် အဖြေကရှင်းနေပါသည်။ ပြန်လည်အသစ်ရွေးချယ်တင်မြှောက်ရန် မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းတို့ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဥပဒေကြောင်းအရ ဤသို့ထင်ရှားစွာ ပေါ်ပေါက်နေပါလျက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးအပ်ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို လက်အောက်ခံ ဥပဒေတစ်ရပ်ဖြစ်သော ၂၀၁၂ ခုနှစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေအရ အသစ်ပြန်လည်ရွေးချယ်ရန် လိုအပ်သည်ဟု ပြောနေကြ ဆိုနေကြသူများသည် ဥပဒေကြောင်းအပေါ် မှန်ကန်စွာ လေ့လာသုံးသပ်မှု အားနည်းနေကြသူများ ဖြစ်ကြပေမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖွဲ့ဝင်များ၏ အရည်အချင်းများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈(ခ)မှာ ပြဋ္ဌာန်းထားသည် -

၁။ အသက် (၅၀)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

၂။ အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

၃။ (ကက) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တရားသူကြီးအဖြစ်ဖြစ်စေ အလားတူ ရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ၊ အနည်းဆုံး (၅)နှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည်။ (သို့မဟုတ်)

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)

(ဂဂ) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး (၂၀) နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူဖြစ်ရမည်။ (သို့မဟုတ်)

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။

၄။ သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်။

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူ ဖြစ်ရမည်။

၆။ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။

၇။ နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

၈။ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည်။

၉။ လစာနှင့်စရိတ်၊ ငွေကြေးရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်။

အဆိုပါ အရည်အချင်းသတ်မှတ်ချက်၏ ပုဒ်မခွဲ (၃) တွင် ပုဒ်မခွဲငယ် (ကက)မှ (ဃဃ) အထိသည် တစ်ခုမဟုတ်တစ်ခုဖြစ်ရမည်ဟု "သို့မဟုတ်" ခံ၍ ပြဋ္ဌာန်းထားခြင်းကို အထူးဂရုပြုကြဖို့လိုပါမည်။ သို့မဟုတ် ခံထားပါသည် သေချာဖတ်ကြည့်ကြပါ။

နိုင်ငံတော်သမ္မတသည် ယင်းအရည်အချင်းများနှင့် ကိုက်ညီသောပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်၍ ပြည်ထောင်စုလွှတ်တော်သို့ အမည်စာရင်းတင်သွင်းခဲ့သည်။ ပြည်ထောင်စုလွှတ်တော်ကလည်း သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီသူများဖြစ်ကြောင်း စိစစ်တွေ့ရှိ၍ အတည်ပြုပေးခဲ့သည်။ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အမိန့်စာများ ထုတ်ပြန်၍ ဖွဲ့စည်းခန့်အပ်တာဝန်ပေးခဲ့သည်။ သို့ဆိုလျှင် ယခုဖွဲ့စည်းထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဘာကြောင့် တရားမဝင်ဘူးဆိုပြီး ပြောနေကြသလဲ။ တွေးရင်းတွေးရင်း စဉ်းစားမိသည်မှာ-

ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်နေသော ဥပဒေနှင့်အညီ လွတ်လပ်မျှတသော ရွေးကောက်ပွဲကြီးဖြစ်စေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေသော ယခု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်၍ ၂၀၁၅ ရွေးကောက်ပွဲကြီးကို ကျင်းပလျှင် မိမိတို့လိုလားသော ပါတီ အနိုင်မရမည်ကို စိုးရိမ်နေလို့များလား၊

အကယ်၍များ ၂၀၁၅ ရွေးကောက်ပွဲကြီးတွင် မိမိတို့လိုလားသော ပါတီ အနိုင်မရခဲ့လျှင် ယခုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်ကျင်းပခဲ့၍သာ အနိုင်မရရှိခြင်းဖြစ်သည်ဟူ၍ ဆင်ခြေဆင်လက်ပေးဖို့ ကြိုကာသည့်အနေဖြင့် ဖယောင်းသုတ်ထားသည်ဟု ပြောဆိုသကဲ့သို့ ပြောဆိုနေကြတာများလား၊

ဒါမှမဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကိုလည်း ၂၀၁၂ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သော သက်ဆိုင်ရာလွှတ်တော်ဥပဒေများအရ ပြင်ဆင်ရွေးချယ်တင်မြှောက်ပေးဖို့ လမ်းကြောင်းနေတာလား၊

ဒါမှမဟုတ် တည်ငြိမ်နေတဲ့အချိန်မှာ တရားဥပဒေစိုးမိုးရေးကို အနှောင့်အယှက် ဖြစ်စေနေလိုတာများလား။

တစ်ဆက်တည်းအတွေးပေါ်လာသည်မှာ စာရေးဆရာတစ်ဦးဖြစ်သည့် ဦးထင်လင်းဦး အပြစ်ရှိသည် မရှိသည် မပြောလိုပါ။ တရားရုံးက အဆုံးအဖြတ်ပေးရမည့်ကိစ္စဖြစ်သည်။ သို့သော် ဘာကြောင့် တရားရုံးတွင် တရားစွဲဆိုခံရသည့်အဆင့်ထိ ရောက်သွားရတာလဲ။ ဆင်ခြင်စရာ သင်ခန်းစာတစ်ရပ်ဟု တွေးမိသည်။ သန့်ရှင်းမှုကိုလိုချင်လျှင် မိမိတို့ကိုယ်တိုင်က သန့်ရှင်းရမည်။ တရားမျှတမှုကိုလိုချင်လျှင် မိမိတို့ကိုယ်တိုင်က တရားမျှတစွာ ကျင့်ကြံကြရပါလိမ့်မည်။

စက်လှေနစ်မြုပ်ရာမှ လူခုနစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွား

ဆားလင်းကြီး ဖေဖော်ဝါရီ ၁၅

မုံရွာ-ညောင်ပင်ကြီး ချင်းတွင်းမြစ်ကူးစက်လှေတစ်စင်း နစ်မြုပ်ရာ လူခုနစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၃ ရက် ည ၈ နာရီခွဲက ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာ ရွာရှည်အုပ်စု အမှတ်(၃) ရပ်ကွက်နေ အောင်ငွေစိုး(ခ)ကတုံးမောင်းနှင်သည့် ရေယာဉ်စက်လှေပေါ်တွင် လူ ၃၀ ခန့် တင်ဆောင်လာပြီး မုံရွာမှ ညောင်ပင်ကြီးဆိပ်ကမ်းဘက်သို့ ထွက်ခွာလာရာ ညောင်ပင်ကြီးဆိပ်ကမ်း (ထန်းတောဆိပ်)သို့ မရောက်မီ လှေဦးပိုင်းမှ ရေများဝင်ရောက်လာပြီး ရေနစ်မြုပ်တိမ်းမှောက်ခဲ့ရာ လူခုနစ်ဦး ရေနစ်သေဆုံးခဲ့သည်။ ရေနစ်သေဆုံးခဲ့သူများမှာ ဆားလင်းကြီးမြို့နယ်မှ မုံရွာဘက်ရှိ ပွဲရုံသို့ သွားရောက်လုပ်ကိုင်နေကြသည့် အလုပ်သမားအများစုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်ကို ပေါ့ဆစွာမောင်းနှင်ပြီး လူအများအသက်အန္တရာယ်ဖြစ်အောင် မဆင်မခြင်မောင်းနှင်သော အောင်ငွေစိုး(ခ)ကတုံးကို ဆားလင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်နှင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားများကျင်းပ

သိန်းနီ

သိန်းနီမြို့ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို သိန်းနီမြို့နယ်ရှိ အထကကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် သိန်းနီမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းကြွယ်က ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိများကို မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသားများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး ကျောင်းသားကလေးငယ်များအတွက် အားကစားပြိုင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

ဘဦး(iprd)

ဟိုပန်

ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀) ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ်အခမ်းအနားကို 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ ဖေဖော်ဝါရီ ၁၃ ရက်က အခြေခံပညာအထက်တန်းကျောင်း စောမဟာခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက ဗိုလ်ချုပ်အောင်ဆန်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့အတွင်းရေးမှူးက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စလင်း

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စွမ်းရည်ပြပွဲ၊ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က စလင်းမြို့ မူလတန်းကြိုကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများက အဆိုအကများနှင့် ဖျော်ဖြေတင်ဆက်ကာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

စီးပွားရေးလုပ်ကိုင်လိုသူများအား ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်တွင် မာန်အောင်ကျွန်းသည် ဘင်္ဂလားပင်လယ်အော်ထဲတွင် တည်ရှိသော အလှဆုံးကျွန်းတစ်ကျွန်းဖြစ်သည်။ နိုင်ငံခြားသားများ အထူးစိတ်ဝင်စားပြီး နှစ်စဉ် လာရောက်လည်ပတ်သောကျွန်းဖြစ်သည်။ မကြာမီ(စမုံတဲ) လေယာဉ်ကွင်းသို့ လေယာဉ်ပြေးဆွဲပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတော့မည်ဖြစ်ရာ ကျွန်း၏အနောက်ဘက်ဥယျာဉ် မြေခင်းတန်းမှ နေဝန်းနီနီ ပင်လယ်ထဲငုပ်လျှိုးစဉ် ရေပြင်ထဲမှ နေဝန်းအလှအပကိုကြည့်ရှုခံစားပြီး ငွေသောင်ယံကမ်းခြေတွင် အပန်းဖြေနိုင်ရန် စီးပွားရေးလုပ်ကိုင်လိုသူများ ဖော်ပြပါ ဖုန်း- ၀၉-၄၉၆၇၂၀၈၅ သို့ ညနေပိုင်း ဆက်သွယ်နိုင်ပါသည်။

သပိတ်မှောက်ကျောင်းသားများသို့ သီတဂူဆရာတော်ကြီး မေတ္တာရပ်ခံ


Sitagu International Buddhist Academy
Sitagu International Buddhist Missionary Center

သပိတ်မှောက်ကျောင်းသားများသို့ မေတ္တာရပ်ခံခြင်း

[illegible] ၁၅.၂.၂၀၁၅(တနင်္ဂနွေ)နေ့

သပိတ်မှောက်ကျောင်းသားလေးများသို့

[illegible] NNER [illegible]

[illegible]

[illegible] (Peace Maker) [illegible]

"[illegible]"

သီတဂူဆရာတော်
ဒေါက်တာအရှင်ဉာဏိဿရ (Ph.D., D.Litt.)
အဂ္ဂမဟာပဏ္ဍိတ၊ [illegible] (၄)
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိဆရာတော်

ပြည်တွင်းသတင်း

အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေး တွေ့ဆုံဆွေးနွေး အဖြေရှာရန်အတွက် ကွမ်းခြံကုန်းမြို့နယ်တွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးတွေ့ဆုံဆွေးနွေးအဖြေရှာရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာနေ ဦးမြင့်သူ ဦးဆောင်၍ အင်အား ၁၂၀ ခန့်သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ က ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာ မူလတန်းကျောင်းမှ ကွမ်းခြံကုန်း-ဒေးဒရဲလမ်းမကြီးအတိုင်း ဒေးဒရဲ တံတားထိပ်အထိ လမ်းလျှောက်ပြီး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ကြသည်။

ဦးမြင့်သူ ဦးဆောင်သော ဆန္ဒဖော်ထုတ်သည့်အဖွဲ့သည် "ဆူပူမှုကြောင့် စက်ရုံအလုပ်ရုံများ ပိတ်ရခြင်းမျိုး အလိုမရှိ" "တည်ငြိမ်အေးချမ်းရေးကိုလိုလားသည်" "စာမေးပွဲဖြေဆိုချိန်ကာလအတွင်း နှောင့်ယှက်ဆူပူခြင်းကို ဆန့်ကျင်သည်" "လေးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးပြီး အဖြေရရှိရေးကြိုးစားပေး" "ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ အဖြေရှာသင့်သည်" "နိုင်ငံတော်သမ္မတကြီး၏ တည်ငြိမ်အေးချမ်းရေးလုပ်ဆောင်ချက်များကို ထောက်ခံသည်" "ပြဋ္ဌာန်း ဥပဒေဖောက်ဖျက်သူများအား အရေးယူပေးပါ" "အမျိုးသားပညာရေးဥပဒေကို ညှိနှိုင်းဆောင်ရွက်သင့်သည်" "ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးဒို့အရေး" "ကျောင်းသား ကျောင်းသူများအေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး-ဒို့အရေး" "လေးပွင့်ဆိုင်ဆွေးနွေးပွဲ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး-ဒို့အရေး" "ကျောင်းသားများ စာမေးပွဲနီးနေပြီ" "ဆူပူမှုကြောင့် အလုပ်လက်မဲ့ဖြစ်ရေး-အလိုမရှိ"စသည့် ပိုစတာ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နံနက် ၁၀ နာရီ ၁၅ မိနစ်အထိ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်မှုများနှင့်စပ်လျဉ်း၍ ဦးဆောင်သူနှင့် အဖွဲ့အား သတင်းအဖွဲ့က မေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။

ဦးမြင့်သူ (တော်ခရမ်းလေးကျေးရွာ)

ကျွန်တော်ကတော့ ကျောင်းသားမိဘတစ်ယောက်အနေနဲ့ ဆန္ဒထုတ်ဖော်ပွဲမှာ ပါဝင်တာဖြစ်ပါတယ်။ ကျောင်းသားမိဘတစ်ယောက်အနေနဲ့ ပါဝင်ရခြင်းက ဒီနှစ်ကျောင်းသားတွေရဲ့ စာမေးပွဲကလည်းနီးလာပြီ၊ အားလုံး ဆူပူမှုတွေဖြစ်သွားရင် စာမေးပွဲမဖြေနိုင်မှာ စိုးတဲ့အတွက် ကျောင်းသားမိဘတစ်ယောက်အနေနဲ့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ပါတယ်။ နောက်ရက်မှာလည်း ကျွန်တော့်ဆန္ဒအလျှောက် တတ်နိုင်သလောက်သွားပြီး အကူအညီပေးပြီး တားကြည့်မယ်၊ မရတော့လည်း သူတို့ဆောင်ရွက်တာကြည့်ရမှာပေါ့။ ကျွန်တော့်အနေနဲ့ကတော့ ကျောင်းသားမိဘအနေနဲ့ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်စေချင်တယ်။

ဦးကြည်ဟိုး (တော်ခရမ်းလေးကျေးရွာ)

ဆန္ဒဖော်ထုတ်တဲ့ ကိစ္စတွေကခုလိုကြားနေရတော့ ရင်ထဲမှာ မအေးဘူး။ အိမ်လည်ရင်းနဲ့ ကျောင်းသားမိဘတိုင်းရဲ့ သူတို့ဆန္ဒလေးတွေမေးကြည့်တဲ့အခါကျတော့ သူတို့လည်း အေးချမ်းစေချင်တယ်။ သူတို့လည်း အေးစေချင်၊ ကိုယ်လည်းအေးစေချင်တဲ့အခါ ရွာထဲသွားလှည့်ရင်း ဆန္ဒတွေသိရတဲ့အခါ အဲဒါတွေအကြောင်းပြုပြီး ဒို့တစ်တွေ ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ ဒို့ဆန္ဒဖော်ထုတ်ရင် ကောင်းမလား စဉ်းစားမိတယ်။ စဉ်းစားမိတဲ့အခါ ဆန္ဒဖော်ထုတ်ဖို့ တောင်းဆိုခဲ့တာပါ။ တောင်းဆိုခဲ့ပြီး ဒီနေ့မှာတော့ ဆန္ဒဖော်ထုတ်ပြတာပါ။ ဘာဖြစ်လို့လဲဆိုရင် ဒီကိစ္စက ရင်လေးစရာကောင်းတယ်။ အခုလို အေးအေးချမ်းချမ်းနဲ့ စီးပွားရေးတွေလုပ်နိုင်တယ်။ ၈၈ ခုနှစ်ကလို ပြန်ဖြစ်သွားမှာစိုးလို့ အဘတို့က အခုလိုဆန္ဒဖော်ထုတ်တာပါ။ နောက်နေ့ကျရင်လည်း ဖော်ထုတ်မယ်။ ဆန္ဒကတော့ ငြိမ်းချမ်းစွာဖြင့် ဖော်ထုတ်မှာပါ။ ရင်ဆိုင်တွေ့ရင်လည်း အဘတို့က မေတ္တာရပ်ခံမှာပါ။

ဦးအောင်တင်ဝင်း (တော်ခရမ်းလေးကျေးရွာ)

အခုလို ဆန္ဒဖော်ထုတ်ရတာတော့ ကျွန်တော့်သမီးက ၁၀ တန်းမှာ ပညာသင်ကြားနေပါတယ်။ ဒါကြောင့် ပညာရေးကို နှောင့်နှေးမှာစိုးရိမ်တဲ့အတွက် ပူးပေါင်းပြီး ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ တစ်နှစ်တာ ၁၀ တန်း အောင်မြင်ဖို့အတွက် မရှိမဲ့၊ ရှိမဲ့ ကြိုးစားပြီးသင်ရတာဖြစ်ပါတယ်။ တစ်နှစ်တာ ကုန်ကျတာကလည်း မနည်းဘူးလေ။ ဒါကြောင့် ၁၀ တန်းကို နှစ်ချင်းပေါက်နဲ့ဖြစ်သွားရအောင်၊ ပညာရေးကိုလည်း ချောချောမွေ့မွေ့ သင်နိုင်အောင်၊ အနှောင့်အယှက်မဖြစ်အောင် ပေါင်းစုပြီး ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ပါတယ်။ မနက်ဖြန်လည်း ဆန္ဒဖော်ထုတ်သွားဖို့ အစီအစဉ်ရှိပါတယ်။

ဦးမြင့်သူ

ဦးကြည်ဟိုး

ဦးအောင်တင်ဝင်း

အေးချမ်းစွာ ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ၏ အတန်းတင် စာမေးပွဲဖြေဆိုရန် ရက်ပိုင်းမျှသာလိုပါတော့သည်။ ကျောင်းသား ကျောင်းသူအားလုံး အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရန် မိဘမောင်နှမ အားလုံးက မျှော်လင့်နေကြသည်။ ယနေ့ မိဘပြည်သူများ စည်းကမ်းနှင့်အညီ ဆန္ဒဖော်ထုတ်နေကြသည်မှာ မိမိတို့၏ သားသမီး ကျောင်းသား ကျောင်းသူအားလုံး အေးချမ်းစွာ ပညာသင်ကြား၊ စာမေးပွဲဖြေဆိုနိုင်ရေးဟူသော ဆန္ဒပုံရိပ်များသာဖြစ်ပါသည်။**(သတင်းစဉ်)**

ချောင်းကူးတံတားတည်ဆောက်

ဝါးခယ်မ ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြစ်ကလေးကျေးရွာအုပ်စု၌ ဖေဖော်ဝါရီ ၁၃ ရက်က မြစ်ကလေးကျေးရွာအုပ်စုနှင့် ဘလေးကျေးရွာအုပ်စု ဆက်သွယ်သော အဂါတ်ကြီးချောင်းကူးတံတားတည်ဆောက်မည့် မြေနေရာ၌ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပန္နက်တင်အခမ်းအနားကို ကျင်းပသည်။

အဆိုပါ အဂါတ်ကြီးချောင်းကူးတံတားကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွင့်ပြုငွေကျပ် သိန်း ၃၆၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် သိန်း ၁၀၀ အကုန်အကျခံကာ တံတားအရှည်ပေ ၁၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၂၄ ပေရှိမည်ဖြစ်ပြီး Rc ကွန်ကရစ်နှင့် I Bean ဖြင့် မိုးထောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုအခါ ဝါးတံတားကိုသာ အဓိက အသုံးပြုနေရပြီး အဂါတ်ကြီးချောင်းကူးတံတားတည်ဆောက်ပြီးစီးပါက ဆက်သွယ်သွားလာရေး များစွာအဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ**

မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းများတွေ့ဆုံ အသိပညာပေးဟောပြော

ဖြူး ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် တောင်ငူခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ဖြူးမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ဖြူးမြို့ ဘူတာတောင် (၂၄) လမ်း ဖြူးမြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှထွန်းဦး၏နေအိမ် မင်းရာဇာတိုင်းရင်းဆေးကုခန်း၌ ကျင်းပသည်။

တွေ့ဆုံအသိပညာပေး ဟောပြောပွဲသို့ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ၊ တောင်ငူခရိုင် ဥက္ကဋ္ဌ၊ ဖြူးမြို့နယ် ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ဘူတာတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အသင်းဝင်များ၊ စိတ်ပါဝင်စားသူများတက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးညီညီ၊ တောင်ငူခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံလှနှင့် ဖြူးမြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှထွန်းဦးတို့က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို မည်သို့တားဆီးရမည်ဆိုသည့် နည်းလမ်းများ၊ သုံးစွဲခြင်းမပြုကြရ၊ မူးယစ်ဆေးအန္တရာယ်အသွယ်သွယ်နှင့် ခံစားရမည့်ရောဂါဝေဒနာများ၊ အရေးယူခံရမည့် ဥပဒေများအကြောင်းတို့ကို အကျယ်တဝင့် အသိပညာပေးပြောကြကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

ပြည်တွင်းသတင်း

❀ ရှေ့ဖုံးမှ

National Network for Education Reform(NNER) ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များ ပါဝင်သည့် အဖွဲ့လေးဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည့် တတိယအကြိမ်မြောက် ဆွေးနွေးပွဲပြီးသည်အထိ ဥပဒေပြင်ဆင်ဖြည့်စွက်မှုပိုင်းဆိုင်ရာတွင် အားလုံးသဘောတူညီမှုရရှိပြီး ဥပဒေနှင့်အညီ လွှတ်တော်သို့ ဖေဖော်ဝါရီ ၁၆ ရက်အမီ တင်သွင်းနိုင်ရန်သဘောထားများကို အတည်ပြုထုတ်ပြန်ခဲ့ကြပြီးဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များကို ပြင်ဆင်၍ လွှတ်တော်သို့ တင်သွင်းနိုင်ရန် လေးပွင့်ဆိုင်တွေ့ဆုံပြီး တူညီသဘောထား အသီးသီး ထုတ်ပြန်ခဲ့သော်လည်း ပြည်သူလူထုကြား၌ ရန်ကုန်မြို့သို့ ဦးတည်လာနေသည့် ဆန္ဒပြကျောင်းသားအဖွဲ့များမှာ ရပ်ဆိုင်းမှုမရှိဘဲ မူလရည်ရွယ်ချက်အတိုင်း ဆက်လက်ဆန္ဒပြမည်ဟူသော စကားသံများကြောင့် ပြည်သူများ၊ ကျောင်းသားမိဘများနှင့် ပညာသင်ကြားဆဲကျောင်းသားများမှာ ငြိမ်းချမ်းစွာပညာသင်ကြားရေးနှင့် အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်မှု ထိခိုက်မည်ကို စိုးရိမ်နေကြကြောင်း ပြည်သူများကြားဝယ်အသံအမျိုးမျိုး လွင့်ပျံ့လျက်ရှိသည်။ ထို့ကြောင့် ယနေ့ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ကျိုက္ကဆံကွင်းရှိ ပြည်သူ့ဟစ်တိုင်ကွင်းအတွင်း၌ ပြည်သူလူထု၊ ကျောင်းသားမိဘများနှင့် ပညာသင်ကြားဆဲကျောင်းသားကျောင်းသူများ ငြိမ်းချမ်းစွာပညာသင်ကြားနိုင်ရေးနှင့် အေးချမ်းအောင်မြင်စွာ ပညာသင်ကြားနိုင်ရေး လူထုဆန္ဒထုတ်ဖော်ပွဲ ကျင်းပခဲ့သည်။

ငြိမ်းချမ်းစွာပညာသင်ကြားရေးနှင့် အေးချမ်းအောင်မြင်စွာ စာမေးပွဲဖြေဆိုနိုင်ရေး လူထုဆန္ဒထုတ်ဖော်နေသည်ကို တွေ့ရစဉ်။

အဆိုပါ လူထုဆန္ဒထုတ်ဖော်ပွဲ၌ ဦးဆောင်ပါဝင်သူ ဦးထွန်းလှစိန်က "အခုချိန်က ကျောင်းသားတွေ ပညာသင်ကြားနေတဲ့ ပညာသင်နှစ်ရဲ့ တစ်နှစ်တာကာလမှာ အရေးကြီးဆုံးဖြစ်နေတဲ့ အချိန်ဖြစ်တယ်။ အတန်းတင် စာမေးပွဲကြီးက အတော်လေးကိုနီးနေပြီ။ ဒီကျောင်းသားသပိတ်ကြောင့် စာမေးပွဲဖြေရမယ့် ကလေးတွေကို စိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူး။ သူတို့လေးတွေ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ဖို့နဲ့ အေးချမ်းအောင်မြင်စွာ ပညာသင်ကြားနိုင်ဖို့ အခုလို လူထုဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်ပါဝင်ပြုလုပ်ရခြင်းဖြစ်တယ်" ဟု ပြောကြားသည်။

ဖြစ်ပေါ်နေသော သပိတ်စစ်ကြောင်းကြောင့် ယနေ့ပြည်သူလူထုရင်ထဲတွင် ပညာသင်ကြားဆဲကလေးများကို စိတ်အနှောင့်အယှက်ဖြစ်မှာကိုလည်းကောင်း၊ တစ်နှစ်တာအတွင်း ကုန်ကျစရိတ်များကို အကျိုးရှိရှိဖြစ်စေရန်လည်းကောင်း၊ ယခင့်ယခင်အတွေ့အကြုံများက သင်ခန်းစာကြောင့် ပညာသင်နှစ်တွေချို့ယွင်းသွားမည်ကို စိုးကြောက်၍လည်းကောင်း၊ လေးပွင့်ဆိုင်တွေ့ဆုံပွဲ အဖြေရလဒ်များကြောင့် ဆန္ဒပြမှုများ ရှေ့တိုးမည်၊ မတိုးမည်ကို ပြည်သူလူထုကြား သို့လောသို့လော စကားသံများကြောင့်လည်းကောင်း စိုးရိမ်စိတ်များဖြစ်ပေါ်လျက်ရှိကြကြောင်း ပြည်သူလူထုကြားမှ ကြားသိခဲ့ရသည်။

"အခုဖြစ်နေတဲ့ ဆန္ဒပြမှုတွေနဲ့ပတ်သက်ပြီး အမှန်တိုင်း ပြောရရင်တော့ ဘာမှစိတ်မဝင်စားပါဘူး။ ကျွန်တော်လည်း ကျောင်းသားထဲက ကျောင်းသားတစ်ဦးပါ။ ကျွန်တော် ဒဂုံတက္ကသိုလ်မှာ ဒုတိယနှစ်တက်နေတဲ့ ကျောင်းသားတစ်ဦးပါ။ ကျွန်တော့် အမြင်ကိုပြောရရင် ရေးဆွဲထားတဲ့ဥပဒေကို ပြင်ချင်၊ ဖြည့်စွက်ချင်တယ်ဆိုရင် ရေးဆွဲထားတဲ့သူတွေထက် ပိုပြီးထဲထဲဝင်ဝင် လေ့လာရပါမယ်။ ပြောရရင် သူတို့ရေးဆွဲထားတဲ့ ဥပဒေကိုဆန့်ကျင်တယ်၊ မကြိုက်ဘူးဆိုရင် ဘယ်အချက်ကတော့ မကောင်းဘူး၊ ဘယ်အချက်ကတော့ လိုအပ်တယ်၊ ကျွန်တော်တို့နိုင်ငံနဲ့ မသင့်လျော်ဘူးစသဖြင့်၊ ကမ္ဘာ့နိုင်ငံအသီးသီးက ပညာရေးဥပဒေတွေလေ့လာပြီး နှိုင်းယှဉ်ပြနိုင်ရပါ့မယ်။ ဒါပေမယ့်လည်း ကိုယ့်နိုင်ငံရဲ့ ပညာရေးမူဘောင်နဲ့ရောကိုက်ညီရဲ့လားဆိုတာ ပြန်လည်သုံးသပ်ဖို့တော့လိုမယ်။ ပြီးတော့ ကျွန်တော်ပြောချင်တာက ဒီကျောင်းသားသပိတ်မှာ တကယ်ကျောင်းတက်နေတဲ့၊ တကယ်လက်တွေ့သင်ယူနေတဲ့ ကျောင်းသားတွေ မပါသလောက် နည်းတယ်လို့မြင်တယ်။ ကျွန်တော် မကြာမီစာမေးပွဲဖြေတော့မယ့် တက္ကသိုလ်ဝင်တန်းကျောင်းသားတွေကို ဒီသပိတ်ကြောင့် စိတ်မယိုင်စေချင်ဘူး။ အနှောင့်အယှက်မဖြစ်စေချင်ဘူး။ အမြန်ဆုံး ဒီပဋိပက္ခကြီးကို ပြီးစေချင်တယ်။ ဘယ်သူသာစေ၊ နာစေဆိုတဲ့ သဘောမျိုးနဲ့ ကျွန်တော်ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော့်အမြင်ကိုပဲ ကျွန်တော်ပြောတာပါ" ဟု ဒဂုံတက္ကသိုလ်တွင် ဒုတိယနှစ်တက်နေသည့် မောင်ထိုက်အောင်ဝင်းက ဆိုသည်။

ငြိမ်းချမ်းစွာပညာသင်ကြားရေးနှင့် အေးချမ်းအောင်မြင်စွာ စာမေးပွဲဖြေဆိုနိုင်ရေး လူထုဆန္ဒထုတ်ဖော်ပွဲသည် ယနေ့နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်းမှစတင်ပြီး ရွှေဂုံတိုင်လမ်းမှတစ်ဆင့် တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်း လမ်းအတိုင်း ကျိုက္ကဆံကွင်းအတွင်းရှိ ပြည်သူ့ဟစ်တိုင်သို့ လူအင်အား ၁၆၀၀ ဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

"ဒီသပိတ်တွေ၊ ဆန္ဒထုတ်ဖော်တာတွေကြောင့် ဘာမှမဆိုင်တဲ့ ကုန်ဈေးနှုန်းက ဒီရက်အတွင်း ဈေးလှုပ်လာတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေက ဒါကိုအခွင့်ကောင်းယူပြီး ပြည်သူ့ကုပ်သွေးစုပ်ချင်နေကြတာ။ တကယ်ပါပဲဗျာ။ ဘယ်သူပဲတက်တက်၊ ဘယ်ဥပဒေပဲပြဋ္ဌာန်းပြဋ္ဌာန်း ပဋိပက္ခဖြစ်ပြီဆိုရင် ကြားထဲက ကျွန်တော်တို့ပြည်သူတွေပဲ နစ်နာတာ။ ကျွန်တော့်ဆန္ဒအတိုင်းပြောရရင် စာမေးပွဲတွေကလည်း နီးနေပြီဆိုတော့ အမြန်ဆုံး ဒီအမျိုးသားပညာရေးဥပဒေကြီးပြဋ္ဌာန်းပြီး ဆန္ဒပြတာတွေလည်းအမြန်ဆုံးရပ်စေချင်တယ်" ဟု တာမွေမြို့နယ်မှ ပြည်သူတစ်ဦးဖြစ်သည့် ဦးမောင်အေးက လတ်တလောဖြစ်ပေါ်နေသော ဆန္ဒထုတ်ဖော်မှုများနှင့်ပတ်သက်၍ ရင်ဖွင့်ခဲ့သည်။

ယနေ့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းရှိ ဟစ်တိုင်ဝင်းတွင် ပြည်သူလူထုက ငြိမ်းချမ်းစွာပညာသင်ကြားရေးနှင့် အေးချမ်းအောင်မြင်စွာ စာမေးပွဲဖြေဆိုနိုင်ရေး လူထုဆန္ဒထုတ်ဖော်ပွဲတွင် ပြည်သူ့ကြွေးကြော် ဟစ်သံများမှာ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး----ဒို့အရေး၊ နယ်မြေလုံခြုံအေးချမ်းတည်ငြိမ်ရေး----ဒို့အရေး၊ ပညာရေး ဥပဒေကိုငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရေး---- ဒို့အရေး၊ ပညာသင်ကျောင်းသားများ ငြိမ်းချမ်းစွာပညာသင်ကြားရရေး ---- ဒို့အရေး၊ ကျောင်းသားများအေးချမ်းအောင်မြင်စွာ စာမေးပွဲဖြေဆိုနိုင်ရေး ---- ဒို့အရေး၊ စာမေးပွဲဖြေဆိုချိန် ဆူပူမှု---- အလိုမရှိ၊ ဆူပူမှုကြောင့် စက်ရုံ၊ အလုပ်ရုံများ အပိတ်ခံရခြင်း ---- အလိုမရှိ၊ ဆူပူမှုကိုဇန်းပြုပြီး ကုန်ဈေးနှုန်းကြီးမြင့်မှု -----အလိုမရှိ၊ လုပ်သားများ အလုပ်လက်မဲ့ဖြစ်မယ့်အရေး---- အလိုမရှိ၊ လေးပွင့်ဆိုင်ဆွေးနွေးပြီး နှစ်ဖက်သဘောတူ အောင်မြင်မှု အမြန်ဆုံးရရှိရေး---- (ကြိုးစားပေး)၂ စသည်ဖြင့် ဆန္ဒထုတ်ဖော် ကြွေးကြော်ခဲ့ကြသည်။

ငြိမ်းချမ်းစွာပညာသင်ကြားရေးနှင့် အေးချမ်းအောင်မြင်စွာ စာမေးပွဲဖြေဆိုနိုင်ရေး ဆန္ဒထုတ်ဖော်ပွဲကြီးကို ပြည်သူလူထု၊ ကျောင်းသားမိဘများနှင့်ကျောင်းသားများက ရန်ကုန်မြို့ ကျိုက္ကဆံဟစ်တိုင်ကွင်းတွင်လည်းကောင်း၊ ခရမ်းမြို့တွင်လည်းကောင်း၊ ကွမ်းခြံကုန်းမြို့တို့တွင်လည်းကောင်း ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်းဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ခရမ်းမြို့နယ်တွင် အမျိုးသားပညာရေးဥပဒေအား ကန့်ကွက်ဆန္ဒပြနေသော သပိတ်စစ်ကြောင်းအပေါ် ဆန့်ကျင်ဆန္ဒပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမျိုးသားပညာရေးဥပဒေအား ကန့်ကွက်ဆန္ဒပြနေသော သပိတ်စစ်ကြောင်းအပေါ် ဆန့်ကျင်ဆန္ဒပြပွဲကို ယနေ့နံနက် ၉ နာရီခွဲက ခရမ်းမြို့နယ်တွင်ပြုလုပ်ရာ အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြနေသော သပိတ်စစ်ကြောင်းအား အလိုမရှိ၊ ပြည်သူများကို အနှောင့် အယှက်ဖြစ်စေမည့် ဆူပူလှုပ်ရှားမှု များကို အလိုမရှိ၊ မသိနားမလည်သည့် ကျောင်းသား လူငယ်များအပေါ် အသုံးချနေမှုများအား ချက်ချင်းရပ်၊ နိုင်ငံရေးအသွေးအရောင်ပါသည့် သပိတ်အားအလိုမရှိ၊ ကျောင်းသား လူငယ်များ၏ မိဘများအပေါ် ကိုယ်ချင်းစာပါစသည့် စာသားများပါသည့် ဆိုင်းဘုတ် ပိုစတာများကိုင်ဆောင်၍ မြို့တွင်း၌လှည့်လည်ကာ ငြိမ်းချမ်းစွာဆန္ဒဖော် ထုတ်ကြသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲကို ဦးရဲဝင်းအောင် ဦးဆောင်သည့် ကျောင်းသား မိဘပြည်သူအင်အား ၅၀၀ ခန့်က ခွင့်ပြုချက်တောင်းခံရယူပြီး လှည့်လည်ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့သို့ ဦးတည်သည့် ဆန္ဒပြကျောင်းသားအဖွဲ့များအား ထောက်ခံကြိုဆိုသည့် ဆန္ဒပြပွဲပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့သို့ ဦးတည်လျက်ရှိသည့် ဆန္ဒပြကျောင်းသားများအား ထောက်ခံကြိုဆိုသည့် အနေဖြင့် ယနေ့ ၁၂ နာရီက ရန်ကုန်မြို့ သမိုင်းလမ်းဆုံမှစတင်ကာ မြေနီကုန်း မီးပွိုင့်အနီးသို့ ကျောင်းသားများ လမ်းလျှောက် ဆန္ဒပြမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောင်းသားများ ဆန္ဒပြရာ လမ်းတစ်လျှောက်ရှိ မြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများက ဥပဒေဘောင်အတွင်းမှ ခွင့်ပြုချက်ရယူပြီး ပြုလုပ်သွားရန် ဆန္ဒပြကျောင်းသားအဖွဲ့အား ပြောကြားခဲ့ကြသည်။

ဆန္ဒပြ ထောက်ခံကြိုဆိုပွဲတွင် ပါဝင်သည့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကိုအောင်မိုင်းဆန်းက "လွှတ်တော်ကို စောင့်ကြည့်ဖို့လိုပါတယ်။ လွှတ်တော်မှာ ၇၅ ရာခိုင်နှုန်းရှိသေးတယ်။ ကျွန်တော်တို့ လွှတ်တော်ကို တောင်းဆိုထားတယ်။ ပညာရေးဥပဒေမူကြမ်းကို လွှတ်တော်မှာမဲပေးရင် ပွင့်လင်းမြင်သာမှုရှိရှိ မဲပေးပါလို့ ပြောချင်တယ်။ ကန့်ကွက်တယ်ဆိုမတ်တတ်ရပ်ပြီးကန့်ကွက်ပါ။ လူထုကလည်း စောင့်ကြည့်ဖို့လိုပါတယ်။ ဒီမိုကရေစီပညာရေးအာမခံချက်ဟာ တစ်စိတ်တစ်ပိုင်း တိုးတက်မှုရှိပေမယ့် အပြည့်အဝအာမခံချက် မရသေးပါဘူး" ဟု ပြောသည်။

ရန်ကုန်သို့ ဦးတည်လျက်ရှိသည့် ဆန္ဒပြကျောင်းသားအဖွဲ့များအား ကြိုဆိုထောက်ခံဆန္ဒပြပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တတိယနှစ်ကျောင်းသူ မပိုပို၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ကျောင်းသားမောင်ပြည့်ဖြိုးကျော်နှင့် တောင်ငူတက္ကသိုလ်မှ ကျောင်းသား ကိုသော်ကောင်းတို့က ထောက်ခံဆန္ဒပြရခြင်းနှင့် စပ်လျဉ်း၍ အသီးသီးပြောကြားကြသည်။

ဆန္ဒပြပွဲကို လူအင်အား ၂၅၀ ခန့်ဖြင့် ပြုလုပ်ခဲ့ပြီး သမိုင်းလမ်းဆုံမှ လှည်းတန်း မီးပွိုင့်၊ စမ်းချောင်းကျွန်းတောလမ်း၊ မြေနီကုန်းအထိ လမ်းလျှောက်ဆန္ဒပြခဲ့ကာ မွန်းလွဲ ၂ နာရီခွဲတွင် လူစုခွဲခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-မင်းသစ်

ပြည်တွင်းသတင်း

လောက်ကိုင်၌ နိုင်ငံတော်တာဝန်များ သက်စွန့်ကြိုးပမ်းဆောင်ရွက်ရင်း ကျဆုံး၊ ဒဏ်ရာရ စစ်သည်မိသားစုများအား စေတနာရှင်များ အလှူငွေပေးအပ်

အလှူငွေများ ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက လက်ခံယူစဉ်။ (မြဝတီ)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက တပ်မတော်သားများအတွက် အလှူငွေကျပ် ၂၈၃၂ သိန်းကို ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တွဲဖက်စစ်ရေးချုပ်ဗိုလ်ချုပ် နေလင်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

Sky Net မှ လှူဒါန်းရာ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက လက်ခံယူစဉ်။ (မြဝတီ)

အလားတူ နိုင်ငံတော်တာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ရင်း လောက်ကိုင်ဒေသတွင် ကျဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးစစ်သည်မိသားစုများအတွက် ရွှေသံလွင်မီဒီယာ၊ (Sky Net)မှ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ကွယ်လွန်သူဖခင်အား ရည်စူး၍ အလှူငွေကျပ် သိန်း ၉၇ဝ၊ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များအတွက်စုစုပေါင်း ငွေကျပ်သိန်း ၂၁၇ဝ တန်ဖိုးရှိ ရုပ်သံဖမ်းစက်အစုံ ၁ဝဝဝ (တစ်နှစ် အခမဲ့ကြည့်ရှုခွင့်အပါအဝင်)အား ညနေ ၄ နာရီ မိနစ် ၂ဝ က ဘုရင့်နောင်ရိပ်သာ၌ ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက လက်ခံခဲ့သည်။

နေပြည်တော်တွင် ကျင်းပသည့် တပ်မတော်သားများအား အလှူငွေပေးအပ်လှူဒါန်းပွဲတွင် စေတနာရှင်ပြည်သူများက စုစုပေါင်း ငွေကျပ် ၃၈ဝ၂ သိန်းနှင့် ရုပ်သံဖမ်းစက်အစုံ ၁ဝဝဝ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရှိရသည်။

ထို့အပြင် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမတွင် ယမန်နေ့မွန်းလွဲပိုင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ထွန်းထွန်းနောင်နှင့်တာဝန်ရှိသူများထံ အလှူရှင်များက နိုင်ငံတော်တာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသည့် တပ်မတော်သားများအတွက် အလှူငွေ ကျပ် ၃၃၇၃၆၂၅ဝဝ၊ အမေရိကန် ဒေါ်လာ ၂ဝဝဝ နှင့် စားသောက်ဖွယ်ရာပစ္စည်း တန်ဖိုးကျပ်သိန်း ၆ဝ ဖိုးအား ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁ဝဝ) ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ယာဉ်ယန္တရားများအား ကျောင်းသား ကျောင်းသူများ လေ့လာစဉ်။ (မြဝတီ)

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁ဝဝ) ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်က အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ စစ်ရေယာဉ်ပေါ်တွင် ကျောင်းသား ကျောင်းသူများ လေ့လာစဉ်။ (မြဝတီ)

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁ဝဝ) ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်က တပ်မတော်စစ်သမိုင်းပြတိုက် ပြင်ပပြကွက်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား ကျောင်းသူများ လေ့လာစဉ်။ (မြဝတီ)

ရထားရဲတပ်ဖွဲ့ တိုက်ပွဲဝင်မွမ်းမံသင်တန်းဆင်း

မြစ်ငယ် ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရထားရဲတပ်ဖွဲ့ အမှတ်(၆)တပ်ခွဲ မြစ်ငယ်သင်တန်းကျောင်းတွင် တိုက်ပွဲဝင်မွမ်းမံသင်တန်းအမှတ်စဉ်(၂၅/၂ဝ၁၅) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ ရထားရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့မှူးရဲမှူးကြီး သူရစန်းလွင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။သင်တန်းကာလမှာ ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိဖွင့်လှစ်ခဲ့ပြီး ဆုရသူများအား ရဲမှူးကြီး သူရစန်းလွင်က ဆုများပေးအပ်ခဲ့သည်။ **မောင်မောင်စိုး(မြစ်ငယ်)**

ဖောင်းကြွန်ံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၂၂၆၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရှာသာကြီး)



ပြင်ဆင်ဖတ်ရှုပါရန် တောင်းပန်ခြင်း

၂ဝ၁၅ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၁) ကြေးမုံသတင်းစာ စာမျက်နှာ(၁၂)တို့တွင် ဖော်ပြပါရှိသော ရွှေတန်းရောက် တိုက်ပွဲဝင် စစ်သည်ရဲမေများ ဂုဏ်ပြုအနုပညာပဒေသာကပွဲကျင်းပရန်အတွက် ဆက်သွယ်နိုင်မည့် ပုဂ္ဂိုလ်ဦးမင်းဆွေအငြိမ်းစား(ဗိုလ်မှူး) ဗလအမှတ် ၅၇၇၊ ဖုန်း-ဝ၉-၅၁၈၁၂၇၈ဟု မှားယွင်းစွာဖော်ပြမိသည့်အတွက် ဖုန်း-ဝ၉-၅၁၈၁၂၇၈ပိုင်ဆိုင်သည့်ပုဂ္ဂိုလ်နှင့် သတင်းစာဖတ်ပရိသတ်များကို တောင်းပန်အပ်ပါသည်။ ဦးမင်းဆွေ-အငြိမ်းစား(ဗိုလ်ကြီး) ဗလအမှတ် ၅၇၇၊ ဖုန်း-ဝ၉-၅၁၈၁၇၂၈ဟု ပြင်ဆင်ဖတ်ရှုပါရန် ပန်ကြားအပ်ပါသည်။ (ဖော်ပြစာအားသတင်းစာတိုက်များသို့ ဆက်သွယ်ထည့်သွင်းသည့် တာဝန်ရှိသူ)

ပြည်တွင်းသတင်း

လောက်ကိုင်မြို့တွင်း နယ်မြေရှင်းလင်းရာ လူ၊ လက်နက်၊ ခဲယမ်းများနှင့်မူးယစ်ဆေးဝါးများ ထပ်မံသိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လောက်ကိုင်နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ လောက်ကိုင်မြို့အတွင်း၌ ကိုးကန့်တိမ်းရှောင်အင်အားအချို့နှင့် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းမှစ၍ ည ၇ နာရီထိ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများအား သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ ရက် ည ၇ နာရီနောက်ပိုင်းတွင် ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူများက လောက်ကိုင်မြို့အား မြို့ပြင်ပမှ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်နယ်မြေအား တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်း ချေမှုန်းခဲ့ရသည့်အပြင် လောက်ကိုင်မြို့တွင်းတွင်လည်း ဆက်လက်ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ သောင်းကျန်းသူများထံမှ လက်နက်ငယ် နှစ်လက်၊ ခဲယမ်းမျိုးစုံ၊ လမ်းလျှောက်စကားပြောစက်ရှစ်လုံး၊ Laptop Computer လေးလုံး၊ မူးယစ်ဆေးဝါးများနှင့် သောင်းကျန်းသူအလောင်း ငါးလောင်းတို့အား ထပ်မံသိမ်းဆည်းရမိသည်။

တပ်မတော်စစ်ကြောင်းများက လောက်ကိုင်မြို့အတွင်း နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက်မှ ယနေ့ထိ ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူများထံမှ လက်နက်ငယ်မျိုးစုံ အလက် ၁၀၀၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းမျိုးစုံ၊ လမ်းလျှောက်စကားပြောစက်ရှစ်လုံး၊ Laptop Computer လေးလုံး၊ မူးယစ်ဆေးဝါးများနှင့် သောင်းကျန်းသူအလောင်း ၁၈ လောင်းတို့အားရရှိခဲ့ပြီး အပြင်းအထန်ဒဏ်ရာရ ရှစ်ဦးကိုလည်း ဖမ်းဆီးရမိခဲ့သည်။

ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူထံမှ ဖမ်းဆီးရမိခဲ့သော အပြင်းအထန်ဒဏ်ရာရရှိသူရှစ်ဦးအား တပ်မတော်က ဆေးကုသမှုများဆောင်ရွက်ပေးစဉ် ရရှိဒဏ်ရာများကြောင့် သေဆုံးသွားခဲ့ကြောင်းနှင့် လောက်ကိုင်နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လောက်ကိုင်မြို့နှင့်ဆက်စပ်ဒေသများတွင် နယ်မြေရှင်းလင်းခြင်းများကို အသေးစိတ်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

လောက်ကိုင်ဒေသမှ နေရပ်ပြန်မည့် ပြည်သူများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက နေရပ်သို့ပို့ဆောင်ပေး

မန္တလေး ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့မှ မန္တလေးမြို့ ချမ်းမြေ့ပြည် (ကွဲဆည်ကန်) ခရီးသည်တင်ယာဉ်ရပ်နားစခန်းသို့ ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းမှစပြီး ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ လူဦးရေ ၁၈၁၆ ဦး ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

နေရပ်ပြန် ပြည်သူများအား လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ဆန်း၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ယာဉ်ရပ်နားစခန်းအုပ်ချုပ်ရေးမှူး၊ ယာဉ်လုပ်ငန်းများကြီးကြပ်မှု ကော်မတီ၊ ကျန်းမာရေးဌာနနှင့် လူမှုကူညီရေးအသင်းများက လိုအပ်သည်များ ကူညီလုပ်ဆောင်ပေးလျက်ရှိသည်။

ယာဉ်ရပ်နားစခန်းသို့ ရောက်ရှိနေသည့် နေရပ်ပြန်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတို့က ထမင်းကျွေးခြင်း၊ လမ်းခရီးအတွက် ထမင်းဘူးများ၊ ရေသန့်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ကျန်းမာရေးဌာနကလည်း ကျန်းမာရေး စောင့်ရှောက်မှုများပြုလုပ်ပေးကြောင်း၊ နေရပ်ဒေသများသို့ ပို့ဆောင်ပေးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၃ ရက်တွင် လူဦးရေ ၃၄၇ ဦးအား ယာဉ်အစီးရေ ၁၁ စီး၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် လူဦးရေ ၁၁၆၁ ဦးအား ယာဉ် ၄၃ စီး၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် လူဦးရေ ၃၀၈ ဦးအား ယာဉ် ၁၈ စီးတို့ဖြင့် ပို့ဆောင်ပေးခဲ့ရာ စုစုပေါင်း လူဦးရေ ၁၈၁၆ ဦးအား ယာဉ်အစီးရေ ၇၀ ဖြင့် စောင့်ဆိုင်းရန်မလိုဘဲ အခမဲ့ချက်ချင်း ပို့ဆောင်ပေးနေကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးမှုများအပေါ် အောင်လံမြို့သို့ပြန်ရန် ရောက်ရှိနေသည့် မလှလှနှင့်အဖွဲ့က "ဝမ်းသာဝမ်းနည်း ခံစားရပါတယ်။ မနေ့က နံနက်ကတည်းက ကုန်ကားကြီးကို တစ်ယောက်နှစ်သောင်းနှုန်းနဲ့ပေးပြီး စီးလာခဲ့ရတာပါ။ ကျွန်မတို့အဖွဲ့က ၁၂ ဦးရှိပြီး လမ်းပြင်တဲ့အလုပ်ကိုလုပ်ဖို့ လောက်ကိုင်ကို သွားခဲ့တာပါ။ ဟိုမှာ ကျီးလန့်စာစားနဲ့

နေရပ်ပြန်ပြည်သူများအား စေတနာရှင်များက ကျွေးမွေးလှူဒါန်းနေသည်ကို တွေ့ရစဉ်။

နေရပါတယ်။ အခုလိုကြိုဆိုမှုများအတွက် အားငယ်နေမှုတွေ ပျောက်ပြီး ကြည်နူးမိပါတယ်" ဟု ၎င်းက ပြောသည်။

လောက်ကိုင်တွင် ကြံခုတ်ရန်သွားသည့် ကိုကြည်ဝင်းနှင့် ကိုအေးကျော်တို့ အဖွဲ့ကလည်း "ဒီလိုကြိုဆိုဧည့်ခံမယ်လို့ ထင်မထားပါဘူး။ အခုလို တာဝန်ရှိသူတွေ စေတနာရှင်တွေက ကျွေးမွေးဧည့်ခံတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့က သွားတုန်းကလည်း ၂၂ ဦးဟာ အခုသေနတ်သံတွေနေ့တိုင်းကြားနေရတဲ့အတွက် မနေရဲလို့ အကုန်လုံးပြန်လာခဲ့ကြတာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"အခုလိုနေရပ်ပြန်လာရတဲ့ လူတွေရဲ့ အဖြစ်အပျက်တွေကို မြင်နေရတဲ့အတွက် လူသားချင်းကိုယ်ချင်းစာပြီး ကျွေးမွေးတာပါ။ နောင်ဒီလို အဖြစ်အပျက်တွေ မဖြစ်ပါစေနဲ့လို့ ဆုတောင်းပေးပါတယ်" ဟု အဆိုပါ နေရပ်ပြန်အဖွဲ့အား ထမင်းဘူးနှင့် ရေသန့်များ လှူဒါန်းပေးသည့် ကွဲဆည်ကန်ကားဝင်းအတွင်းမှ ဆိုင်ကယ်အငှားယာဉ်မောင်းအဖွဲ့မှ ကိုကျားကြီးကပြောသည်။

အဆိုပါနေရပ်ပြန် ပြည်သူများသည် မကွေး၊ မင်းဘူး၊ ရမည်းသင်း၊ အောင်လံ၊ တောင်တွင်း၊ ပြည်၊ မုံရွာ၊ ပုလဲ၊ တောင်ငူ၊ စစ်တွေ၊ ကလေး၊ မိတ္ထီလာ၊ မြန်အောင်၊ ပုသိမ်၊ မြဝတီ စသည့် ဒေသများမှဖြစ်ကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့သာမက စေတနာရှင်ပြည်သူများက လှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း၊ ပို့/ဆက်ဌာနက ယာဉ်များစီစဉ်ပေးရုံသာမက လူမှုကူညီရေးအသင်းများက အသင်းပိုင်ကားများဖြင့် နေရပ်ဒေသများသို့ ပို့ဆောင်ပေးနေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နေရပ်ပြန် ပြည်သူများအား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေသည်ကို တွေ့ရစဉ်။

တွေ့ဆုံမေးမြန်း

ရှေ့ပညာသင်နှစ်အတွက် ကြိုတင်ပြင်ဆင်မှုရစေမည့် အခြေခံပညာစတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲဖြေဆိုတော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုအပ်သည်။ ထို့အတွက် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုပြုလုပ်ခဲ့ရာ ယခုနှစ်တွင် အခြေခံပညာစတုတ္ထတန်းကို ခရိုင်အဆင့်နှင့်အဋ္ဌမတန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်စာမေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြောင်းလဲစစ်ဆေးမှုစနစ်နှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်အဖွဲ့က သွားရောက်မေးမြန်းခဲ့သူအချို့၏စကားသံများကို ဖော်ပြလိုက်ပါသည်။

ဒေါ်စန်းစန်းရီ(ညွှန်ကြားရေးမှူး အမှတ်(၃)အခြေခံပညာ ဦးစီးဌာန)

အခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အခြေခံပညာစတုတ္ထတန်းနဲ့ အဋ္ဌမတန်းကို စစ်ဆေးအကဲဖြတ်တဲ့ပုံစံတွေဒီနှစ်မှာ စတင်ပြောင်းလဲကျင့်သုံးပါမယ်။ ဒီလိုမျိုး ပြောင်းလဲကျင့်သုံးရတဲ့ ရည်ရွယ်ချက်က ကလေးတွေရဲ့ တတ်မြောက်မှု၊ ဆရာ ဆရာမတို့ရဲ့ သင်ပြမှု၊ သင်ကြားသင်ယူမှုဖြစ်စဉ်ကို အကဲဖြတ်သုံးသပ်ဖို့ဖြစ်စဉ်တွေကို ပြောင်းလဲရခြင်းဖြစ်ပါတယ်။ စတုတ္ထတန်းအတွက် ခရိုင်ပညာရေးမှူးဦးဆောင်တဲ့ စာစစ်အဖွဲ့နဲ့စစ်ဆေးမှာဖြစ်ပြီးတော့ အဋ္ဌမတန်းအတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်အဖွဲ့က ဦးဆောင်စစ်ဆေးကြမှာဖြစ်ပါတယ်။ အဲ့ဒီလိုစစ်ဆေးလိုက်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း ကိုယ့်ကျောင်းက ကိုယ့်ဆရာမ ထုတ်တဲ့မေးခွန်းမဟုတ်ဘဲ တခြားက လာမယ့်မေးခွန်းဖြစ်တဲ့အတွက် လေ့ကျင့်ကျက်မှတ်မှုမှာ ကျောင်းသားတွေက ပိုပြီးအားစိုက်လာသလို သင်ပြတဲ့ဆရာ ဆရာမတွေအနေနဲ့ကလည်း ကိုယ့်ရဲ့တိုင်းဒေသကြီး/ခရိုင်က ထုတ်မယ့်မေးခွန်းဆိုတော့ သင်ရိုးတစ်ခုလုံးကို ထပ်ခါတလဲလဲလေ့ကျင့်သင်ကြားခြင်းဖြင့် ကလေးတွေလည်း တတ်မြောက်မှုပိုမြင့်လာမယ်။ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုစွမ်းရည်လည်း မြင့်လာမယ်။ မိဘကလည်း အားပေးဖို့လိုတယ်။ မိဘကိုယ်တိုင်လည်း ကလေးတွေနဲ့ ပူးပေါင်းပြီးတော့ ကလေးတွေစာကျက်ဖို့ စာဖတ်ဖို့ အားပေးလာတယ်ဆိုတော့ ပြောင်းလဲလိုက်တဲ့ စစ်ဆေးအကဲဖြတ်ခြင်းက ကလေးတွေအတွက်ရော ဆရာမတွေအတွက်ရော ကောင်းတဲ့လုပ်ငန်းတစ်ခုလို့ မြင်ပါတယ်။

ဒေါ်အေးအေးမြင့်(၁) (အထက (၁) ရန်ကင်း စတုတ္ထတန်းပြဆရာမ)

အရင်က သင်ပြီးခဲ့တဲ့သင်ခန်းစာတွေကို ပြန်မမေးဘူး။ အခုဆိုရင် ကျောင်းအုပ်ကြီးက နှစ်စကတည်းက တောက်လျှောက်ပြန်မေးတဲ့အကျင့်ကို လုပ်လာတဲ့အတွက် ကျောင်းသားကျောင်းသူတွေ ဒီဇင်ဘာအစမ်းစစ်မှာ ဖြေနိုင်ကြပါတယ်။ တချို့ကလေးတွေ မိဘတွေက စားဝတ်နေရေးကို ဖြေရှင်းနေရတဲ့အတွက် သူတို့ကလေးတွေကို အိမ်မှာဘယ်လိုလေ့ကျင့်ခန်းလုပ်ပေးရမယ်၊ မိဘကနေ ကလေးကို ဘယ်လိုတိုက်တွန်းရမယ်ဆိုတဲ့ ကလေးအတွက် အချိန်ပေးနိုင်တာနည်းတာပေါ့နော်။ အတန်းထဲမှာ ဆရာ ဆရာမတွေ လေ့ကျင့်ပေးသလောက်ပဲရှိတယ်။ အိမ်ရောက်ရင် လေ့ကျင့်ခန်းပြန်လုပ်ဖို့ အားနည်းတာလေးတွေရှိတယ်။ အစမ်းစစ်မှာ ကျွန်မတို့ကျောင်းရဲ့ အောင်ချက်ရာခိုင်နှုန်း ၅၃ ဒသမ ၁ ရှိပါတယ်။ အဲဒီထဲမှာ ဆရာမကြီးက အရည်အချင်းအလိုက် အတန်းခွဲလိုက်တယ်။ အဲဒီလို လုပ်လိုက်တော့ ဒီဇင်ဘာလစစ်တဲ့အစမ်းစာမေးပွဲမှာ အားရကျေနပ်ဖွယ်တွေ့ရတယ်။ အားလပ်ချိန်မှာ ဆရာ ဆရာမတွေက ကိုယ့်ဘာသာမှာ အားနည်းတဲ့ကလေးကို အနီးကပ်ခေါ်သင်ပေးတာရှိတယ်။ စနေနေ့မှာလည်း နံနက် ၈ နာရီကနေ မွန်းလွဲ ၂ နာရီအထိ အချိန်ပို အပတ်တိုင်း ခေါ်သင်ပေးပါတယ်။

ဟန်သစ်နိုင်(စတုတ္ထတန်း ကျောင်းသား အထက(၄) အလုံ)

ကျွန်တော် နေ့တိုင်းစာကျက်နေတယ်။ ပြန်လှန်သင်ကြားတာတွေလည်း လုပ်တယ်။ ဆရာမတွေကလည်း နံနက် ၇ နာရီကနေ ၈ နာရီအထိ အချိန်ပိုခေါ်ပြီး တစ်ရက်ကို နှစ်ဘာသာစီသင်ပေးတယ်။ ခရိုင်အစမ်းစစ်တုန်းကလည်း ဖြေနိုင်ပါတယ်။ အခုစာမေးပွဲဖြေဖို့ စာတွေကျက်နေပါတယ်။ အောင်မြင်မယ်လို့ ယုံပါတယ်။

သဲစုကျော် (စတုတ္ထတန်းကျောင်းသူ အထက(၄) အလုံ)

ခရိုင်စစ် အစမ်းစစ်တုန်းက စာပုံမှန်ကျက်တဲ့အခါကျတော့ သမီးဖြေရတာ အားရတယ်။ နံနက်စောစောထပြီးစာဖတ်တယ်။ ညကျတော့လည်းဖတ်တယ်။ ကျောင်းမှာလည်း ပြန်လှန်သင်ကြားတာတွေလုပ်ပေးတယ်။ အတန်းတင်စာမေးပွဲဖြေဖို့ သမီးက အဆင်သင့်ပဲ။

သင်းမြတ်စန္ဒီ(အဋ္ဌမတန်းကျောင်းသူ အထက(၄) အလုံ)

အရင်တုန်းကလို သင်ခန်းစာတစ်ခုချင်းအလိုက်မဟုတ်ဘဲ သင်ခန်းစာအားလုံးကို ဖြေရမယ့်စနစ်ကို ကြိုက်ပါတယ်။ အရင်စနစ်က မေးခွန်းပုံစံနဲ့ ဒီနှစ်မေးခွန်းပုံစံစနစ် မတူပေမယ့် ကျွန်မအတွက် သိပ်ကွာဟမှုအများကြီးမရှိပါဘူး။ အရင်ကတည်းကလည်း တစ်နေ့စာတစ်နေ့ကျက်တယ်။ ကျောင်းမှာလည်း ဆရာမတွေကပြန်လှန်သင်ကြားတာတွေ လုပ်ပေးနေတော့ စာမေးပွဲအတွက် အသင့်ဖြစ်နေပြီ။

အိသက်ခင် (အဋ္ဌမတန်းကျောင်းသူ အထက(၄) အလုံ)

သင်ခန်းစာအကုန်လုံးစစ်တဲ့စနစ်ကိုကြိုက်ပါတယ်။ တစ်နေ့စာတစ်နေ့ မှန်မှန်ကျက်နေတယ်ဆိုတော့ သမီးအတွက်အဆင်ပြေပါတယ်၊ ဒီစနစ်ကြောင့် စာပိုရတယ်။ ၁၀ တန်းအတွက်လည်း ကြိုပြီးအထောက်အကူဖြစ်မယ်လို့ထင်ပါတယ်။

ဒေါ်သက်သက်တင် (အဋ္ဌမတန်းပြ ဆရာမ အထက(၁)ရန်ကင်း)

အဋ္ဌမတန်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်စစ်လုပ်လိုက်တယ်ဆိုတော့ ကျောင်းသားကျောင်းသူတွေအနေနဲ့ အားလုံးကိုကျက်ရမယ်ဆိုတဲ့ အသိကလေးရှိသွားတယ်။ ဒီကနေ အထက်တန်းအဆင့်ကို ကူးပြောင်းတော့မှာဆိုတော့ သချ်ာအနေနဲ့ ဒီမှာ အခြေခံရသွားတယ်ဆိုရင် ၉ တန်းအတွက် သိပ်အခက်အခဲမရှိတော့ဘဲ ဆက်စပ်မှုရှိသွားတယ်။ ဒီစစ်ဆေးမှုပုံစံက တော်တော်လေးအထောက်အကူဖြစ်ပါတယ်။ စနစ်တွေကတော့ကောင်းဖို့ ရည်ရွယ်ချက်နဲ့ လူကြီးတွေက စဉ်းစားပြီးလုပ်ကြတာဖြစ်တဲ့အတွက် တကယ်ကောင်းသွားမှာပါ။ သင်ခန်းစာပြီးဆုံးမှု စစ်ဆေးခြင်းမှာက တချို့ကလေးတွေက စစ်ပြီးသွားရင် ပြီးပြီဆိုပြီး စာတွေမေ့ပစ်လိုက်တာက သူတို့အတွက် မကောင်းဘူး။ အခုစာစစ်တဲ့စနစ်ကျတော့ အဲဒီလိုမေ့လို့မရတော့ဘူး။ အကုန်လုံးကို ပြန်ကြည့်ရတဲ့အခါကျတော့ စာတွေကိုမမေ့တော့ စာတွေပါသွားမယ်လို့ ယူဆတယ်။ အခုစနစ်ကတော့ အားနည်းတဲ့ ကလေးတွေအတွက်ကတော့ နည်းနည်းတော့ အခက်အခဲရှိမယ်။ ၁၀ တန်းအတွက်တော့ အခြေခံကောင်းရသွားမှာပါ။

ဒေါ်သက်သက်တင်

ဒေါက်တာဒေါ်မိုးသူ (ကျောင်းအုပ် အထက(၁) ရန်ကင်း)

အခုစတုတ္ထတန်းကို ခရိုင်စစ်၊ အဋ္ဌမတန်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်စစ်စာမေးပွဲလုပ်တဲ့အခါကျတော့ မိဘတွေအနေနဲ့ဆိုရင် ပိုသဘောကျကြတယ်။ ဆရာမတွေအနေနဲ့လည်း ဘယ်မေးခွန်းကိုမေးမယ်ဆိုတာ မသိတဲ့အတွက် ကျောင်းသားတွေကို ပိုပြီးတော့ ဖိဖိစီးစီးသင်လာကြတယ်။ အချိန်ပိုတွေခေါ်ပြီးတော့ သင်ပေးကြတယ်။ သင်ခန်းစာတွေကိုလည်း ဒီဇင်ဘာလကတည်းက ပြတ်အောင် သင်ကြတယ်။ ခရိုင်စစ် အကြိုစာမေးပွဲကိုလုပ်တဲ့အခါ ကျွန်မတို့ကျောင်းက စတုတ္ထတန်းကအခြေအနေကောင်းပါတယ်။ အဋ္ဌမတန်းကတော့ အင်္ဂလိပ်စာမှာအခြေအနေဆိုးတယ်။ ဒီစစ်ဆေးမှုရလဒ်တွေကို ကြည့်ပြီးတော့ ကျောင်းမှာအောင်တဲ့ကလေးကို တစ်ခန်း၊ ဘာသာစုံကျတဲ့ကလေးကိုတစ်ခန်းနဲ့ အဋ္ဌမတန်းကို လေးခန်းခွဲထားတယ်။ စတုတ္ထတန်းကို သုံးခန်းခွဲပြီးတော့ ထားတယ်။ ဘာသာစုံကျတဲ့ကလေးကို လူနည်းနည်းနဲ့ထားပြီး ဆရာမတွေက အနီးကပ်သင်ပေးတယ်။ ဆရာမတွေကလည်း အချိန်ပိုသင်ပေးတဲ့အတွက် ကလေးတွေက သိသိသာသာတိုးတက်နေပါတယ်။ ဒီနှစ်အတွက်ကတော့ သိပ်တော့အားမရသေးဘူး။ လာမယ့် ပညာသင်နှစ်အတွက်ဆိုရင်တော့ ကြိုတင်ပြင်ဆင်နိုင်မှုတွေရသွားပါပြီ။ အခုစနစ်က အရမ်းကောင်းပါတယ်။ ကလေးတွေအတွက် အခြေခံကောင်းအောင် ဆရာဆရာမတွေ ပိုပြီးဖိဖိစီးစီးလုပ်ပေးရတော့မယ့်အနေအထားပါ။

ဒေါက်တာဒေါ်မိုးသူ

ယခုနှစ်တွင် ခရိုင်စစ် စစ်ဆေးမည့်စတုတ္ထတန်းစာမေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် မြန်မာစာ၊ ၂၀ ရက်နေ့တွင် အင်္ဂလိပ်စာ၊ ၂၃ ရက်နေ့တွင် သင်္ချာ၊ ၂၄ ရက်နေ့တွင် အခြေခံသိပ္ပံ၊ ၂၅ ရက်နေ့တွင် လူမှုရေးဘာသာရပ်တို့ကို စစ်ဆေးမေးမြန်းသွားမည်ဖြစ်ပြီး ဖြေဆိုရန်ကြာမြင့်ချိန်မှာ ၁ နာရီခွဲ ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်စစ်ဆေးမည့် အဋ္ဌမတန်းစာမေးပွဲကို ၁၉ ရက်နေ့တွင် မြန်မာစာ၊ ၂၀ ရက်နေ့တွင် အင်္ဂလိပ်စာ၊ ၂၃ ရက်နေ့တွင် သင်္ချာ၊ ၂၄ ရက်နေ့တွင် ပထဝီ၊ ၂၅ ရက်နေ့တွင် သမိုင်း၊ ၂၆ ရက်နေ့တွင် အထွေထွေသိပ္ပံရပ်တို့ကို စစ်ဆေးမေးမြန်းသွားမည်ဖြစ်ပြီး ဖြေဆိုရန်ခွင့်ပြုချိန်မှာ ၂ နာရီဖြစ်ကြောင်း သိရသည်။

OD Tour
Phone: 536855, 526349, 504808, 523187, 095108087, 095187046
April...12,13,14
April...13
April...13
April...10
April...11
April...12,14
April...12,15
April...12,15
April...12,13,14
April...11
April...12,15
April...12,14
Discount

HTIN ထင်စာပေ
09-258852405, 09-258852406, 09-258852407

မြို့လယ်ကျောင်း Ph: 202046, 392048 256954 ဆရာအာသာ SUCCESS Language Academy
အမှတ် (119), Y.W.C.A
ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ
4-Skill English
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs
March 16
(၆+၇) တန်း နှင့် (၈+၉) တန်း ဖြေဆိုသူများအတွက်
Essay, Letter + Grammar
Writing
7:30 to 10:30 (Sat+Sun) Mar 14
12 to 3:00 (Sat+Sun) Mar 14
7:30 to 9:00 Mar 16 (Mon to Thurs)
BASIC ENGLISH SPEAKING
1 - 2:30 (Mon - Thurs) 16, 23 Feb
1 - 4:00 (Sat + Sun) 28 Feb
6 - 7:30 (Mon - Thurs) 3 Mar
BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 14,28 Feb
1 - 2:30 (Mon - Thurs) 17 Feb
7:30-10:30 (Sat + Sun) 21 Feb
3:30 - 5 (Mon - Thurs) 23 Feb
7:30 - 9 (Mon - Thurs) 24 Feb
PRE-INTERMEDIATE
10-12:00 (Mon - Fri) 9 Feb
1 - 2:30 (Mon - Thurs) 17 Feb
3:30 - 5 (Mon - Thurs) 23 Mar
INTERMEDIATE (Academic English)
7:30-10:30 (Sat + Sun) 14 Feb
10-11:30 (Mon - Thurs) 16 Feb
VOCAB ENRICHMENT
1 - 2:30 (Mon - Thurs) 3 Mar
BASIC WRITING
3:30 - 5 (Mon - Thurs) 3 Mar
BASIC GRAMMAR
10-12:00 (Mon - Thurs) 16 Mar
IELTS (Four Skills)
1 - 3:30 (Mon - Thurs) 23 Mar
IELTS Exam Practice
3:30 - 5 (Mon - Thurs) 16 Mar
IELTS (Speaking)
1 - 2:30 (Mon - Thurs) 23 Feb
IELTS (Reading)
10 - 12:00 (Mon - Thurs) 9 Feb
IELTS (Writing)
7:30 - 9 (Mon - Thurs) 16 Feb
လှည်းတန်းကျောင်းခွဲ
Ph: 01-503472, 09 73001453
BASIC ENGLISH SPEAKING
3:30 - 5 (Mon - Thurs) 3 Mar
12 - 3:00 (Sat + Sun) 14 Mar
10-11:30 (Mon - Thurs) 16 Mar
BASIC GRAMMAR
12 - 3:00 (Sat + Sun) 1 Mar
PRE-INTERMEDIATE
7:30 - 9 (Mon - Thurs) 16 Feb
6 - 7:30 (Mon - Thurs) 23 Feb
BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon - Thurs) 25 Feb
10-11:30 (Mon - Thurs) 25 Feb
7:30-10:30 (Sat + Sun) 1 Mar
12 - 3:00 (Sat + Sun) 1 Mar
3 - 4:30 (Mon - Thurs) 3 Mar
INTERMEDIATE
12 - 3:00 (Sat + Sun) 7 Mar
(၈+၉) တန်း ဖြေဆိုသူများအတွက်
Essay, Letter + Grammar
Writing
7:30 to 10:30 (Sat+ Sun) 14 Mar
7:30 to 9:00 (Mon to Thurs) 16 Mar

အလှူပွဲမှ အထက်လှန်အောက်လျှောရောဂါဖြစ်ပွားမှု သက်ဆိုင်ရာက အချိန်မီ ကုသဆောင်ရွက်ပေးနိုင်

မင်းဘူး ဖေဖော်ဝါရီ ၁၅

မင်းဘူးမြို့နယ် ဘုရားကျေးရွာနေ ဦးကျော်ညွန့်၏ အလှူပွဲတွင် ဖေဖော်ဝါရီ ၁၄ ရက်က ငါးခြောက်ထောင်း၊ ငရုတ်သီးကြော်၊ ငါးဖိုဟင်းချိုတို့ဖြင့် ထမင်းကျွေးမွေးရာ အလှူပွဲမှထမင်းစားသုံးသူ အဆိုပါကျေးရွာမှ သံဃာ ကိုးပါး၊ အမျိုးသား အမျိုးသမီး ၇၄ ဦး စုစုပေါင်း ၈၃ ဦးသည် အထက်လှန်အောက်လျှောရောဂါ ဖြစ်ပွားသဖြင့် အဆိုပါအလှူက ထမင်းကျွေးမှုကို ရပ်ဆိုင်းထားလိုက်ကြောင်း၊ ထိုရောဂါဝေဒနာဖြစ်ပွားသူ ၈၃ ဦး အနက် သံဃာကိုးပါး၊ အမျိုးသား အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၅ ဦးတို့ကို ဘုရားကျေးရွာရှိ အောင်မြေဘုန်းကြီးတော်ကြီးကျောင်း၌ လည်းကောင်း၊ အမျိုးသား အမျိုးသမီး ၅၈ ဦးကို ဘုရားကျေးရွာ ရွာလယ်ဓမ္မာရုံ၌လည်းကောင်း မင်းဘူးမြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာအောင်ကျော်စွာ ဦးစီးသည့် ကျန်းမာရေးဝန်ထမ်း ၁၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ရှစ်ဦး၊ မင်းဘူးမြို့မရဲစခန်းမှ ဒုရဲအုပ် သက်ဦးနှင့်အဖွဲ့တို့က ဆေးကုသမှုဆောင်ရွက်ပေးခဲ့ရာ အဆိုပါဝေဒနာရှင်အားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ

ခရီးသည်တင်မှန်လုံယာဉ်အား လေးခွဖြင့် ပစ်ခတ်သူကို စုံစမ်းဖော်ထုတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၅၈) တွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာယာရပ်ကွက်နေ သူရ (၃၄ နှစ်) မောင်းနှင်လာသည့် 6G/---- ဝေဖြိုးအောင် ခရီးသည်တင်မှန်လုံယာဉ်ကို လမ်းဘေး၌ ရပ်

နေသည့် လူငယ်သုံးဦးအနက် တစ်ဦးက လေးခွဖြင့် ပစ်ခတ်ကာ လမ်း၏ အရှေ့ဘက် ချုံတောအတွင်းသို့ ထွက်ပြေးသွားကြောင်းနှင့် ယာဉ်၏ ယာဘက်မှန်အောက်နားကို ထိမှန်ခဲ့ကြောင်း ယာဉ်မောင်း ကိုသူရက ရေတာရှည်မြို့နယ် စမိုးရဲကင်းစခန်းသို့ လာရောက်အကြောင်းကြားခဲ့သည်။

အကြောင်းကြားချက်အရ ဇီးပင်သာ အမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် စမိုးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လိုက်လံစုံစမ်းရှာဖွေရာ ကားကို လေးခွဖြင့် ပစ်ခတ်ပြီး ထွက်ပြေးသွားသူမှာ ရေတာရှည်မြို့နယ် ကရင်ချောင်းကျေးရွာနေ အောင်ထွန်းဝင်း(၂၅ နှစ်)ဖြစ်ကြောင်း သိရှိရ၍ အောင်ထွန်းဝင်း **(ဓာတ်ပုံ)** ကို ဇီးပင်သာ အမြန်လမ်းမကြီးရဲစခန်းက ဖမ်းဆီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဂွန်ဒေါင်းနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူသေဆုံး

ကျောက်တံခါး ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း -ကျောက်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် (၅/၅) အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီခန့်က ပဲနွယ်ကုန်း-ကျောက်ကြီးသွား ကားလမ်း မိုင်တိုင်အမှတ် ၅/ ၅ အနီး ပဲနွယ်ကုန်းဘက်မှ ကျောက်ကြီးဘက်သို့ ယာဉ်မောင်း တာမလာဂေး (၁၉ နှစ်) ရေလဲရွာ ကျောက်ကြီးမြို့နေသူ မောင်းနှင်သည့် ယာဉ်အမှတ် ၉၄/---- ဂွန်ဒေါင်း (ခ)ပဇင်း အစိမ်းပုပ်ရောင်ယာဉ်သည် ရှေ့မှ ရပ်ထားသော ယာဉ်ကို ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဦးသာထွန်း (၆၃ နှစ်) ဘူးကွဲအိမ်ရာ နေပြည်တော်နေသူ၏ ၅ယ/---- ဟွန်ဒါဒရင်း ဆိုင်ကယ်ဖြင့် တိုက်မိရာ ဦးသာထွန်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ပြီး ဂွန်ဒေါင်း (ခ)ပဇင်းသည် လမ်း၏မြောက်ဘက် လမ်းဘေးသို့ ထိုးကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းက ယာဉ်မဆင်မခြင် မောင်းနှင်သူ တာမလာဂေးကို အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ယာဉ်ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်လမ်းဘေးရှိ ရေမြောင်းထဲသို့ထိုးကျ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၀၅/၁-၂)ကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေးသို့ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်နေ ဇော်ဇော်(၂၃ နှစ်)မောင်းနှင်လာသော 2H/..... Probox အဖြူရောင်ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် ရေမြောင်းထဲသို့ ထိုးကျခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)** ထိုသို့ ထိုးကျမှုကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ ယာဉ်မောင်း ဇော်ဇော်ကို မြို့ချောင်း အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဆေးလိပ်တိုမီးကျရာမှ ကုန်တင်ကားမီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဒဂုံမြို့နယ် အလုံလမ်း Summit Park View Hotel ရှေ့၌ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၄ နာရီခန့်က ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် 7F/---- ၁၄ ပေ ဟီးနိုးကုန်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

မီးလောင်ရာသို့ စမ်းချောင်း၊ အလုံ၊ ကျောက်တံတား၊ လသာမြို့နယ်တို့မှ မီးငြိမ်းသတ်ရေးယာဉ်လေးစီးတို့က သွားရောက်ငြိမ်းသတ်ပေးမှုကြောင့် ညနေ ၄ နာရီ ၂၅ မိနစ်ခန့်က မီးငြိမ်းသွားခဲ့သည်။

မီးလောင်ရခြင်းအကြောင်းမှာ ယာဉ်ပေါ်တွင်ပါလာသော ကတ်ထူစက္ကူပြားများအကြားသို့ ဆေးလိပ်တိုမီးကျသွားရာမှ စတင်လောင်ရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးလောင်မှုကြောင့် ယာဉ်မောင်း(စုံစမ်းဆဲ)ကို ဒဂုံမြို့မ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်စုံစမ်းအရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

ဘော်ဂါသွေး

၂၀၁၅ခုနှစ် မတ် ၂ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့တွင် ကျင်းပပြုလုပ်မည့် တောင်သူလယ်သမားဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ကြေညာချက်

၁။ ၂၀၁၅ခုနှစ် မတ် ၂ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ ဂုဏ်ပြုအခမ်းအနားကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂)တွင် နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ၊ ဆန်ခါတင်ပြိုင်ပွဲဝင် သီချင်း(၂၅)ပုဒ်အား ယခုအခါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်လျက်ရှိရာ တောင်သူလယ်သမားနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဆုရတေးသီချင်းများအား တစ်ပါတည်းကြေညာပြီး အောက်ပါအတိုင်း ဆုများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က)	ပထမဆု	-	ကျပ် ၅၀ သိန်း
(ခ)	ဒုတိယဆု	-	ကျပ် ၄၀ သိန်း
(ဂ)	တတိယဆု	-	ကျပ် ၃၀ သိန်း
(ဃ)	စတုတ္ထဆု	-	ကျပ် ၂၀ သိန်း
(င)	ပဉ္စမဆု	-	ကျပ် ၁၀ သိန်း
(စ)	နှစ်သိမ့်ဆု တစ်ဆုလျှင်	-	ကျပ် ၅သိန်းစီဖြင့် နှစ်သိမ့်ဆု(၁၀)ဆု

၃။ ယင်းဆုပေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဦးဆောင်၍ ခေတ်ပေါ်တီးဝိုင်းများနှင့် တွဲဖက်ဖျော်ဖြေခြင်း အစီအစဉ်ပါရှိမည်ဖြစ်ပါသဖြင့် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်တွင်း၊ ပြည်ပအားကစား

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် (၁၃-၂-၁၅)ရက်နေ့မှ (၁၅-၂-၁၅)ရက်နေ့ထိ ဆုတံဆိပ်ရရှိမှု အခြေအနေ

ပြည်နယ်/တိုင်းဒေသကြီး	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ရန်ကုန်တိုင်းဒေသကြီး	၄၇	၂၇	၁၄	၈၈
မန္တလေးတိုင်းဒေသကြီး	၁၂	၁၇	၂၀	၄၉
ရခိုင်ပြည်နယ်	၆	၃	၄	၁၃
ပဲခူးတိုင်းဒေသကြီး	၅	၈	၈	၂၁
ဧရာဝတီတိုင်းဒေသကြီး	၂	၄	၅	၁၁
ကယားပြည်နယ်	၂	-	၂	၄
ကချင်ပြည်နယ်	၁	၄	-	၅
ရှမ်းပြည်နယ်	၁	၃	၅	၉
မွန်ပြည်နယ်	၁	၂	၃	၆
မကွေးတိုင်းဒေသကြီး	၁	၂	၂	၅
ကရင်ပြည်နယ်	၁	၁	၄	၆
တနင်္သာရီတိုင်းဒေသကြီး	-	၆	၇	၁၃
နေပြည်တော်ကောင်စီနယ်မြေ	-	၁	၅	၆
စစ်ကိုင်းတိုင်းဒေသကြီး	-	၁	၁	၂
ချင်းပြည်နယ်	-	-	-	-

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်

ရခိုင်ယူနိုက်တက် ပထမဆုံးနိုင်ပွဲရ

သတင်း – ညီမြတ်သော်တာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၁၅ ရာသီ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးပွဲစဉ်အဖြစ် ရခိုင်အသင်းနှင့် ဇွဲကပင်အသင်းတို့သည် ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

ရခိုင်ယူနိုက်တက် - လေးဂိုး (စည်သူသန်းစိုးနှင့် ဂျော်ဒန်)

ဇွဲကပင်ယူနိုက်တက် - သုံးဂိုး (ဇီကိုဗစ် - နှစ်ဂိုး၊ ဒရာဂန်)

နိုင်ပွဲမရသေးသည့် အသင်းနှစ်သင်း၏တွေ့ဆုံမှုမှာ ဂိုးအပြိုင်အဆိုင်သွင်းကာ အပြန်အလှန်ရှိခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်း ပထမဆုံး နိုင်ပွဲရရှိခဲ့သည်။ ဇွဲကပင်အသင်းမှာ ယခုပွဲတွင် ရခိုင်အသင်းကို အရှုံးပေးခဲ့ရသောကြောင့် ရမှတ်တစ်မှတ်ဖြင့် အမှတ်ပေးဇယား အောက်ဆုံးသို့ ရောက်ရှိသွားခဲ့သည်။

တန်းဆင်းဇုန်ထဲရောက်နေသည့် အသင်းနှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းမှာပင် သွင်းဂိုးငါးဂိုးအထိ ရှိခဲ့သည်။ ပွဲအစ နှစ်မိနစ်တွင် စည်သူသန်းစိုးက ရခိုင်အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဇီကိုဗစ်က ၁၆ မိနစ်နှင့် ၂၆ မိနစ်တွင် ဇွဲကပင်အတွက် ဂိုးများ ပြန်လည်သွင်းယူခဲ့သည်။ ဇွဲကပင်၏ ဦးဆောင်မှုမှာ ခဏသာကြာခဲ့ပြီး တိုက်စစ်မှူး ဂျော်ဒန်က ၃၁ မိနစ်နှင့် ၃၈ မိနစ်တွင် ရခိုင်အတွက် နှစ်ဂိုး ပြန်လည် သွင်းယူခဲ့သောကြောင့် ပထမပိုင်းတွင် ရခိုင်က အနိုင်ရနေသည်။ ဒုတိယပိုင်းတွင်လည်း ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၅၅ မိနစ်တွင် စည်သူသန်းစိုးက ရခိုင်အတွက် စတုတ္ထဂိုးသွင်းယူခဲ့သည်။ ၅၉ မိနစ်တွင် ဒရာဂန်က ဇွဲကပင်အတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းပေးခဲ့သော်လည်း ပွဲအပြီးထိ သရေရစေမည့် ဂိုးကို ထပ်မသွင်းနိုင်တော့ပေ။

ပွဲစဉ်(၆)အပြီးတွင် ရန်ကုန်အသင်းက ၁၈ မှတ်၊ ဧရာဝတီအသင်းက ၁၆ မှတ်၊ ကမ္ဘောဇနှင့် မကွေးအသင်းတို့က ၁၂ မှတ်စီ၊ ရတနာပုံအသင်းက ၁၀ မှတ်၊ ချင်းယူနိုက်တက်က ၈ မှတ်တို့ ရရှိထားသည်။

ဖေဖော်ဝါရီ ၁၅ ရက်က အက်ဖ်အေဖလား ပဉ္စမအဆင့် ပြိုင်ပွဲအဖြစ် အက်စ်တွန်ဗီလာနှင့် လီဆက်စတာတို့ပွဲတွင် အက်စ်တွန်ဗီလာမှ ဘာကူနာ လီဆက်စတာဘက်သို့ ဂိုးကန်သွင်းစဉ်။ (အဆိုပါပွဲတွင် အက်စ်တွန်ဗီလာက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။)

ပြည်တွင်းသတင်း

အလုံသခင်မြပန်းခြံ အဆင့်မြှင့်တင်

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-တင်မောင်ဦး(အလုံ)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန် အနောက်ပိုင်းခရိုင် အောက်ကြည့်မြင်တိုင် လမ်းမနှင့် ကမ်းနားလမ်းမကြီး အကြားတွင် တည်ရှိသော အလုံသခင်မြပန်းခြံအား ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက အဆင့်မြှင့်တင် ပြုပြင်လျက်ရှိနေသည်။

ပန်းခြံ၏အမည်ကို အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည့် သခင်မြအား ဂုဏ်ပြု၍ "သခင်မြပန်းခြံ" ဟု အမည်ပေးထားခြင်းဖြစ်သည်။ ပန်းခြံ၏ဧရိယာမှာ ၆ ဒသမ ၇ ဧက (၂၉၅၁၉၅ စတုရန်းပေ) ရှိသည်။

ပန်းခြံဟုဆိုသော်လည်း ပြုပြင်ထိန်းသိမ်းနိုင်ခြင်းမရှိသဖြင့် မြက်များ၊ ချုံပုတ်များ၊ ပိန်းတောကြီးများ ဖုံးလွှမ်းလျက် တောရိုင်းမြေသဖွယ် ရှိနေခဲ့သည်။ မြို့တော်စည်ပင်မှ ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ပြန်လည်ပြုပြင်ပေးခဲ့သည်။

ထိုစဉ်က ပန်းခြံဒီဇိုင်းကို ဆောက်လုပ်ရေး ကော်ပိုရေးရှင်းမှ ဗိသုကာပညာရှင် ဦးမောင်မောင်ကြီးက ပုံစံထုတ်ပြုပြင်ခဲ့ကြောင်း မြို့တော်စည်ပင်ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။ ပန်းခြံကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ပန်းခြံဝင်ကြေး တစ်ကျပ် ကောက်ခံခဲ့သည်။

ယင်းနောက်ပိုင်း ပန်းခြံအား ပြုပြင်ထိန်းသိမ်းမှု အားနည်းခဲ့ပြီး ပန်းခြံလမ်းစည်းရိုး၌ စားသောက်ဆိုင်ကြီးများ ဝန်းရံနေခဲ့သည်။ ထိုဆိုင်ကြီးများအား ဖယ်ရှားပြီး ပန်းခြံပြုပြင်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးရန်ပုံငွေဖြင့် အဆင့်လိုက် ပြုပြင်မှုများစတင်ခဲ့သည်။

ပန်းခြံအတွင်း၌ ရှိပြီးသား ရေကန်ဟောင်းအား ပြန်လည်ပြုပြင်ခြင်း၊ ကျန်းမာရေးအတွက် လမ်းလျှောက်ရန်၊ ကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုပြုနိုင်ရန် အားကစားပစ္စည်းများ ထည့်သွင်း တည်ဆောက်ပေးမည့်အပြင် ကလေးငယ်များ အတွက် အားကစားကွင်းငယ်တစ်ခုပါ ပါဝင်မည်ဟု သိရသည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးက "အများပြည်သူ စိတ်လက်ပန်းဖြေဖို့အတွက် ၂၀၁၅ မတ်လမှာ ဖွင့်လှစ်ပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဆိုခဲ့သည်။

ဌာနအနေဖြင့် စက်ယန္တရားကြီးများ ဝန်ထမ်းအင်အားဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိနေသည်။ ပန်းခြံဖွင့်ပါက မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံကြီးကဲ့သို့ပင် ပြည်သူအများ အခမဲ့ဝင်ရောက်အပန်းဖြေနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်အတွင်း ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနအနေဖြင့် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပြုပြင်ပေးလျက်ရှိသော ပန်းခြံ ၆၃ ခြံရှိပြီး ပန်းခြံများအဆင့်မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာ၌ စိန်နားကပ်ခိုးသူ မန္တလေး၌မိ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၅

မိတ္ထီလာမြို့ ပြည်သာယာ(၁)လမ်းနေ ရက်ကန်းစက်ပိုင်ရှင် ဦးလှထွန်းသည် ပုပ္ပားသို့ဘုရားဖူးသွားရာမှ ဖေဖော်ဝါရီ ၄ ရက်တွင် အိမ်ပြန်ရောက်၍ အိပ်ခန်းအတွင်းဝင်ကြည့်ရာ အဝတ်အစားများရှုပ်ပွနေပြီး သမီးဖြစ်သူ လက်ဝတ်ရတနာများထားသော အံဆွဲအား ဖွင့်ကြည့်ရာ စိန်ဆွဲသီး၊ ရွှေဆွဲကြိုး တစ်ကုံးနှင့် စိန်ခြယ်နားကပ်တစ်ရန် စုစုပေါင်း တန်ကြေးငွေကျပ် ၁၇ သိန်းခန့် အခိုးခံရသဖြင့် အမှတ်(၃)နယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

အမှတ်(၃)နယ်မြေရဲစခန်းမှ ဝမ်းတွင်း၊ မလှိုင်၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ခရိုင်(မှူ/ကူ)၊ တိုင်း(မှူ/ကူ)များသို့ ဖုန်းဆက်သွယ်ကာ ပျောက်ဆုံးပစ္စည်းစာရင်းကိုပေးပို့၍ ကူညီစုံစမ်းပေးရန် မေတ္တာရပ်ခံခဲ့သည်။ မန္တလေးတိုင်း(မှူ/ကူ)မှ ယင်းနေ့က မန္တလေးမြို့ မန်းမြို့ဈေးသို့ စိန်ထည်လာရောင်းသူ မသင်္ကာဖွယ် တင်အောင်မော်(ခ)မော်ကြီးကိုစစ်ဆေးရာ မိတ္ထီလာမြို့ ပြည်သာယာတောင်ပိုင်း အိမ်တစ်အိမ်မှ ဟူစိန်(ခ)သောင်းကျော်ထိုက်နှင့်အတူ ခိုးယူခဲ့ကြောင်း ဝန်ခံသဖြင့် ဖမ်းဆီးပြီး မိတ္ထီလာမြို့သို့ သက်သေခံစိန်ခြယ်နားကပ်ကို ဖေဖော်ဝါရီ ၆ ရက်က အမှတ်(၃)နယ်မြေရဲစခန်းသို့ အပ်နှံခဲ့သည်။

တင်အောင်မော်(ခ) မော်ကြီးနှင့်အတူ စိန်ထည်ခိုးယူသူ ဟူစိန်(ခ)သောင်းကျော် ထိုက်ကို မိတ္ထီလာ(မှူ/ကူ)က ဖေဖော်ဝါရီ ၆ ရက်က သက်သေခံ စိန်ခြယ်နားကပ်တစ်ရန်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ စိန်ထည်ခိုးယူသူ သုံးဦးအနက် ဘော်ဘော်ဆိုသူမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် အမှုဖွင့်အရေးယူထားသည်။ စိန်ထည်ပစ္စည်းခိုးယူသူများအား ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကြောင့် သုံးရက်အတွင်း ပြစ်မှုကျူးလွန်သူ သုံးဦးကို ဖော်ထုတ်နိုင်ခဲ့သည်။ **တင်လှိုင် (မိတ္ထီလာ)**

ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပ

ဒလ ဖေဖော်ဝါရီ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ဗိုလ်တေဇအားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှေးဦးစွာ ဒလမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်သူအောင် ဦးဆောင်၍ နိုင်ငံတော်အလံအား ချီတက်အလေးပြုခဲ့သည်။ ထို့နောက် နိုင်ငံတော် သမ္မတအဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက ဖတ်ကြားခဲ့သည်။

သန်းဌွေး(ဒလ)

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အနီးစခန်းရှိ အောင်ပန်းကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်က မီးဘေးကြိုတင်ကာကွယ် တားဆီးရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများကို လက်တွေ့မီးငြိမ်းသတ်သရုပ်ပြစဉ်။ ထွဏ်းလှအောင်(မန္တလေး)

ဘာသာရပ်ဆိုင်ရာ ဘောလုံးဗိုလ်လုပွဲကျင်းပ

ဗန်းမော် ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် ဗန်းမော်တက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ဆိုင်ရာ အမျိုးသား အမျိုးသမီး ဘောလုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်မြို့ ခရိုင် အား/ကာ အားကစားကွင်း၌ ကျင်းပသည်။

မွန်းလွဲ ၁ နာရီတွင်အမျိုးသမီးပွဲစဉ် သင်္ချာအသင်းနှင့်ပထဝီ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာသင်္ချာအသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုရရှိသည်။ ညနေ ၃ နာရီတွင် ဓာတုဗေဒအသင်းနှင့် သမိုင်းအသင်းတို့ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ သမိုင်းအသင်းက ဓာတုဗေဒအသင်းကို ရှစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ပွဲစဉ်အပြီးတွင် ဆုပေးပွဲကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်ဝင်း၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူ အမျိုးသား အမျိုးသမီး ဘောလုံးအသင်း၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး ဘောလုံးသမားဆု၊ အကောင်းဆုံး ရှေ့တန်းဆု၊ အလယ်တန်းဆု၊ နောက်တန်းဆု၊ ဒိုင်းဆု၊ ဆုတံဆိပ်၊ ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝါဝါ (ဗန်းမော်)**

မြို့နယ်ဆေးရုံများတွင် လက်ထောက်ဆရာဝန်များခန့်ထားမည်

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ဆေးရုံများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်ရာထူးနှင့် သွားဆရာဝန်ရာထူး နေရာများအတွက် ဖြည့်စွက်ခန့်ထားရန် နှုတ်ဖြေစာမေးပွဲများကျင်းပပြီးစိစစ်ရွေးချယ်လျက်ကြောင်း သိရသည်။

ထိုသို့ခန့်ထားရာတွင် လက်ထောက်ဆရာဝန်လစ်လပ်နေရာ ၅၆ နေရာ၊ သွားဆရာဝန် ခြောက်နေရာ စုစုပေါင်း ၆၂ နေရာအတွက် ၇၆၈ ဦးလာရောက်လျှောက်ထားကြပြီး ဖေဖော်ဝါရီ ၇ ရက်မှစ၍ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတွင်နှုတ်ဖြေစာမေးပွဲများကျင်းပပြီး ရွေးချယ်ခြင်းဖြစ်ကြောင်း အဆိုပါဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါရာထူးနေရာများအတွက်လက်ထောက်ဆရာဝန် ၅၆ နေရာအတွက် လျှောက်ထားသူ ၆၅၅ ဦးနှင့် သွားဆရာဝန် ခြောက်နေရာအတွက် လျှောက်ထားသူ ၁၁၃ ဦးရှိပြီး လစ်လပ်နေရာများတွင် အမြန်ဆုံးခန့်ထားနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

ခွာနာလျှာနာကြောင့် နွားငယ် ၁၉ ကောင်သေဆုံး

မကွေး ဖေဖော်ဝါရီ ၁၅

မကွေးမြို့နယ် ထုံးပေါက်တောကျေးရွာအုပ်စု အလယ်ကျောင်းကျေးရွာရှိ နွားများမှာ ခွာနာလျှာနာရောဂါဖြစ်ပွားခြင်းကြောင့် သေဆုံးနေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၁၂ ရက်က မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ်တိရစ္ဆာန်ဆေးကု ဒုတိယဦးစီးမှူး ဒေါက်တာညိုမင်းမြင့်နှင့်အဖွဲ့ ရောက်ရှိပြီး ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ထိုကျေးရွာတွင် ခွါနာလျှာနာရောဂါကြောင့် လသားအရွယ် နွား ၁၉ ကောင် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ထိုကျေးရွာတွင် အိမ်ခြေ ၃၇၀ ခန့်ရှိကာ နွားကောင်ရေ ၁၃၀၀ ကျော် မွေးမြူထားရှိပြီး ထိုနွားများအတွင်းမှ နွားကောင်ရေ ၁၅၀ ကျော်ခန့်မှာ ခွာနာလျှာနာရောဂါ ဝင်ရောက်လျက်ရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ နွားများအား ဒေါက်တာညိုမင်းမြင့် ဦးဆောင်၍ ကျေးလက်လူငယ်များနှင့် ရွာသားများ ကာကွယ်ကုသခြင်းလုပ်ငန်းများ၊ ရောဂါနှင့် ပတ်သက်၍ ဟောပြောခြင်းများ ဆောင်ရွက်နေကြောင်း၊ ထိုရောဂါမှာ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း ကုသရန်ခက်ခဲသည့်ရောဂါဖြစ်ပြီး ကာကွယ်ဆေးထိုးထားခြင်း မရှိသော နွားများ တစ်ကြိမ်ဖြစ်ပွားခဲ့ဖူးလျှင် သုံးနှစ်ခန့်အကြာတွင် တစ်ဖန်ပြန်လည်ဖြစ်တတ်ကြောင်း ကာကွယ်ဆေးပုံမှန်ထိုးရမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးအေးမော်က ပြောသည်။ **ကျော်ဇေယျ**

အာမခံလုပ်ငန်း အသိပညာပြန့်ပွားရေးဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၁၅

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့် ပတ်သက်၍ အာမခံလုပ်ငန်း အသိပညာပြန့်ပွားရေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စက်မှုဝန်ကြီးဌာန အမှတ်(၂) သံမဏိစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း၊ ရှမ်းပြည်နယ် အာမခံရုံး တောင်ကြီးမြို့မှ ပြည်နယ်တာဝန်ခံ ဒေါ်ရီရီမြင့်က မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ထမ်း အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ မီးအာမခံနှင့် ခရီးသွားအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းဟောပြောပွဲသို့ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ စက်ရုံမှူးနှင့် အရာရှိများ၊ ဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်အချက်အလက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အင်းသားလေး(တောင်ကြီး)

ဖိတ်ခေါ်ဖလား ဘော်လီဘောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဖိတ်ခေါ်ဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ် (၁၃)ရပ်ကွက် ဘော်လီဘောကွင်း၌ ကျင်းပရာ ဖေဖော်ဝါရီ ဒုတိယပတ်က ပြိုင်ပွဲတွင်ဆုရရှိခဲ့သည့်အသင်းများကို ဆုများချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းမှ ဘော်လီဘောအသင်း ၁၂ သင်း ပါဝင်ဆင်နွှဲခဲ့ရာ ပထမဆုအဖြစ် လှိုင် (၁၃) ရပ်ကွက် အသင်း၊ ဒုတိယအဖြစ် မြောက်ဥက္ကလာပအသင်း၊ တတိယအဖြစ် မန္တလာအသင်းနှင့် စတုတ္ထအဖြစ် ရာမညအသင်းတို့ ဆုများရရှိခဲ့ကြသည်။ နေရာလိုက်အကောင်းဆုံး ဘော်လီဘော ကစားသမားဆုကို မန္တလာအသင်းမှ စိုင်းမြတ်သူကရရှိခဲ့သည်။

ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် ရှစ်သိန်း၊ ဒုတိယဆုငွေကျပ် ခြောက်သိန်း၊ တတိယဆုငွေကျပ် လေးသိန်းနှင့် စတုတ္ထဆုငွေကျပ် တစ်သိန်း ချီးမြှင့်ပေးခဲ့သည်။ ဖေဖော် ဝါရီ ၁၂ ရက်က ကျင်းပသည့် ပွဲစဉ်များတွင် အသက် ၅၀အထက် မြန်မာနိုင်ငံလက်ရွေးစင် ဘော်လီဘောကစားသမားဟောင်းများနှင့် တပ်မတော်ဘော်လီဘော လက်ရွေးစင်ကစားသမားဟောင်းကို အနီနှင့်အဝါ နှစ်သင်းခွဲပြီး ယှဉ်ပြိုင်ပွဲထည့်သွင်းကျင်းပခဲ့ရာ အနီအသင်းက ပထမရရှိကာ ဆုငွေကျပ် နှစ်သိန်းရရှိခဲ့သည်။ ဒုတိယရရှိသည့် အဝါအသင်းကို ငွေကျပ် တစ်သိန်းခွဲ ချီးမြှင့်ခဲ့သည်။

ဝေယံဦး

ပြည်တွင်းသတင်း

အသိဉာဏ်ပစ္စည်းမူဝါဒများ ပေါ်ထွက်လာရေးအလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အဖွဲ့ (World Intellectual Property Organization -WIPO) တို့ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူဝါဒများ ပေါ်ထွက်လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီကကျင်းပသည်။

ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူဝါဒသည် စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် သိပ္ပံနှင့် နည်းပညာနယ်ပယ်များတွင်သာမက ကဏ္ဍအားလုံးတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နှင့် ဆိုင်သောအရာများသည် ကျယ်ပြန့်စွာ အရေးပါလာကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းအစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်သာမက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့၊ အာဆီယံ၊ ဂျပန်တီထွင်မှုမူပိုင်ခွင့်အဖွဲ့၊ အမေရိကန်တီထွင်မှု မူပိုင်ခွင့်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသော ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းပြီး မြန်မာ့အသိဉာဏ် ပစ္စည်းမူပိုင်ခွင့် ဥပဒေများဖြစ်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ဆွေးနွေးပွဲများအကြိမ်ကြိမ်ပြုလုပ်ပြီး ပေးပို့လာသောအကြံပြုချက်များကိုအခြေခံကာ ဥပဒေမူကြမ်းရေးဆွဲခဲ့ရာ အပြီးသတ်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ပြည့်ဝသော မူဝါဒများချမှတ်နိုင်ရန်အတွက် အကျိုးရှိသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများ ပေါ်ပေါက်လာစေရန် WIPO မှ နည်းပညာများနှင့် ဥပဒေပြုအကြံပြုချက်များကို ရယူခဲ့ပါကြောင်း၊ မြန်မာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး ပေါ်ပေါက်လာစေရေးအတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ ဝန်ထမ်းများသင်တန်းပေးခြင်း၊အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နေပါကြောင်း၊ အမျိုးသားရေး အသိဉာဏ်ပစ္စည်းဆိုင်ရာမူဝါဒနှင့် နည်းဗျူဟာများ ပေါ်ထွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များဖြင့် ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် WIPO မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မိမိတို့၏လုပ်ငန်းနယ်ပယ်အလိုက် အတွေ့အကြုံများနှင့် နိုင်ငံတကာအတွေ့အကြုံများအပေါ် အခြေခံပြီး ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။ **(မြန်မာ့အလင်း)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်း

ပဲခူး ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ ရှင်းလင်းပွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ထပ်ဆင့်ရှင်းလင်းသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

ဖေဖော်ဝါရီ ၁၄ ရက်က ချင်းပြည်နယ် တီးတိန်မြို့၌ တီးတိန်-လိုင်လိုး ကျေးလက်ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းကို ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုကို တာဝန်ရှိသူများ ကြည့်ရှုစဉ်။

နေစု(ချင်းရိုးမ)

သိမ်းဆည်းလယ်မြေများ ပြန်လည်ပေးအပ်ပြီး ယာယီလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေး

သာစည် ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ သိမ်းဆည်းလယ်ယာမြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)အစား ယာယီလုပ်ပိုင်ခွင့်လက်မှတ်များထုတ်ပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးညှိခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် သိမ်းဆည်းလယ်မြေပိုင်ရှင်တောင်သူများ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က သာစည်မြို့နယ် ရွာကြီးကျေးရွာအုပ်စု၊ ကွင်း အမှတ်(၁၇၅၀/၂၀၂၉)ဆည်ကြီးရိုးတောင်ကွင်းရှိ လယ်ယာမြေ ၂၁ ဒသမ ၂ ဧကအတွက် လယ်ယာမြေယာယီလုပ်ပိုင်ခွင့် လက်မှတ်များကို ဘုံးရုံကျေးရွာမှ ဦးဖိုးစိန်ပါ တောင်သူခြောက်ဦးတို့ကို ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက် မှတ် ပုံစံ(၇)ကိုလည်း မကြာမီရရှိအောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

တောင်သူများသို့ လက်တွန်းထွန်စက်များပေးအပ်

ဖန်းမော် ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် အမှတ် (၉၀) စက်မှုလယ်ယာ စခန်း၌ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ရောင်းချပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက တိန်းသော် ကျေးရွာမှ အရစ်ကျ စနစ်ဖြင့်ဝယ်ယူသော တောင်သူ ၁၀ ဦး၏ စာချုပ်စာတမ်းများကို တောင်သူများကိုယ်စား ဦးကျော်ကြီးသို့ ပေးအပ်ခဲ့သည်။

ဗန်းမော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများထံသို့ ၂၀၁၅ နှစ်ဆန်းတွင် လက်တွန်းထွန်စက် အစီးရေ ၂၂ စီးရောင်းချပေးခဲ့ပြီး လက်တွန်းထွန်စက်တစ်စီးဝယ်ယူရာတွင် အရစ်ကျစနစ်ဖြင့် ပထမအရစ်တွင် ငွေကျပ် ၅၄၄၀၀၀ နှင့် စုစုပေါင်း သုံးရစ်ဖြင့် ငွေကျပ် ၁၆၃၂၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ပြောင်းလဲနိုင်ရေးအတွက် ထွန်စက်အစီး ၄၀ ၊ လက်တွန်းထွန်စက် ၂၅၈၅ စီး၊ ရိတ်သိမ်းစက် ၁၀၈ စီး၊ ခြွေလှေ့စက် ၆၇ လုံးတို့ဖြင့် ဆောင်ရွက် လျက်ရှိသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ညိုသစ်တောကြိုးဝိုင်းအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နတ်တလင်း ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သစ်တောဦးစီးဌာန သစ်ထုတ်ရေး အရာထမ်း၊ အမှုထမ်းများပါဝင်သောအဖွဲ့များသည် နတ်တလင်းမြို့နယ် တောင်ညို သစ်တော ကြိုးဝိုင်းအတွင်း တရားမဝင်သစ် ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် တောင်ညိုသစ်တောကြိုးဝိုင်းအတွင်းရှိ အကွက် ပေါင်း(၁၁)ကွက်နှင့် တောင်ညိုဆည်နှင့် သဖန်းချောင်းကျေးရွာ တစ်လျှောက်ရှိ နေရာပေါင်း ၃၁ နေရာ၌ တရားမဝင် ကျွန်းသစ်လုံး၊ ကျွန်းတိုင်နှင့် ကျွန်းခွဲသား ၂၆၉ ဒသမ ၉၉၉၄ တန်နှင့် ပျဉ်းကတိုးသစ်လုံးနှင့် အခြားသစ်လုံး ၁၉ ဒသမ ၉၇၆၀ တန် စုစုပေါင်း ၂၈၉ ဒသမ ၉၇၅၄ တန် Nissan UD ခေါင်းဖြူ ၁၀ ဘီးတစ်စီး၊ ချိန်းဆောနှစ်လက်၊ ဆိုင်ကယ်တစ်စီးတို့ကို ရှာဖွေဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။ သာယာဝတီခရိုင်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ်ရှာဖွေဖမ်းဆီးသည့် အကြိမ်ပေါင်း ၆၄၃ ကြိမ်မှ သစ်တန်ပေါင်း ၁၃၂၂ ဒသမ ၇၀၅၃ တန် ဖမ်းဆီးနိုင်ခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ်ထက် ၁၃၅ ကြိမ်၊ တန်ပေါင်း ၆၁၅ ဒသမ ၄၆၉၅ တန် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မင်းလွင်(ပြည်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်

မြစ်ငယ် ဖေဖော်ဝါရီ ၁၅

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းကို မြစ်ငယ်မြို့ ကတ္တရာလမ်းမှတစ်ဆင့် သာယာအေးကျေးရွာသို့ ဆက်သွယ်ထားသော ပေ ၁၆၁၀ ၊ အကျယ် ၁၅ ပေရှိသော ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက သာယာအေးကျေးရွာ ကွန်ကရစ်လမ်းသစ် မင်္ဂလာနေရာ၌ ကျင်းပသည်။

အဆိုပါလမ်းကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ မြစ်ငယ်မြို့အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဥယျာဉ်တော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရဲမြင့်၊ သာယာအေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေဇော်နှင့် အလှူရှင် ဦးအောင်ခတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ယင်းကွန်ကရစ်လမ်းကို အလှူရှင် ဦးအောင်ခ၊ ဒေါ်ပိုင် မိသားစုက မတည်အလှူငွေကျပ် ၆၉ သိန်းနှင့်အတူ ကျေးရွာသူ ကျေးရွာသားများ စုပေါင်းလှူဒါန်းငွေကျပ် ၄၆ သိန်း စုစုပေါင်း ၁၁၅ သိန်း အကုန်အကျခံကာ ဖောက်လုပ်ခဲ့သည်။

မောင်မောင်စိုး(မြစ်ငယ်)

ပျဉ်းမနားတွင် မန္တလေး ရမ်အတုများ ဖမ်းဆီးရမိ

ပျဉ်းမနား ဖေဖော်ဝါရီ ၁၅

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနား မြို့မဈေး၌ ဖေဖော်ဝါရီ ၁၀ ရက်က မန္တလေး ရမ်အတုများ ဖမ်းဆီးရမိကြောင်း သိရသည်။

သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဈေးတွင်ဝင်ရောက် ရှာဖွေရာ ရမ် (အတု) တစ်ဖာလျှင် ၁၂ လုံးပါ ၄၁ ဖာ ကို ရှာဖွေသိမ်းဆည်းခဲ့မိ ကြောင်း၊ မန္တလေးရမ်ပုလင်းတွင် အတုအဖြစ်ထည့်သွင်း၍ လိမ်လည်ရောင်းချ လျက်ရှိသော ဆိုင်ပိုင်ရှင်ကို ပျဉ်းမနားမြို့မ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဇော်မျိုးနိုင်

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

ပြည်တွင်းသတင်း

မန္တလေးတက္ကသိုလ်နှင့် ပြည်ပတက္ကသိုလ်များ နားလည်မှုစာချွန်လွှာလက်မှတ်ထိုး

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးတက္ကသိုလ်သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများကို ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ရေး၊ ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပတက္ကသိုလ်များနှင့် သင်ရိုးညွှန်းတမ်းများ အပြန်အလှန်ဖလှယ်ရေး၊ ဘာသာရပ်အလိုက် ဆွေးနွေးပွဲများနှင့် စာတမ်းဖတ်ပွဲများတွင် ပြည်ပပညာရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်ရွယ်ပြီး မန္တလေးတက္ကသိုလ်အနေဖြင့် ပြည်ပတက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)များကို ရေးထိုးလျက်ရှိသည်။

မန္တလေးတက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စု Northern Illinois University တို့အကြား ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ သုတေသနဆောင်ရွက်ချက်များ၊ မန္တလေးတက္ကသိုလ်အနေဖြင့် နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ်နှင့် Northern Illinois University တို့အကြား သင်ကြားရေး ဆရာဆရာမများ၊ သုတေသနပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ အပြန်အလှန်ဖလှယ်ခြင်းဖြင့် ပညာရေးအဆင့်မြှင့်တင်နိုင်ရန်၊ သုတေသနဆိုင်ရာ သိပ္ပံပစ္စည်းများ၊ ဘာသာရပ်ဆိုင်ရာ စာတမ်းပုံနှိပ်ထုတ်ဝေမှုများ၊ သိပ္ပံဆိုင်ရာနှင့် လူမှုရေးသိပ္ပံဆိုင်ရာ အချက်အလက်များ ဖလှယ်နိုင်ရန်၊ သုတေသနများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒေသအတွင်း ပညာရေးပူးပေါင်းဖလှယ်ရေး အစီအစဉ်များဖြစ်သည့် သင်ရိုးညွှန်းတမ်းများ၊ Conferences, Symposia များကို ပူးပေါင်းဆောင်ရွက်ရန် စသည်တို့ပါဝင်သည့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)ကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းနှင့် Northern Illinois University မှ Vice President for International Affairs ဖြစ်သူ Raymond W.Alden III တို့က လက်မှတ်ရေးထိုးကြသည်။

မန္တလေးတက္ကသိုလ်အနေဖြင့် ဂျာမနီ၊ ဂျပန်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ ကိုရီးယား၊ သြစတြေးလျ၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့ရှိ အဖွဲ့အစည်း၊ တက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ၁၂ ခု ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

အောင်ကျော်ထိုက်

ပလက်ဝ အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ပလက်ဝ ဖေဖော်ဝါရီ ၁၅

ချင်းပြည်နယ် ပလက်ဝမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဖေဖော်ဝါရီ ၈ ရက်က မြို့မအားကစားကွင်း၌ ကျင်းပရာ ဆမီးမြို့အသင်းက ရိက္ခရပ်ကွက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်းဂိုးနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများနှင့် ပထမရရှိသွားသော ဆမီးမြို့အသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်က လည်းကောင်း၊ ဒုတိယဆုရရှိသွားသော ရိက္ခရပ်ကွက်အသင်းနှင့် တတိယ ဘောင်သားကျေးရွာအသင်းကို မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူးကလည်းကောင်း ဆုများချီးမြှင့်ကြသည်။ **မြို့နယ် အား/ကာ**

မြန်မာနိုင်ငံကလေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးငယ်များ၏ ကာယ၊ ဉာဏ၊ စွမ်းရည်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံကလေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးသင်းပိုင် မူလတန်းကြိုကျောင်းများရှိ ကလေးငယ်များ၏ ကာယ၊ ဉာဏ၊ စွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ နံနက်ပိုင်းတွင် မူလတန်းကြိုကျောင်းများရှိ ကလေးများ၏ ကာယ၊ ဉာဏ၊ စွမ်းရည်ပြိုင်ပွဲကို စတင်ပြုလုပ်ပြီး နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မူလတန်းကြိုကျောင်းကလေးများမှ မြန်မာကဗျာပြိုင်ပွဲ၊ အင်္ဂလိပ်ကဗျာပြိုင်ပွဲ၊ သီချင်းပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တေးသရုပ်ဖော်များဖြင့်လည်း ကပြဖျော်ဖြေကြသည်။ **(မြန်မာ့အလင်း)**

နှစ်နိုင်ငံတက္ကသိုလ် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

မန္တလေး ဖေဖော်ဝါရီ ၁၅

ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ ညွှန်ကြားရေးမှူး ပါမောက္ခ ဆာကာဘီဘာရာ(Sakabibara) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်ညနေ ၄ နာရီက မန္တလေးမြို့ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ လမ်း ၃၀ ရှိ ဆေးတက္ကသိုလ် မန္တလေးသို့ရောက်ရှိပြီး နှစ်နိုင်ငံတက္ကသိုလ်အချင်းချင်း ဆေးပညာသင်ကြားမှု ပူးပေါင်းဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်မန္တလေးပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်က မိတ်ဆက်စကားပြောကြား၍ ဆေးတက္ကသိုလ် မန္တလေး သမိုင်းကြောင်းနှင့် ပညာသင်ကြားမှု အဆင့်ဆင့်ကို Power Point ဖြင့် ရှင်းလင်းပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ တင်မောင်ဟန်၊ သူနာပြုတက္ကသိုလ် မန္တလေး ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသီတာနှင့် ပါမောက္ခဌာနမှူးများ၊ နာဂိုယာတက္ကသိုလ် ညွှန်ကြားရေးမှူး ပါမောက္ခဆာကာဘီဘာရာနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်ငါးဦးတို့က ဆေးပညာသင်ကြားမှု ပူးပေါင်းဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

မူးယစ်ဆေးဝါး သိန်း ၁၀၀ ကျော်ဖိုး ဖမ်းမိ

အင်းတော် ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ဂျုံးဂျုံးကျရွာအနီး မူးယစ်ဆေးဝါး သိန်း ၁၀၀ ကျော် ဖမ်းမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၂ ရက်က ကသာခရိုင် မူးယစ်တပ်ဖွဲ့စု (၆)မှ ဒုရဲမှူးရန်နိုင်ထွန်းနှင့်အဖွဲ့သည် ခရိုင်မှူး/ကူမှ ရဲအုပ်အောင်ကြည်မြင့်၊ အင်းတော်ရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်သောင်းစိန်ထွန်း၊ မဲဇာရဲကင်းစခန်းမှူး ရဲအုပ်ထွန်းထွန်းတို့အဖွဲ့နှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးသတင်းအရအင်းတော်မြို့နယ် ဂျုံးဂျုံးကျကျေးရွာတောင်ဘက်ရှိ ဆင်အင်းတံတားအနီးတွင် စောင့်ဆိုင်းနေစဉ် မင်းရောင်စိုး မောင်းနှင်ပြီး လှငွေ နောက်မှ စီးနင်းလိုက်ပါလာသော ကန်ဘိုဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ရှေ့ဂွကြားတွင် ညှပ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ရှစ်ခွက် စုစုပေါင်းအလေးချိန် ၁၀၈ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၁၀၈ သိန်းကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးကို တရားလိုပြုလုပ်ကာ တိုင်ကြားထားပြီး ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှအောင်(ကသာ)**

ခဲယမ်းများ သယ်ဆောင်လာသူနှစ်ဦး ဖမ်းဆီးရမိ

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၅

ဖေဖေါ်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲခန့်က မိုင်းဖြတ်မြို့ မြို့ဝင်ဘီးခွန် ယမ်းခမ်းရွာအနီး ကျိုင်းတုံ-တာချီလိတ်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် မိုင်းဖြတ်မြို့နယ်ရဲစခန်းမှ ရဲအုပ်နေဝင်းအောင်ဦးစီးတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်နေစဉ် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က တာချီလိတ်ဘက်မှ မိုင်းဖြတ်ဘက်သို့ ယာဉ်မောင်း နောနော်မောင်းနှင်ပြီး အိုက်စွမ်း စီးနင်းလာသည့် Suzuki အမျိုးအစား ခဲရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ခန်း၌ တင်ဆောင်လာသော Fuji Apples တံဆိပ်ပါ အဝါရောင်စက္ကူပုံးအတွင်းမှ ၅. ၅၆ ကျည်ဘူးငယ်တစ်ဘူးလျှင် ၂၀ တောင့်ပါ ၂၆ ဘူး၊ စုစုပေါင်း ၅. ၅၆ ကျည် ၅၂၀ တောင့်၊ ၂၂ ကျည်အိမ်အတွင်း ထည့်လျက် ၂၂ ကျည်ငါးတောင့်တို့အား ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ် နေဝင်းအောင်က သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး နောနော်နှင့် အိုက်စွမ်းတို့အား စစ်ဆေးရာ နောနော်၏ ကျည်ဆန်များဖြစ်ကြောင်းနှင့် ၎င်းကျည်များအား ပန်ဆန်းဒေသတွင် ပြန်လည်ရောင်းချရန် သယ်ယူကြောင်း သိရသည်

အမှုမှ ခဲယမ်းများ သယ်ဆောင်လာသော နောနော်(၃၅နှစ်)၊ ဆန်ဆိုင်း(က)ရပ်ကွက် (၇)လမ်း တာချီလိတ်မြို့နေသူနှင့် အိုက်စွမ်း (၂၂ နှစ်) ပန်ဆန်းမြို့နေသူတို့ နှစ်ဦးအား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

ပဲခူး ဖေဖော်ဝါရီ ၁၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းထုတ်ယူသယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုများကို အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိသည်။

ဖေဖော်ဝါရီ ၈ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျွန်းကုန်း- ဖဒိုလမ်းဘေးနေရာမှ တရားမဝင် ပျဉ်းကတိုး၊ တောင်ပိန်းခွဲသား ၈၂ ချောင်း၊ ၂ ဒသမ ၂၇၂၈ တန်နှင့် ယာဉ်တစ်စီး၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာအနီးမှ ရုံးခွဲသား ၃၇ ချောင်း၊ ၂ ဒသမ ၂၁၁၆ တန်၊ ပဲခူးမြို့နယ် တောင်ဇာမရိကြိုးဝိုင်း အကွက်အမှတ်(၃၄) အတွင်းမှ ပျဉ်းကတိုးသစ်လေးလုံး၊ ၀ ဒသမ ၈၅၆၀ တန်၊ ဖြူးမြို့နယ် ဖြူးကွန်းကြိုးပြင်ကာကွယ်တော အကွက် (XIII) အတွင်းမှ ပျဉ်းကတိုး သစ် ၁၄ လုံး၊ ၄ ဒသမ ၄၁၀ တန်နှင့်မီးသွေးအိတ် ၄၀၊ ၆ ဒသမ ၄ တန်၊ ညောင်လေးပင်မြို့နယ် မြို့မ(၄)ရပ်ကွက်အနီးနေရာမှ ပျဉ်းကတိုးခွဲသား ၃၂ ချောင်း၊ ၂ ဒသမ ၄၁၂၂ တန်၊ ဒိုက်ဦးမြို့နယ် ဘုရားကြီးကွင်းကျေးရွာအုပ်စု ခင်တန်းရွာအနီးမှ ဖန်ခါး၊ သပြေခွဲသား ၂၁ ချောင်း၊ ၂ ဒသမ ၀၅၉၄ တန်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ပန်းတောင်းမြို့နယ် သနိကြိုးဝိုင်းအကွက်အမှတ်(၅) အတွင်းမှ ပျဉ်းကတိုး/သစ်ယာ/ချဉ်ယုတ်ခွဲသားရှစ်ချောင်း၊ ၁ ဒသမ ၁၉၃၀ တန်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ဇာမရိကြိုးဝိုင်း အကွက်အမှတ် (၆၃)အတွင်းမှ ကျွန်းခွဲသား ၅၈ ချောင်း၊ ၃ ဒသမ ၁၃၆၈ တန်၊ အကွက်အမှတ် (၁၁)အတွင်းမှ ကညင်၊ ကောင်းမှူ ၆၃ လုံး၊ ၃၉ ဒသမ ၀၉၆၀ တန်၊ အကွက်အမှတ် (၉)အတွင်းမှ ကညင်၊ ပျဉ်းမခွဲသား လေးချောင်း၊ ၀ ဒသမ ၇၈၅၄ တန်၊ အကွက်အမှတ်(၅၅)အတွင်းမှ ကျွန်းခွဲသား ၆၂ ချောင်း၊ ၁ ဒသမ ၄၁၃၂ တန်၊ ပန်းတောင်းမြို့နယ် သံလယ်ကြီးကြိုးဝိုင်းအတွင်းမှ ထောက်ကြံ့၊ ချဉ်ယုတ်သစ် ခြောက်လုံး၊ ၁ ဒသမ ၁၅၂ တန်၊ ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေးလမ်းမကြီးနံဘေးနေရာမှ ယင်းစပ်ခွဲသား ၆၉ ချောင်း၊ ၀ ဒသမ ၄၁၇၀ တန်၊ ဒိုက်ဦးမြို့နယ် ဒရယ်မီး-အုတ်ရှစ်ကုန်းကျေးရွာလမ်းဆုံ အနီးနေရာ၌ ယမနေ၊ မျောက်ငိုသစ်ခွဲသား ၂၀၆ ချောင်း၊ ၂ ဒသမ ၀၀၁၈ တန်၊ ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနံဘေးနေရာမှ ကျွန်းခွဲသား ၂၃ ချောင်း၊ ၁ ဒသမ ၁၇၀၆ တန်၊ ယာဉ်တစ်စီးနှင့် ပြစ်မှုကျူးလွန်သူသုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် နတ်တလင်းမြို့နယ် ပျဉ်းမခေါင်ရွာအနီးနေရာမှ ကျွန်း၊ ခူသန်သစ်အလုံး ၃၀၊ ၇ ဒသမ ၄၅၄၀ တန်နှင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပန်းတောင်းမြို့နယ် သံလယ်ကြီးကြိုးပြင် အကွက်အမှတ် (၁၂၃) အတွင်းမှ ဘင်္ဂခွဲသားခြောက်ချောင်း၊ ၁ ဒသမ ၀၄၇၈ တန်အား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျောင်းနေအရွယ် ကလေးငယ်များအား နို့တိုက်ကျွေး

သံတွဲ ဖေဖော်ဝါရီ ၁၅။ သံတွဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့်ကျောင်းနေအရွယ်ကလေးများအား နို့တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၁ နာရီက အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း (ငပလီ)၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်နှင့် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးတို့က နို့တိုက်ကျွေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူ ၁၂၀ တို့ကို နို့နှင့်ကြက်ဥအာဟာရများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **သန့်ဇင် (iprd)**

ပြည်တွင်းသတင်း

မကွေးမြို့၌ဖြစ်ပွားနေသော နွား ခွာနာ၊ လျှာနာရောဂါ ထိန်းချုပ်ကုသနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိ

မကွေး ဖေဖော်ဝါရီ ၁၅

မကွေးမြို့နယ် ထုံးပေါက်တောကျေးရွာအုပ်စု အလယ်ချောင်းကျေးရွာတွင် ဖြစ်ပွားလျက်ရှိသော ကျွဲ၊ နွား ခွာနာ၊ လျှာနာကူးစက်ရောဂါပိုးကြောင့် ဆုံးရှုံးနစ်နာမှု အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ ကွင်းဆင်းစစ်ဆေးပြီး ထိန်းချုပ်ကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ နတ်မောက်မြို့နယ်နှင့် မကွေးမြို့နယ်တို့တွင် ဇန်နဝါရီ ၁၅ရက်မှစတင်၍ ခွာနာ၊ လျှာနာရောဂါ စတင်ဖြစ်ပွားကူးစက်နေခြင်းဖြစ်ကြောင်း သိရသည်။ ထုံးပေါက်တောကျေးရွာအုပ်စုနှင့် အလယ်ချောင်းကျေးရွာများမှ အိမ်ခြေ ၃၇၀ ခန့်တွင် မွေးမြူထားသော နွားကောင်ရေ ၁၃၀၀ ကျော်အနက် နွားကောင်ရေ ၁၅၀ ခန့်ကို ရောဂါပိုးကူးစက်ခံနေရပြီး နွားသားပေါက်များလည်း သေဆုံးနေကြောင်း၊ လသားအရွယ် နွား ၁၉ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

"ရောဂါရဲ့သဘောသဘာဝက ဗိုင်းရပ်စ်ကြောင့်ဖြစ်တာဆိုတော့ အလွန်ပျံ့လွယ်တယ်။ အဲဒါကြောင့် ကာကွယ်ဆေးထိုးဖို့ ရွာတွေကိုစည်းရုံးရပါတယ်။ ဟောပြောပွဲတွေ လုပ်ပေးရပါတယ်။ တချို့ရွာတွေဆိုရင် ကာကွယ်ဆေးထိုးဖို့ အခုထိ ဆွေးနွေးလို့ မရသေးပါဘူး။ အခုဖြစ်တဲ့ရွာဆိုရင် ဟောပြောပွဲလုပ်တာ သုံးခါလောက်ရှိပြီ။ အမှန်တကယ်က ဟောပြောပွဲတွေလုပ်ရုံနဲ့ မလုံလောက်ဘူး။ Movement Control လို့ခေါ်တဲ့ ရောဂါဖြစ်လာပြီဆိုရင် နွားတွေကို ဟိုဘက်ရွာကိုမရွှေ့ရဘူး၊ စားကျက်ကိုမကျောင်းရဘူး။ နွားတွေကိုမသယ်ရဘူး။ ဒီရောဂါကြောင့်သေရင် မီးရှို့ရမယ်။ မြေမြှုပ်ရမယ်။ ဒီလိုလိုက်နာစေဖို့လည်း တိရစ္ဆာန်ကျန်းမာရေးနဲ့ဖွံ့ဖြိုးရေးဥပဒေနဲ့ ကြီးကြပ်ခွင့်တွေပေးထားပါတယ်။ ဥပဒေတွေကို ရွာတွေမှာ ကျေးလက်လက်စွဲဆိုပြီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကို ပညာပေးစာစောင်တွေလည်း ဖြန့်ဝေထားပါတယ်၊ ဒါပေမယ့် ရွာတွေမှာ အကုန်လုံးလည်းမလိုက်နာနိုင်ဘူးဆိုတော့ ရောဂါကမပျံ့သင့်ပဲနဲ့ ပျံ့နေရတာပေါ့"ဟု Research Officer ဒေါက်တာ မာမာအေး က ပြောသည်။

အဆိုပါရောဂါပိုးသည် မိခင်နွားမကြီးများ၌ ကာကွယ်ဆေး ခြောက်လတစ်ကြိမ် ပုံမှန်မထိုးခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကာ နွားကြီးများကို အသက်သေသည်အထိ ရောဂါမဖြစ်စေနိုင်သော်လည်း လသားအရွယ်နွားငယ်လေးများတွင် ကူးစက်ခံရမှုလွယ်ကူကာ သေကြေပျက်စီးရခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း လုပ်ငန်းခွင်မအားလပ်မှုများကြောင့် ကာကွယ်ဆေးထိုးရန် ပျက်ကွက်နေကြကြောင်း၊ ဆေးဝါးထုတ်လုပ်မှုကုန်ကျစရိတ်ကြောင့် အခမဲ့ မထိုးပေးနိုင်သော်လည်း နှစ်ပတ်မှလေးပတ်အတွင်း နှစ်ကြိမ်ဆေးထိုးခအဖြစ် နွားတစ်ကောင်လျှင် ငွေကျပ် ၁၆၀၀ သာ ကောက်ခံကြောင်း၊ နွားတစ်ကောင်၏ တန်ဖိုးနှင့် နှိုင်းစာလျှင် မပြောပလောက်သောငွေကြေးသာ ဖြစ်ကြောင်း၊ ရောဂါပိုးကြောင့် နွားသားပေါက်များ သေဆုံးရုံသာမက နွားကြီးများမှာလည်း လုပ်ငန်းခွင်စွမ်းအားများ ကျဆင်းကာ လုပ်ငန်းခွင်နှောင့်နှေးခြင်း၊ ကိုယ်ဝန်ဆောင်နေသော နွားမများတွင် သားလျှောခြင်းနှင့် နို့စားထုတ်လုပ်မှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရောဂါဖြစ်ပွားနေမှုအခြေအနေကို ထိန်းချုပ်ရန်အတွက် မကွေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာညိုမင်းမြင့် ဦးဆောင်သော သုတေသနအရာရှိတစ်ဦး၊ အခြေခံမွေးမြူရေးသင်တန်းသား လေးဦးက ခွာနာ၊ လျှာနာရောဂါပိုး ကူးစက်ခံနေရသော အလယ်ချောင်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေသခံပြည်သူများ၏အကျိုးစီးပွားများ မဆုံးရှုံးစေရန်နှင့် လယ်ယာကဏ္ဍ၏ အရေးပါသော အကျိုးပြုတိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန်အတွက် ကူးစက်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဇေယျာတု(မကွေး)

မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကော့ကရိတ်မြို့နယ်၌ နေ့ချင်းပြီးဆောင်ရွက်

ကော့ကရိတ် ဖေဖော်ဝါရီ ၁၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဒေါဖျာကျေးရွာအုပ်စု ကော့ဖလွတ်ကျေးရွာမှ ဒေသခံပြည်သူများအား မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို NRC အဖွဲ့၏ ထောက်ပံ့မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဖေဖော်ဝါရီ ၁၂ ရက်က နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ် ပြည့်ပြီးသူ ၁၅၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူး ဦးဝင်းဇော်အောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးနေဦး၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ခိုင်၊ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်စိုး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးလှတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမန်းဝင်းနိုင်တို့က ကာယကံရှင်များလက်ဝယ် ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးထက်အောင်(ကော့ကရိတ်)

ဖေဖော်ဝါရီ ၁၃ ရက်က မြန်မာနိုင်ငံကလေးများနေ့အခမ်းအနားကို ရန်ကုန်မြို့ အလုံမြို့နယ် အထက(၄)ကျောင်းဝင်း၌ ကျင်းပရာ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ ကလေးငယ်များက ပြည်ထောင်စုတေးသရုပ်ဖော် အကဖြင့် ဧည့်ခံဖျော်ဖြေစဉ်။ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဇီးကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

ဇီးကုန်း ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ရေပေးဝေရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားတည်ဆောက်ပြုပြင်ခြင်းနှင့် ရေပေးဝေရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကျေးလက်ကျောက်ချောလမ်း နှစ်လမ်း အရှည် ၄ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်းအရှည် ၄ မိုင်၊ အုတ်ခုံခုံ သစ်သားတံတား ငါးစင်း၊ ရေပြွန် ခုနစ်စင်း၊ ရေပေးဝေရေး လုပ်ငန်းအနေဖြင့် လက်တူးတွင်းတစ်တွင်း၊ မြေသားရေကန်တစ်ကန်၊ နှစ်လက်မစက်ရေတွင်းသုံးတွင်း၊ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းအနေဖြင့် ကျေးရွာ ရှစ်ရွာတွင်ဆိုလာနှင့် ဆက်စပ်ပစ္စည်း ၆၇၇ စုံတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသော လယ်တွင်း-ထန်းရှစ်ပင်-လွှစင်ကုန်း-သဲဖြူ ရွာလမ်းဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးထူးခိုင်၊ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမင်းမောင်နှင့် လမ်းတာဝန်ယူဖောက်လုပ်သည့် AutumnDream ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ထူးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသည် အရှည် ၂ မိုင် ၅ ဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေမည်ဖြစ်သည်။

တင်မြင့်(နတ်တလင်း)

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး အမှာစကားပြောကြားစဉ်။

(ပြည်နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

ချောင်းဦး ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ရွှေဒါးကျကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာဖွင့်ပွဲကို (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကံဌေးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရွှေဒါးကျကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်ကို ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်တို့က အမှာစကားပြောကြားခဲ့ကြသည်။

ညောင်ပင်သာကျေးရွာအုပ်စု ရွှေဒါးကျကျေးရွာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးအတွက် ၂၀၀ ကေဗွီထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများကို ငွေကျပ်သိန်း ၆၀၀ ကျော် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း၊ အိမ်ခြေ ၁၈၀ ရှိသည့်အနက် အိမ်ခြေ ၁၅၀ တွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

အိအိစိုး(ချောင်းဦး)

နွားထိုးကြီးမြို့နယ်အတွင်း ကျေးရွာများတွင် ကျောင်းဆောင်သစ်များ တည်ဆောက်

နွားထိုးကြီး ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ထန်းတောကျေးရွာနှင့် သရက်ကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ ကျောင်းဆောင်သစ်များ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထန်းတောကျေးရွာနှင့် သရက်ကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများတွင် ဆောက်လုပ်နေသော ကျောင်းဆောင်သစ်များမှာ အကျယ်(၆၀×၃၀)ပေ အာရ်စီတစ်ထပ်ကျောင်းဆောင်များဖြစ်ကာ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးကောင်းမွန်သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အသုံးပြုရေးနှင့် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးတို့အတွက် မြင်းခြံခရိုင် တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဝင်များ ဖေဖော်ဝါရီ ၁၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ပြည်တွင်းသတင်း

ရွှေပေလွှာစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၅

ကျေးလက်နေပြည်သူများ အသိပညာ၊ ဗဟုသုတရရှိစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ရန် အကောင်းနှင့်အဆိုး ချင့်ချိန်ဝေဖန်ပိုင်းခြားနိုင်စေရန်နှင့် နိုင်ငံအတွက်အားထားရသည့် လူချွန်၊ လူကောင်းများ ပေါ်ထွန်းစေရန်ရည်ရွယ်၍ ပြင်ဦးလွင်မြို့နယ် ဆေးတလုံးကျေးရွာ ရွှေပေလွှာစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးခင်မောင်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်အလှူရှင်များက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူ၊ တပ်မတော်နည်းပညာတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိတို့က ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းသည်။ စာကြည့်တိုက်ဖွင့်ပွဲအပြီးတွင် ကျေးလက်နေပြည်သူများ အသိပညာတိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(၄၃၂)

နိုင်ငံခြားသားဇနီးမောင်နှံ စက်ဘီးစီး၍ဈေးဝယ်ထွက်စဉ် ယာဉ်တိုက်ခံရ တစ်ဦးနေရာတွင်သေဆုံးပြီး တစ်ဦးပြင်းထန်ဒဏ်ရာရရှိ

ကသာ ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအနီး နီကယ်စက်ရုံမှ မောင်းကုန်းကျေးရွာသို့ ဈေးဝယ်ထွက်လာသော နိုင်ငံခြားသားဇနီးမောင်နှံနှစ်ဦး ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ယာဉ်တိုက်ခံရမှုကြောင့် အမျိုးသမီးမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားပြီး အမျိုးသားမှာလည်း ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခန့်က ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအနီး နီကယ်စက်ရုံ သတ္တုအရည်ကျိုဌာနမှ ဝန်ထမ်း Mr. Li Wel (၄၂ နှစ်)နှင့် ဇနီးဖြစ်သူ Mrs. Yam Aimel (၃၅နှစ်)တို့သည် မောင်းကုန်းကျေးရွာသို့ ဈေးဝယ်ထွက်ရန် စက်ဘီးတစ်စီးစီဖြင့် ဗန်းမော်-မန္တလေးကားလမ်းတစ်လျှောက် စီးနင်းလာစဉ် ရဲရင့်အောင်(ခေါ်) ဗိုလ်ရဲ မောင်းနှင်လာသော ယာဉ်အမှတ် ၉၅/---- အပြာရောင် FAW ကားသည် စတီယာရင်တိုင် တိုက်ရော့ပြုတ်၍ နောက်မှဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် Mrs. Yam Aimel မှာ ဦးခေါင်းဒဏ်ရာ အပါအဝင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ပြီး Mr. Li Wel မှာလည်း ဒဏ်ရာများရရှိပြီး အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကို ဥပဒေအရအရေးယူပေးရန် မောင်းကုန်းရဲကင်းစခန်းမှူး ရဲအုပ်ဇော်ဦးက တရားလိုပြုလုပ်တိုင်တန်းထားပြီး ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ရဲရင့်အောင်(ခ)ဗိုလ်ရဲ (၁၈နှစ်) မလိုင်ခြုံကျေးရွာ ထီးချိုင့်မြို့နယ်နေသူအား ထီးချိုင့်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

မူးယစ်ဆေးဝါးရောင်းချသူ ဖမ်းဆီးရမိ

နတ်တလင်း ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့တွင် ပေါင်းတည်မြို့မှလာရောက်၍ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေသူအား ဖေဖော်ဝါရီ ၁၀ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပေါင်းတည်မြို့မှ နတ်တလင်းမြို့သို့ မူးယစ်ဆေးဝါးလာရောက်ဖြန့်ဖြူးနေကြောင်းသတင်းအရ နတ်တလင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ရဲလွင်နှင့်အဖွဲ့သည် နတ်တလင်းမြို့ တာပွန်လမ်း၌ ဖေဖော်ဝါရီ ၁၀ ရက်က စောင့်ဆိုင်းနေစဉ် မသင်္ကာသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မောင်းနှင်စီးနင်းလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်လာသူ ထွန်းထွန်းမင်း(၄၆နှစ်)နှင့် ဇနီး မကြည်ကြည်စန်း (ပေါင်းတည်မြို့တွင်နေထိုင်သူ)တို့ထံမှ ကော်ဘူးအဖြူရောင်အတွင်း ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၀ ဒသမ ၀၅ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ဒုရဲအုပ်ရဲလွင်က အမှုဖွင့်တိုင်တန်းကာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မောက်-တောင်ယာပြင် ကျေးရွာချင်းဆက်လမ်းသစ်ဖွင့်

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၅

ဂန့်ဂေါမြို့နယ်အတွင်းရှိ မောက်ကျေးရွာနှင့် တောင်ယာပြင်ကျေးရွာချင်းဆက် မြေသားလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၄၃၁ သန်းဖြင့် ဖောက်လုပ်ခဲ့ပြီး လမ်းဖွင့်ပွဲကို ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

မောက်-တောင်ယာပြင် ကျေးရွာချင်းဆက် မြေသားလမ်းသည် အရှည် ၂ မိုင်၊ အကျယ်ပေ ၃၀ ရှိပြီး တင်ဒါအောင်မြင်သော ဟိုတယ်သီပေါ ကုမ္ပဏီက နိုဝင်ဘာလအတွင်းက စတင်ဖောက်လုပ်ခဲ့ကာ ဖေဖော်ဝါရီလဆန်းတွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။ လမ်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် မောက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖေမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖောက်လုပ်ပြီးစီးသည့် မြေသားလမ်းသစ်သည် မော်တော်ယာဉ်များ စက်ဘီး၊ ဆိုင်ကယ်များ လွယ်ကူစွာဖြတ်သန်းမောင်းနှင်နိုင်သဖြင့် မောက်နှင့် တောင်ယာပြင်ကျေးရွာများသာမက အနီးဝန်းကျင်ရှိ ကျေးရွာများပါ သွားလာမှုအဆင်ပြေစေသည့်အပြင် မောက်ရွာသို့ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ပညာသင်ရန် သွားရောက်ကြရသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း သွားလာရေးလွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း တောင်ယာပြင်ကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

စိန်ကျော်(ဝါးဘိုးချောင်)

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုဖွင့်ပွဲ စည်ကားစွာကျင်းပ

မတ္တရာ ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့အခမ်းအနားနှင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်အပါး ၅၀၀ ကို ဆွမ်းလောင်းလှူကြပြီး ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ပရိသတ်များကိုလည်း ပဲပြုတ်နှင့်နံပြားအပါအဝင် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်စာစောင်များ၊ ရာပြည့်အထိမ်းအမှတ် စတစ်ကာများကိုလည်း အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို ဧည့်သည်တော်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့မိမြို့ဖတစ်ဦးက အမှာစကားပြောကြားကာ အခမ်းအနားဖြစ်မြောက်ရေး ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

စိုးကျော်သူထွေး(မတ္တရာ)

Ph: 209077, 209388, 09-73167000, 09-73168000

ဆေးပင်

တန်းဖိုးရှိသော ပညာများကို သင်ယူခြင်းဖြင့် သင့်ဘဝကိုမြှင့်တင်လိုက်ပါ
ထက်ငုဝါ
ဖက်ရှင်ဒီဇိုင်း သင်တန်းကျောင်း
အမှတ် ၁၂၊ ပထမထပ်(A)၊ ၁၄၉ လမ်း၊ သီတာလမ်းမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၂၂၁၅၁၂၁

မြန်မာကော်တွန်ကုမ္ပဏီ
မွေ့ရာ၊ ခန်းဝင်ပစ္စည်းစုံနှင့် ခန်းဆီးလိုက်ကာ၊ ဆိုဖာချုပ်လုပ်ပြုပြင်ခြင်း
အမှတ် ၁၂၀၊ မဟာဗန္ဓုလလမ်းနှင့် (၅၇)လမ်းထိပ်၊ ပုဇွန်တောင်မြို့နယ်
ဖုန်း-၀၁-၂၉၁၃၁၇၊ ၂၀၂၉၂၁၊ ၀၉-၈၆၂၇၄၈၉

ပြင်ဆင်ဖတ်ရှုပါရန်
၁၉-၁-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၉) ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် လျှောက်ထားသူ အင်တိတ်လီ(ခ)ဦးတင်ခိုင်+၂တို့၏ မှတ်ပုံတင်အမှတ်များတွင် ၁၂/သဃက(နိုင်)အစား သဃက(ပြု)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ နဘူးကျင်းကျေးရွာအုပ်စု၊ နဘူးကျင်းကျေးရွာနေ ဇော်ဝင်းမောင်(ဘ)ဦးသောင်းမြင့် ၉/ရမသ(နိုင်)၁၃၁၄၃၄၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဇော်ဝင်းမောင်
ဖုန်း-၀၉-၇၉၆၁၄၆၄၆၀

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀၊ PHASE-2)၊ မြေကွက်အမှတ် ၆၄၊ ဧရိယာ ၀ ဒသမ ၁၄၇၈ဧက နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်သီတာခိုင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် ၉၀၄၂/၂၀၁၄ တင်ပြ၍ ဦးစိုင်းလုံ ၁၂/ကမရ(နိုင်) ၀၂၇၁၈၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း
သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇+၃၂ ကံဘဲ့)၊ မြေကွက်အမှတ် ၄၊ ဧရိယာ ၀ ဒသမ ၁၁၂ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးကိုကိုဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်အိမ်အား အရောင်းအဝယ်စာချုပ် ၉/၂၀၁၅ တင်ပြ၍ ဦးအိုက်ရွှေ ၁၃/လရန(နိုင်)၀၅၅၆၂၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်း

အရှိန်မထိန်းနိုင်သော ကုန်တင်ယာဉ်က ရှေ့မှသွားနေသည့် ကြံတင်ယာဉ်ကို ဝင်တိုက်မိ

ရေတာရှည် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၁ ရက်နံနက် ၅ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက် ညောင်ပင်ကိုင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် အရှိန်မထိန်းနိုင်သည့် ကုန်တင်ယာဉ်က ရှေ့မှသွားနေသော ကြံတင်ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့ပြီး နှစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ယာဉ်မောင်း နိုင်လင်းအောင်(၂၇ နှစ်)အမှတ်(၂)ရပ်ကွက် တောင်သာမြို့နေသူမောင်းနှင်သည့် မစ်ဆူဘီရှီ ကင်တာ ၄/----ခြောက်ဘီး ကုန်တင်ယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာစဉ် ကားလမ်းမိုင်တိုင်အမှတ် ၁၉၃ နှင့် ၄ အကြားတွင် ရှေ့မှ မောင်းနှင်နေသော ကြံတင်ယာဉ်အားကျော်တက်ရာ မျက်နှာချင်းဆိုင်ဘက်ကနေ မီးထိုးကာမောင်းနှင်လာသည့် ယာဉ်ကြောင့် ယာဉ်၏ဦးခေါင်းကို ပြန်တည့်စဉ် ကြံတင်ယာဉ်နောက်ပိုင်းကို ဝင်တိုက်မိခဲ့ပြီး ကြံတင်ယာဉ်မှာ ဆက်လက်မောင်းနှင်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း နိုင်လင်းအောင်တွင် ဒဏ်ရာများနှင့် ယာဉ်ရှေ့ဦးခေါင်း၌ စီးနင်းလိုက်ပါလာသူ မစန္ဒာ (၂၇ နှစ်)

အင်တဲကျေးရွာ တောင်သာမြို့နယ်နေသူတွင် ဦးခေါင်းယာဘက်တွင် ပေါက်ပြဲဒဏ်ရာများရရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ရေတွင်း၊ ရေစက်နှင့် ရေလှောင်ကန်များ လှူဒါန်း

မလှိုင် ဖေဖော်ဝါရီ ၁၅

မလှိုင်မြို့နယ် သိမ်ကုန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ အများပြည်သူ သောက်သုံးရန် DuPont (Myanmar)Co,Ltd. မှ လှူဒါန်းသော ရေတွင်း၊ ရေစက်နှင့် ရေလှောင်ကန်တစ်ခု လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော် ဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၂၈၀ ရှိ လေးလက်မ အဝီစိတွင်းဖြစ်ပြီး ရေစက်ရုံတစ်ရုံ၊ အလျား ၁၁ ပေ ၊ အနံ ၅ ပေ၊ အမြင့် ၆ ပေရှိ အုတ်ရေလှောင်ကန် တစ်ကန် အပါဝင် စုစုပေါင်း ငွေကျပ် သိန်း ၃၀ အကုန်ကျခံ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရေတွင်းမှရရှိသောရေဖြင့် သိမ်ကုန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများနှင့် သိမ်ကုန်းကျေးရွာရှိ အိမ်ခြေ ၂၃၀ မှ လူဦးရေ ၈၆၀ အတွက် သန့်ရှင်းသော သောက်သုံး ရေလုံလောက်စွာ ရရှိပြီဖြစ်ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် ကလေးမြို့

သတင်းဆောင်းပါး ဂျူနိုင်း

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ခရိုင်လေးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်သော ကလေးမြို့သည် ရပ်ကွက်ကြီး ၁၉ ရပ်ကွက်နှင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၁ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ ကလေးမြို့နယ်တွင် လူဦးရေသုံးသိန်းကျော်နေထိုင်ကြကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အိမ်ခြေနှင့် လူဦးရေတိုးတက်မှု အလွန်မြန်ဆန်လျက် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသောမြို့ ဖြစ်သည်။

ကလေးမြို့ကို ကောဇာသက္ကရာဇ် ၃၂၈ ခုနှစ်တွင် ကျေးတောင်ညိုမင်းကြီးက စတင်တည်ထောင်ခဲ့ပြီး ရွှေတောင်မြို့၊ စဉ်းတုံမြို့၊ မန်လုံမြို့နှင့် ခမ်းပတ်မြို့ လေးမြို့က ကာရံထားသောကြောင့် ကာလေးမြို့ဟု သမုတ်ခဲ့ရာမှ ယခုအချိန်တွင် ကလေးမြို့ဟု ခေါ်ဆိုခဲ့ကြောင်း၊ စတင်တည်ထောင်သူ ကျေးတောင်ညိုမင်းကြီးအပါအဝင် မင်းဆက်လေးဆက်ဖြင့် ဆက်လက်တည်ထောင်ထားခဲ့ကြောင်း ကြားသိရသည်။ မြို့အနီးတွင် သဘာဝကို လွှန်ဆန်လျက် တောင်မှမြောက်သို့စီးဆင်းသည့် မြစ်သာမြစ်နှင့် ကန့်လန့်ဖြတ်တည်ရှိသော တောင်ဖီလာတောင်တို့ရှိသဖြင့် ထူးခြားသည့်မြို့တစ်မြို့ ဖြစ်သည်။

ကလေးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၀ တွင် တည်ရှိပြီး အရှေ့မှ အနောက်သို့ မိုင် ၆၀၊ တောင်မှ မြောက်သို့ ၈၈ မိုင်နှင့် ဧရိယာစတုရန်းမိုင် ၃၃၃၆ ဒသမ ၅၅၆ မိုင် ကျယ်ဝန်းသည်။ မြို့အဝင်မုခ်ဦးကြီးများလည်း ခံ့ညားထည်ဝါစွာဆောက်လုပ်ပြီး ဖြစ်သည်။

ကလေးမြို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ပေးမှုနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်ကူပြုကော်မတီ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တစ်နှစ်တာကာလအတွင်း၌ ကလေးမြို့သာမက မြို့နယ်အတွင်း ကျေးလက်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်နေရပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးတွင်လည်း ကလေးမြို့သည် ချင်းပြည်နယ်၊ အိန္ဒိယနယ်စပ် တမူးမြို့၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် နီးကပ်စွာတည်ရှိနေပြီး ကလေးဝမြို့မှတစ်ဆင့် မုံရွာ၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့ အထိသွားလာရန် ရေကြောင်း၊ ကုန်းကြောင်းလမ်းများဆုံရာမြို့ ဖြစ်သည်။ ထို့အပြင် လေဆိပ်၊ ရထားဘူတာနှင့် အဝေးပြေးယာဉ်ရပ်နားဝင်းများ တည်ရှိရာမြို့ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူသလို မြို့တွင်းမြို့ပြင်တံတားများကိုလည်း သံကူကွန်ကရစ်တံတားကြီးများဖြင့် တည်ဆောက်ထားသဖြင့် ခရီးလမ်းချောမွေ့သောမြို့လည်း ဖြစ်သည်။

ပညာရေးကဏ္ဍတွင်လည်း တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အထက်တန်းကျောင်း ငါးကျောင်းရှိပြီး ကျန်းမာရေးကဏ္ဍအတွက်လည်း ခုတင်(၃၀၀) ဆံ့ ပြည်သူ့ဆေးရုံ၊ ခုတင်(၁၀၀) ဆံ့ စစ်ဆေးရုံ၊ ဆောက်လုပ်ဆဲသူနာပြုနှင့် သားဖွားသင်တန်းကျောင်းများရှိသည်။ ထို့အပြင် အဆင့်မြှင့်တင်ဆောက်လုပ်ဆဲ ခရိုင်အဆင့် ပြည်သူ့အားကစားကွင်းကြီးလည်းရှိရာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများအတွက်လည်း ပူပင်ရန်မရှိသောမြို့ဖြစ်သည်။

စီးပွားရေးအရလည်း ဆန်ရေစပါးပေါများ ကြွယ်ဝခြင်း၊ နယ်စပ်ဒေသကုန်သွယ်မှုကောင်းခြင်း၊ မြို့မဈေး၊ ပင်လုံဈေးနှင့် တာဟန်းဈေးကြီး တည်ရှိခြင်းနှင့် စက်မှုဇုန်များတည်ရှိရာမြို့လည်းဖြစ်သဖြင့် အလုပ်အကိုင်၊ အခွင့်အလမ်း ပေါများသည်။

ယခုအချိန်တွင် ကလေးမြို့သည် မြို့ကြီးအင်္ဂါရပ်နှင့်ပြည့်စုံလျက် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံမှ ပြည်သူများ စည်းလုံးညီညွတ်စွာ နေထိုင်ရာမြို့ဖြစ်သည်။ နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိပြီး စီးပွားရေး အချက်အချာကျသောမြို့လည်းဖြစ်သဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ဘက်စုံကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည်။ ။

ပြည်ပနိုင်ငံတွေမှာ ပါလီမန်က ပြဋ္ဌာန်းမယ့်ဥပဒေတွေကို ရှေ့နေ (Draftsmen)များက ရေးဆွဲပေးရပါတယ်…။ မြန်မာနိုင်ငံမှာလည်း လူတိုင်းပါဝင်ရေးဆွဲနိုင်တဲ့ ဥပဒေရေးဆွဲရေးစနစ်(All inclusive legal Drafting)ထွန်းကားပေါ်ပေါက်စေရန် ရည်ရွယ်၍ ဦးအုန်းသန်း(ဥပဒေ)က ဥပဒေရေးဆွဲရေး အနုပညာ စာအုပ်ကို ပြည်သူ့လက်ဝယ်သို့ အရောက် ပို့လိုက်ပါပြီ…။

Ph:09-43034225, 09-49252408

ပထမအကြိမ်၊ ၂၀၁၅၊ဇန်နဝါရီ။

အမည်မှန်

မော်ဝမ်းရပ်ကွက်နေ ဦးဝင်းမြင့် ၇/ပခန(နိုင်)၁၀၇၉၈၂၏ သား ဖားကန့် အထက နဝမတန်း(G)မှ မောင်နော်ဆိုင်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ကိုကိုနိုင်ဖြစ်ပါကြောင်း။ **မောင်ကိုကိုနိုင်**

ဖခင်အမည်မှန်

ဖားကန့်မြို့၊ မရှီကထောင် အလက ဒုတိယတန်း(A)မှ မောင်ဟိန်းအောင်ကို၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဦး ၁/မကတ(နိုင်)၀၇၂၇၀၈ ဖြစ်ပါကြောင်း။ **ဦးစိုးနိုင်ဦး**

မိဘအမည်မှန်

တောင်ဥက္ကလာပမြို့နယ် အထက-၃ နဝမတန်း(B)မှ မထူးနန္ဒာ၏ မိဘအမည်မှန်မှာ ဦးဆန်းလွင်-ဒေါ်ခင်ကြွယ်ကြွယ်ဌေး ဖြစ်ပါကြောင်း။ **ဦးဆန်းလွင်-ဒေါ်ခင်ကြွယ်ကြွယ်ဌေး**







အများသိစေရန် ကြေညာခြင်း

ကျွန်မဒေါ်ဝင်းဝင်းမြင့် ၁၂/လသန(နိုင်)၀၀၆၆၂၅သည် မော်တော်ယာဉ်အမှတ် 5A/8338 အပ်နှံရာတွင် ကညနမှ ထုတ်ပေးသောပုံစံ(ဃ)အမှတ်-1014269 မိတ္တူမှာ ပျောက်ဆုံးသွားပါသဖြင့် ပုံစံ(ဃ) မိတ္တူထောက်ခံချက် ထုတ်ယူရန် လျှောက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၅၁၆၃၂၈၂**

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

မကွေး ဖေဖော်ဝါရီ ၁၅

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံး၊ ကဗျာရွတ်၊ ဆောင်းပါးနှင့် စကားရည်လုပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများ၊ လူမှုဝန်ထမ်းနှင့်ပုဂ္ဂလိက မူကြိုကျောင်းများမှ ကလေးငယ်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တက္ကသိုလ်နှင့် ကောလိပ်များမှ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်က အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်ဦးဇေယျက မကွေး တက္ကသိုလ်နှင့် ကောလိပ်များမှ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးလှသန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကဗျာ၊ ဆောင်းပါး၊ ပန်းချီ၊ စကားရည်လုပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်များတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သော ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် စာစီစာကုံး ၊ ကဗျာရွတ်ဆို၊ ဆောင်းပါး၊ စကားရည်လုပြိုင်ပွဲများကို အခြေခံပညာကျောင်းများ၊ လူမှုဝန်ထမ်းမူကြိုနှင့် ပုဂ္ဂလိကမူကြိုများတွင် ကျင်းပခဲ့ကြပြီး ဆုရရှိသူများအား ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ဖဲ)

ပညာရေးကောလိပ်မှ ကျောင်းသား ကျောင်းသူများ ဖျော်ဖြေကြစဉ်။

သဘာဝမြေသြဇာထုတ်လုပ်မှုသင်တန်း တာချီလိတ်ခရိုင်တွင်ဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၁၅

ကျေးလက်ထုတ်ကုန်များနှင့်ပတ်သက်၍ နည်းပညာပေးခြင်းနှင့် သဘာဝမြေသြဇာထုတ်လုပ်မှု သင်တန်းကို တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက

တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊တံတားလုပ်ငန်း၊ ကျေးလက်အိမ်ရာလုပ်ငန်း၊ ကျေးလက်မီးလင်းရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဦးစီးဌာနမှ ဆောင်ရွက်ပေးနေမှုများကို အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးလှဝင်းက ဦးစီးဌာနခွဲများအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ သဘာဝမြေသြဇာသုံးစွဲမှုကြောင့်ရရှိစေမည့် အကျိုးကျေးဇူးများအကြောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်စိုးက စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအစာဘေးကင်းလုံခြုံရေးအကြောင်း၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးမင်းသိမ်းက ကျေးရွာထွက်ကုန်များအား ကုန်ကြမ်းအဖြစ်မှ တန်ဖိုးမြှင့်ကုန်စည်အဖြစ်ထုတ်လုပ်ခြင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဖြစ်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဝင်ငွေတိုးပွားစေမည့် နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်းမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(iprd)

သောက်သုံးရေလုံခြုံစိတ်ချရေးစီမံချက် ရက်တိုသင်တန်းဆင်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းဖွင့်လှစ်ထားသည့် သောက်သုံးရေလုံခြုံစိတ်ချရရေးစီမံချက် ရက်တိုသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်ရှိ City Park သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာတင်ဝမ်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့ UNICEF ရုံး စီမံချက်တာဝန်ခံအရာရှိ Mr. Cesar Villar က ရက်တိုသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဝေဖြိုးအောင်နှင့် တာဝန်ရှိသူများက အမေရိကန်ဒေါ်လာ ၃၀၀၀ တန် ဂျာမနီ နိုင်ငံထုတ် ရေအတွင်း ရောဂါပိုးမွှားစစ်ဆေးသည့် စက်ခြောက်စုံအား ကျန်းမာရေးဦးစီးဌာနသို့ နှစ်စုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တစ်စုံနှင့် CSO အဖွဲ့များအား သုံးစုံကို တာဝန်ရှိသူများထံ လွှဲပြောင်းပေး အပ်ခဲ့သည်။ အဆိုပါသင်တန်းကို သုံးရက်ကြာဖွင့်လှစ်ခဲ့ကာ ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ CSO များမှ ဖိတ်ကြားထားသူများ စုစုပေါင်း ၄၈ ဦး တက်ရောက်ခဲ့ပြီး ရေအတွင်း ရောဂါပိုးမွှားစစ်ဆေးသည့်စက် အသုံးပြုပုံလက်တွေ့သင်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်ဝင်းအောင် ၆/လလန(နိုင်)၀၉၆၈၆၁၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၇၂၉၉၀၃

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဆန်းလွင် ၁၄/မမန(နိုင်)၂၃၂၆၇၈၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6081၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ C/၅၆၂၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၄၈၃၊ မြေကွက်တည်နေရာအမှတ် ၄၈၃၊ ကန်သာယာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးဟန်ငွေဦး TZI-၀၇၆၈၁၂ အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် ဦးဟန်ငွေဦးထံမှ SP-၂၄၉၈၂/၁၀-၉-၂၀၁၄ ရသူ ဦးနော်နော်အောင် TME-၀၃၆၆၈၂က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၂၀၀၈ခုနှစ်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံအား ထုတ်ယူခဲ့သော်လည်း အဆိုပါ မြေပုံမူရင်းမှာ ပျောက်ဆုံးသွားကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)၏ အနာဂတ်ခရီး

စောဇော်မင်း(ဝါး)

ဒီရက်ပိုင်းဂျာနယ်တစ်စောင်မှာ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နဲ့ ပတ်သက်တဲ့ သတင်းတိုလေးပါလာတော့ ကျွန်တော်အတော်လေးစိတ်ဝင်စားသွားပါတယ်။

လူတိုင်းကတော့ သာပေါင်းစက္ကူစက်ရုံကို စိတ်ဝင်စားချင်မှ စိတ်ဝင်စားပါလိမ့်မယ်။ ကျွန်တော်ကတော့ ဟိုတစ်ချိန်ဝန်ထမ်းဘဝက ငါးနှစ်လောက်တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ စက်ရုံလေးမို့ ဘာဖြစ်နေသလဲ၊ ဘာတွေဆက်လုပ်နေကြသလဲဆိုတာ မျက်ခြည်မပြတ်ဘဲ စိတ်ဝင်စားနေမိတုန်းပါပဲ။ သတင်းကိုဖတ်ကြည့်မိတော့ ထွေထွေထူးထူးတော့မပါ။ စက္ကူစက်ရုံကြောင့် ကမ္ဘာ့အကြီးဆုံးဝါးတောတွေ ပြုန်းတီးသွားကြောင်းနဲ့ A သုံးလုံးကုမ္ပဏီကို ငှားရမ်းဖို့လုပ်နေတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။ တကယ်တော့ ထိုင်းနိုင်ငံက ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Double A(AA) ကုမ္ပဏီပဲဖြစ်ပါတယ်။ Double A(AA) ဆိုတာတော့ Copier paper တွေ ပြည်ပက ဝယ်သုံးနေရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ သိပ်မစိမ်းတဲ့ Brand တစ်ခုပါ။ အရည်အသွေးကလည်းအတော်လေးကောင်းပါတယ်။

ကျွန်တော်သိရသလောက်တော့ အဆင့်မြင့်စက္ကူစက်ရုံ သာပေါင်းကြီး စက်မလည်နိုင်တာ အတော်ကြာပါပြီ။ ထို့အတူ ဝါးတွေမဝယ်နိုင်တော့တာလည်း လေးနှစ်လောက်ရှိပါပြီ။ စက်မလည်နိုင်တာကတော့ သဘာဝဓာတ်ငွေ့ အခက်အခဲရှိနေတယ်လို့ သိရပါတယ်။ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဟာ ကန်ကြီးဒေါင့် ဓာတ်မြေသြဇာစက်ရုံနဲ့ တစ်လိုင်းတည်းဖြစ်နေတော့ စိုက်ပျိုးရေးအတွက်အဓိကကျတဲ့ ဓာတ်မြေသြဇာထုတ်နိုင်ဖို့ကို ကျွန်တော်တို့ ဦးစားပေးခဲ့ကြပါတယ်။ ဒါ့ကြောင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ ဓာတ်မြေသြဇာစက်ရုံရဲ့ Annual Shutdown ကာလလေးတွေ (တစ်နှစ်မှာတစ်လလောက်ပါပဲ) လောက်ပဲ စက်လည်ဖြစ်တယ်။ ဒီတော့ ဝါးတွေလည်းမသုံးနိုင်တော့ဘူး။ နောက်ဆက်တွဲကတော့ ဒေသခံဝါးတောင်သူတွေနဲ့ဝါးခုတ်သားတွေရဲ့ဘဝတွေဟာလည်း အရင်လို မချိုမြိန်တော့ဘူးပေါ့။

ကျွန်တော်တို့သာပေါင်းစက္ကူစက်ရုံကြီး စလည်ပတ်ပြီဆိုကတည်းက ဒီနေ့အထိသုံးစွဲခဲ့တဲ့ဝါးတန်ချိန် စုစုပေါင်း ခုနစ်သိန်းလောက်ပဲရှိပါသေးတယ်။ အဓိကထုတ်လုပ်တဲ့ ဒေသတွေကတော့ ဘုရားကြီး၊ ကမ်းနီ၊ ရေကြည်၊ သာပေါင်း၊ ငွေဆောင်နဲ့ငါးသိုင်းချောင်းဒေသတွေကပဲ ခုတ်ယူခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဟာ တကယ့်ကို သဘာဝဝါးတောတွေ သိပ်ထူထပ်တဲ့ဒေသတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့စက်ရုံအတွက် အဓိကဝါးကုန်ကြမ်းရရှိနိုင်မှုအနေအထားကိုသိရှိနိုင်ဖို့ ၂၀၀၀ ပြည့်နှစ်လောက်မှာ Suntac ကုမ္ပဏီရဲ့ Satellite Technology နဲ့ Ground Survey Team တို့ပေါင်းစပ်ပြီး အနီးစပ်ဆုံးခန့်မှန်းတွက်ချက်မှုများ ပြုလုပ်ခဲ့ကြရပါတယ်။ အဲ့ဒီတွက်ချက်မှုတွေအရဆို ဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်းကပဲ တစ်နှစ်ကို ဝါးတန်ချိန် သုံးသိန်းလောက်ပုံမှန် ထုတ်လုပ်ရရှိနိုင်မယ်ဆိုတာ တွေ့ရှိခဲ့ရပါတယ်။ ခုတ်ပတ်လည် စနစ်နဲ့နည်းစနစ်ကျကျ ခုတ်ယူနိုင်မယ်ဆိုရင်တော့ စဉ်ဆက်မပြတ် ခုတ်ယူသုံးစွဲနိုင်မှာအမှန်ပါပဲ။

ကျွန်တော်တို့ စက်ရုံမှာ ဝါးဝယ်စဉ်ကတော့ သုံးနှစ်သားဝါးကိုခုတ်၊ နှစ်နှစ်သား ဝါးကိုချန်၊ တစ်နှစ်သားဝါးကိုထိန်း ဆိုပြီး ခုတ်၊ ချန်၊ ထိန်းနည်းစဉ်နဲ့ တောင်သူတွေကို တတ်နိုင်သလောက်ပညာပေးခဲ့ပါတယ်။ ဒါ့အပြင်သက်တမ်းနုဝါးတွေ နဲ့ပင်ပွားနှုန်းနည်းတဲ့ ဝါးမျိုးစိတ်တွေကိုလည်း လက်ခံဝယ်ယူခဲ့ခြင်းမရှိဘဲပထမအဆင့် အဝယ်ဒိုင်တွေမှာ ပယ်တယ်။ နောက်တစ်ဆင့်ဝါးခုတ်တောင်သူတွေကို ပိတ်ပင်ခဲ့တယ်။ နောက်ဆုံးသက်ဆိုင်ရာက အရေးယူပေးဖို့ထိ မိမိတို့စက်ရုံရဲ့ အတိုင်းအတာနဲ့ဝါးတောတွေထိန်းသိမ်းနိုင်မှုကို လက်တစ်ဆုံးလိုက်ပါဆောင်ရွက်ခဲ့ကြဖူးပါတယ်။

ကျွန်တော်တို့စက်ရုံက နောက်ဆုံးဝယ်ယူခဲ့တဲ့ ၂၀၀၈-၂၀၀၉ ခုနှစ်လောက်ကစပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ နေရာအနှံ့ဝါးတွေပန်းပွင့်ကြပါတယ်။ ဝါးတွေအတွက်တော့ သေပန်းပွင့်တယ်ပြောရမယ်။ ဝါးပွင့်ပြီးရင်တော့ တစ်တောလုံးသေပြီးခြောက်သွားကြပါတယ်။ ဒါကလည်း နှစ်ပေါင်း (၃၀-၄၀) လောက်မှတစ်ကြိမ် ဖြစ်တယ်လို့ သိရပါတယ်။ ဒါသဘာဝမို့ သိပ်ပြီးတော့ ပြဿနာမရှိပါဘူး။ ပန်းတွေပွင့်တယ်၊ အစေ့တွေကျတယ်၊ အစေ့တွေကနေ ဝါးအပင်လေးတွေ ပေါက်လာတယ်။ သုံးနှစ်လောက်ကြာတော့ ခုနက အပင်ပေါက်တစ်ပင်ဟာ ကြီးထွားလာပြီးတော့ Shoot သုံးခု လေးခုလောက်ထွက်လာတယ်။ လေးနှစ်လောက်ဆိုရင်တော့ တစ်တောလုံးပွင့်ခဲ့တဲ့ ဝါးမျိုးစေ့တွေကြောင့် လူမပြောနဲ့ ကြက်နဲ့ကြွက်တောင် ဝါးတောထဲဝင်ဖို့ မလွယ်ပါဘူး။

ကျွန်တော်သိရသလောက်တော့ အဆင့်မြင့်စက္ကူစက်ရုံ သာပေါင်းကြီး စက်မလည်နိုင်တာ အတော်ကြာပါပြီ။ ထို့အတူ ဝါးတွေမဝယ်နိုင်တော့တာလည်းလေးနှစ်လောက်ရှိပါပြီ။ စက်မလည်နိုင်တာကတော့ သဘာဝဓာတ်ငွေ့ အခက်အခဲရှိနေတယ်လို့ သိရပါတယ်

ကျွန်တော်ကတော့ သာပေါင်းစက်ရုံမှာ တာဝန်ထမ်းဆောင်ကတည်းက စိုက်ပျိုးရေးနဲ့ ကုန်ကြမ်းရှာဖွေရေးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့သူမို့ ဝါးတောတွေနဲ့လည်းရင်းနှီးပြီး ဝါးပင်လေး တွေကိုလည်း သံယောဇဉ်ဖြစ်ခဲ့ရပါတယ်။ ခုနောက်ပိုင်း ကျွန်တော်တို့စက်ရုံက ဝါးမဝယ်နိုင်တာ လေးနှစ်လောက်ရှိပြီဆိုတာသိရလို့ ဝယ်မယ့်သူမရှိတဲ့ ဝါးတောကြီးတွေ ညို့နေမှာပဲလို့ မျှော်လင့်မိပါတယ်။ သို့သော် ဒီနေ့မြေပြင်အခြေအနေမှာတော့ ဂျာနယ်ထဲက စာရေးသူပြောသလိုလည်း ဖြစ်နိုင်တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ လူမျိုးတွေဟာ မျှစ်နဲ့ငါးပိမရှိရင် မနေတတ်၊ မစားတတ်တဲ့သူတွေပဲလေ။

တကယ်သာ သူပြောသလို ဝါးတောကြီးတွေ ဘယ်တော့မှ နာလန်မထူလာနိုင်တော့ဘူးဆိုရင်တော့ စက်ရုံရဲ့ စနက် မကင်းသလို ဒေသခံပြည်သူတွေရဲ့ အသိပညာနည်းမှုနဲ့ အလိုရမ္မက်ကြီးမှုတွေကလည်း အဓိကပါဝင်ပါတယ်။ ထို့အတူ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့လည်း ဒီထက်ပိုပြီး စည်းကမ်းတင်းကျပ်ဖို့နဲ့ ပြည်သူတွေကိုလည်း ပညာပေးဖို့ အထူးတာဝန်ရှိနေတယ်လို့ သုံးသပ်မိပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့လည်း ဝါးတောတွေကို စနစ်တကျ ခုတ်ယူသုံးစွဲခြင်းမပြုဘဲ ဝါးရင့်ကိုစက္ကူစက်ရောင်း၊ ဝါးနုကို ကွမ်းခြံကွဲသို့ စိုက်ပျိုးရေးနဲ့ နှီးဖြာလုပ်ငန်းတွေကိုရောင်း၊ မျှစ်ကိုတော့ချိုးပြီး ဟင်းချက်စားနေမယ်ဆိုရင်တော့ ပုံမှန်ရွှေဥ ဥပေးနေတဲ့ ဘဲငန်းကို တစ်ချက်တည်း ရိုက်ချက်စားလိုက်သလိုပဲ ဖြစ်မယ်လို့ ဝါးတောတွေကိုချစ်တဲ့ကျွန်တော်က ကရုဏာဒေါသောနဲ့ ပြောလိုက်ချင်ပါတယ်။

သဘာဝဓာတ်ငွေ့မရလို့ ရပ်နေတဲ့ စက်ရုံကြီးကို ဒီအတိုင်း ပစ်ထားပြီး ပြုန်းတီးစပြုလာတဲ့ ဝါးတောဧရိယာတွေကို ဒီအတိုင်း လျစ်လျူရှုထားမယ်ဆိုရင်တော့ စက်ရုံဝန်ထမ်းတွေနဲ့ စက်မှုဝန်ကြီးဌာနဟာ နိုင်ငံတော်အပေါ်မှာ တာဝန်မဲ့ရာ ရောက်တော့မှာပေါ့။ ဒီတော့ ဘာအစီအစဉ်တွေနဲ့ ဘယ်လို စခန်းသွားနေကြသလဲဆိုတာလေးကို လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေဆီ ဆက်သွယ်စုံစမ်းကြည့်မိပါတယ်။

အမှန်တကယ်ပဲ Double A(AA) ကုမ္ပဏီဟာ သာပေါင်းစက်ရုံကြီးကို နှစ်ရှည်ငှားရမ်းဖို့ ဆွေးနွေးနေပြီဆိုတာ သိရပါတယ်။ Double A ကုမ္ပဏီဟာ ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီကြီးဖြစ်ပြီး ဥရောပနဲ့အာရှမှာ စက္ကူထုတ်လုပ်မှုကို အဆင့်မြင့်နည်းပညာနဲ့ ဆောင်ရွက်နိုင်တဲ့ ကုမ္ပဏီကြီးလည်းဖြစ်ပါတယ်။ နောက်တစ်ခု ဒီကုမ္ပဏီရဲ့အားသာချက်က Power Producer လည်း ဖြစ်နေပါတယ်။ စက္ကူလုပ်ငန်းအပြင် Bio Mass Boiler အသုံးပြုပြီး အဆင့်မြင့်နည်းပညာနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေတဲ့ ကုမ္ပဏီလည်း ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)ကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်နိုင်ဖို့ ပြည်တွင်း၊ ပြည်ပကုမ္ပဏီတွေကို တင်ဒါခေါ်ယူခဲ့ပါတယ်။ နောက်ဆုံးမှာတော့ စက်ရုံရဲ့ငှားရမ်းဈေးနှုန်း အမြင့်ဆုံးပေးနိုင်မှုအပြင် နည်းပညာမြင့်မားပြီး ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုသွားရန် အဆိုပြုတဲ့ Double A(AA) ကုမ္ပဏီဟာ တင်ဒါအောင်မြင်ခဲ့တယ်လို့ သိရပါတယ်။

Double A နဲ့ ညှိနှိုင်းဆွေးနွေးမှု အခြေအနေနဲ့ ဘယ်တော့စာချုပ်ချုပ်ဖြစ်မလဲလို့ စာချုပ်ညှိနှိုင်းရေးအဖွဲ့ထဲမှာပါတဲ့ ကျွန်တော့်သူငယ်ချင်းဆီကို စပ်စုကြည့်တော့ လက်တစ်ကမ်းအလို နီးစပ်နေပါပြီဆိုတော့ ဆွေးနွေးကာလ တစ်နှစ်တောင်ကျော်လာပြီလို့ ကျွန်တော်ကပဲ စောဒကတက်မိလိုက်ပါသေးတယ်။ အဲ့ဒီအချိန်ယူမှုနဲ့ ပတ်သက်ပြီးတော့ သူငယ်ချင်းက အသေးစိတ်ရှင်းပြပါတယ်။ ဓာတုဗေဒစက်ရုံတစ်ရုံဖြစ်သလို ရင်းနှီးမြှုပ်နှံမှုကလည်း ကြီးနေတယ်လို့ သူကဆိုပါတယ်။ ပြီးတော့ သစ်၊ ဝါးတွေကို အဓိကအသုံးပြုမှာမို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စအတွက်လည်း အများကြီး ချိန်ဆ၊ ပြင်ဆင်နေရတယ်။ သဘာဝသစ်တော၊ ဝါးတောတွေကို လုံးဝမမှီခိုဘဲ ကိုယ်ပိုင်စိုက်ခင်းတွေထူထောင်မှာမို့ သက်ဆိုင်ရာနဲ့ ညှိနှိုင်းရတယ်။ လိုအပ်တဲ့ မြေဧက ၅၀၀၀၀ ကျော်လောက် ခွင့်ပြုနိုင်အောင်လို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့လည်း ချိတ်ဆက်ညှိနှိုင်းနေရတယ်။ သူတို့ကတော့ ဝါးစိုက်မှာမဟုတ်သလို ဝါးကနေ စက္ကူထုတ်လုပ်မှာလည်း မဟုတ်ဘူး။ သစ်ကနေထုတ်သွားမှာ၊ ဒါကြောင့် Tissue Culture နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ အကြီးမြန်၊ အထွက်တိုးယူကလစ်တွေကို အဓိကစိုက်ပျိုးသွားဖို့ ကြိုတင်ပြင်ဆင်နေကြရတယ်။

နောက်‥ အဓိကအရေးကြီးဆုံးက Independence Power Producer လုပ်မှာ ဖြစ်တဲ့အတွက် အဲ့ဒီ (IPP) လိုင်စင်ရရှိရေးကို လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနနဲ့လည်း ညှိရတယ်။ သူတို့ရဲ့ အစီအစဉ်မှာတော့ စက်ရုံအတွက် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားကိုလည်း ထုတ်မယ်။

ပိုလျှံတဲ့ဓာတ်အားကိုလည်း စက်ရုံပတ်ဝန်းကျင်ဒေသတွေကို သက်သာသောနှုန်းထားနဲ့ ဖြန့်ဖြူးနိုင်အောင် စီစဉ်နေကြတယ်။ Bio Mass Power Plant အတွက် အရေးကြီးတဲ့ Napier Grass လိုမျိုး Power Tree တွေ စိုက်ပျိုးခွင့်ရဖို့ကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ညှိနှိုင်းနေရတယ်လို့ သူက အသေးစိတ်ပြောပါတယ်။

ကျွန်တော့်သူငယ်ချင်း ပြောသလိုပါပဲ။ ဒီစက်ရုံကို နှစ်ရှည် ငှားရမ်းဖို့ဆိုတာ ကိုယ့်ဝန်ကြီးဌာနတစ်ခုတည်း မပြီးပြတ်တဲ့ ကိစ္စကြီးပါပဲလားလို့ စိတ်ပူမိတယ်။ ကျွန်တော့်သဘောကတော့ အမြန်ဆုံးငှားဖြစ်သွားဖို့ ဆုတောင်းချင်တယ်။ ဓာတုဗေဒစက်ရုံဆိုတာ တိုတောင်းတဲ့သက်တမ်း ရှိတယ်။ နောက်ပြီး ၁၇၀၀ လောက်ရှိတဲ့ ဝန်ထမ်းတွေရဲ့ လစာစရိတ်ကလည်း နိုင်ငံတော်အနေနဲ့ ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခုပါပဲ။ အဓိက အရေးကြီးတာကတော့ ပြုန်းတီးစပြုနေတဲ့ ကျွန်တော့် ဝါးတောတွေနေရာမှာ အကြီးမြန်သစ်ပင်တွေ မြန်မြန်အစားထိုးစေချင်တယ်။ တစ်ဆက်တည်းမှာပဲ တစ်ချိန်က ကျွန်တော်နဲ့ လက်တွဲခဲ့တဲ့ ဝါးခုတ်သူ၊ ဝါးတောင်သူတွေအတွက်လည်း အစားထိုး အလုပ်တွေမြန်မြန်ရစေချင်တယ်။ တကယ်တော့ စက်ရုံကြီးရဲ့ အဓိကအရန်အင်အားထဲမှာ ရွှေထီးဒေသနဲ့ သက်နှင်းကလေးဒေသက ဆားတောင်သူတွေလည်း ပါတယ်ဗျာ။ ခုတော့သူတို့တွေလည်းဆားမထုတ်နိုင်၊ ဆားမကျုံးနိုင်ပဲ ငါးပိပဲထောင်းနေကြရတယ်ထင်ပါရဲ့။

ဘာပဲပြောပြော နောက်ဆုံးရတဲ့ သတင်းကတော့ စက်ရုံက ဝန်ထမ်း ၁၆၀ လောက်ကို သုံးလ Training ပေးဖို့အတွက် ထိုင်းနိုင်ငံမှာရှိတဲ့ စက်ရုံနဲ့စိုက်ခင်းတွေဆီ ခေါ်သွားပြီတဲ့။ အဲဒီလိုဆိုရင်တော့ ငှားရမ်းစာချုပ်ချုပ်ဆိုနိုင်ဖို့ အတော်နီးစပ်လာတဲ့ အနေအထားပဲပေါ့၊ ရပ်ဝေးရပ်နီးက ကျွန်တော့်မိတ်ဆွေ ဝါးတောင်သူ၊ ဆားတောင်သူတို့ တစ်ချိန်က ခင်ဗျားတို့ရဲ့ ရွှေခေတ်တွေ ငွေခေတ်တွေ မကြာမီလာမည်မျှော်. . . လို့ ကြိုတင်သတင်းကောင်းပါလိုက်ပါတယ်ဗျို့။

ပြည်တွင်းသတင်း

ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ ပထမပြန်အခြေပြုစာမေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော "ပထမပြန်အခြေပြု စာမေးပွဲ"ကို ပုဇွန်တောင်မြို့နယ် စင်ကာပူပရိယတ္တိစာသင်တိုက် သာသနပါလ ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိကျင်းပလျက်ရှိသည်။

အဆိုပါ"ပထမပြန်အခြေပြု စာမေးပွဲကို" ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၂၉ကျောင်းမှ ရဟန်း၊ သာမဏေ ၁၀၅ ပါးတို့က ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုလျက်ရှိကြရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ အကျိုးတော်ဆောင်အဖွဲ့ဝင် ဆရာတော်ကြီးများ၊ စာချ၊ စာသင် ဆရာတော်ကြီးများက ကြီးကြပ်ဆောင်ရွက်ပေးတော်မူကြသည်။

အဆိုပါ ပထမပြန်အခြေပြုစာမေးပွဲဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် (တပို့တွဲလကွယ်နေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် မည်သူမဆိုတက်ရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုချစ်

ဂန့်ဂေါမြို့တွင်းလမ်းအချို့ ခဲ့ထွင်ရန်လိုအပ်

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့၏ မြို့တွင်းလမ်းအချို့မှာ အလွန်ကျဉ်းမြောင်းသဖြင့် မော်တော်ကားအဝင်၊ အထွက်ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိရာ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် စနစ်တကျတိုင်းထွာသတ်မှတ်ခဲ့ထွင်သင့်ကြောင်း ဒေသခံအချို့က ပြောသည်။

"ယခုဆိုရင် ဂန့်ဂေါမြို့မှာ အိမ်ခြေတွေလည်းတိုးလာတယ်။ ခရီးသွားအဝင်၊ အထွက်လည်း များလာတယ်။ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တွေလည်း ပေါများလာပြီး စည်ကားစပြုလာပြီ။ အချို့လမ်းတွေက ကျဉ်းမြောင်းပြီးစနစ်တကျ မရှိကြသေးဘူး။ မော်တော်ကားအဝင်၊ အထွက်လုပ်လို့မရတဲ့လမ်းတွေရှိတယ်။ နောက်ဆိုရင် ဒီမြို့က ပိုပြီးစည်ကားလာတော့မယ်။ ဒီတော့ခုကတည်းက ကြိုတင်ပြီး လမ်းတွေကို စနစ်တကျတိုင်းတာ သတ်မှတ်ပြီး ခဲ့ထွင်ထားသင့်ပြီ"ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ယာဉ်အသွားအလာများသော ဗိုလ်ချုပ်လမ်း၊ မြစ်ရှောင်လမ်း၊ မြို့ပတ်လမ်း စသည့်လမ်းများ၏ လမ်းဘေးဝဲယာရှိ နေအိမ်အချို့က နေအိမ်ရှေ့ ဈေးဆိုင်ခန်းများကို လမ်းနယ်နိမိတ်အတွင်းသို့ ကျူးကျော်ဆောက်လုပ်နေခြင်းများရှိသဖြင့် အချိန်မီတားမြစ်ရန် လိုအပ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ဒို့ကျေးရွာ ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူအား ဆုချီးမြှင့်

ဟသ်ာတ ဖေဖော်ဝါရီ ၁၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒို့ကျေးရွာဂျာနယ်မှ ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် ဒို့ကျေးရွာဝတ္ထုတိုပြိုင်ပွဲတွင် အထူးဆုရရှိသူအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ခရိုင်ဦးစီးအရာရှိ ဦးဇော်ဌေးအောင်က ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးအရာရှိက တစ်နိုင်ငံလုံးဆယ်ပြည်ထွက်တယ် ခေါင်းစဉ်ဖြင့် ဒို့ကျေးရွာဝတ္ထုတိုပြိုင်ပွဲတွင် အထူးဆုရရှိသည့် ဇော်လွင်ဦး(ဟသ်ာတ)ကို ဆုငွေကျပ် ၇၅၀၀၀ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် စာရေးဆရာ ဇော်လွင်ဦး(ဟသ်ာတ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

အေးထွန်း(ဟသ်ာတ)

ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့ အထိမ်းအမှတ်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း ဗိုလ်ချုပ်ပြတိုက်၌ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

တင်စိုး(မြန်မာ့အလင်း)

(၆)ကြိမ်မြောက်အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ

Main Sponsor   Co - Sponsor

အခွင့်အလမ်း Opportunity Journal

CV များများယူလာခဲ့ဖို့မမေ့ပါနဲ့

အလုပ်ရှာနေသူများနှင့်ဝန်ထမ်းအလိုရှိသူများတိုက်ရိုက်တွေ့ဆုံပွဲ

ကျင်းပမည့်နေ့ရက် - ၂၀၁၅ခုနှစ် - ဖေဖော်ဝါရီ(၂၀-၂၁-၂၂)

ကျင်းပမည့်အချိန် - နံနက်(၉း၀၀မှ၅း၀၀)

ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ(ဦးဝိစာရလမ်း၊ရန်ကုန်)

Z&A   IBTC   awba

ပြပွဲသို့လာရောက်အလုပ်ရှာဖွေကြသူများအား Samsung, HTC, Huawei Handset (၂၅)လုံးအားပြပွဲ(၃)ရက်အတွင်းမဲဖောက်ပေးမည်။

အသေးစိတ်သိလိုပါက -၀၉-၅၁၄၂၃၃၁၊၀၉-၇၃၁၂၇၅၄၊၀၉-၇၃၁၆၁၇၂ များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ရန်ကုန်နှင့်မန္တလေးတွင် ကျင်းပပြုလုပ်မည့်

"စင်ကာပူ-ထိုင်းပညာရေးပြပွဲကြီး ၂၀၁၅"

-CIVIL / ELECTRICAL / MECHANICAL ENGINEERING -BIOMEDICAL SCIENCE -BUSINESS -BANKING & FINANCE -TOURISM & HOSPITALITY -PROJECT MANAGEMENT -ARTS & DESIGN -INTERIOR DESIGN -FASHION -LAWS

YANGON
Date : 27 Feb 2015
Time : 10:00 am - 2:00 pm
Venue : TAW WIN GARDEN HOTEL (Taw Win Center, Grand Ballroom, Level - 8)

MANDALAY
Date : 1 Mar 2015
Time : 9:00 am - 12:00 noon
Venue : HOTEL MANDALAY (Ballroom)

Interior Design
Fashion
Animation
Audio Production
Broadcast Media

ပညာသင်ဆုများ

CROWN EDUCATION

Tel : 01 527 838 / 09 975 0000 90 / 09 730 40 688

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၁၈၄၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၃၃၇၆ HONDA DREAN M/C ယာဉ်လက်ဝယ်ရှိသူဦးကျော်စိုး ၅/မရန(နိုင်)၀၂၉၇၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ (မုံရွာမြို့)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၄၀၊ မြေကွက်အမှတ် ၁၃၀၈/ခ၊ အလျား×အနံပေ(၂၀×၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးမောင်မောင်သက်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးဝင်းဇော်ဦး (ဘ)ဦးစန်းဝင်း ၅/ခဥတ(နိုင်)၀၆၀၄၀၈ ကိုင်ဆောင်ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမှုရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၁၂)
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/ 3221၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် K-5856 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

(၃၇)ပေ×(၃၅)ပေ (ဇလဆိပ်အနီး) ခြံတော်ပြီး၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ အကျိုးဆောင်လိုသည်။

ဖုန်း-၀၉-၇၃၅၀၄၅၇၄၉၃ ၀၉-၅၁၁၄၈၆၉၂

ရန်ကင်း Golden City Condo ကြိုပွိုင့်ရောင်းမည်

14 လွှာ-3 bed room
1732-Sqf
Ph: 09-5132485, 09-5083925
အကျိုးဆောင်များဆက်သွယ်နိုင်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်အေးအေးသန့် ၁၂/မရက (နိုင်) ၁၀၀၈၀၅ ၏သား မောင်ယံယံမျိုးညွန့် (ခ) ယံယံအောင် ၁၂/ဥကတ(နိုင်)၁၈၆၄၁၀ သည် မိဘများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ လုံးဝတာဝန်ယူမည်မဟုတ်ပါ။

(မေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်အေးအေးသန့်

နိုင်ငံတကာအားကစားသတင်း

စိုးရိမ်စရာဖြတ်သန်းရမယ့် မန်ယူရဲ့အက်ဖ်အေဖလားပွဲစဉ်

မိုးမြင့်လင်းလက်

အက်ဖ်အေဖလား ၁၆ သင်းအဆင့် ပွဲစဉ်တွေရဲ့ လက်ကျန်ပွဲစဉ်ဖြစ်တဲ့ ပရက်စ်တန်နဲ့ မန်ယူတို့ရဲ့ပွဲကိုတော့ ဖေဖော်ဝါရီ ၁၇ ရက် နံနက်မှာ ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ ဒီရာသီမှာ မျှော်လင့်စရာ ဖလားတစ်ခုတည်းသာဖြစ်တဲ့ မန်ယူအတွက် ဒီပွဲစဉ်ဟာသေရေးရှင်ရေးတမျှ အရေးကြီးတဲ့ပွဲစဉ်ဖြစ်နေတာမို့ မန်ယူရဲ့စွမ်းဆောင်မှုကို အကဲဖြတ်ခွင့်ရမှာဖြစ်ပါတယ်။

ဒီနှစ်ပရီမီယာလိဂ်မှာတော့ မျှော်လင့်ချက်မှုန်ဝါးနေပြီဖြစ်တဲ့ မန်ယူဟာ အက်ဖ်အေဖလားကို အာရုံအပြည့်စိုက်ပြီး ကစားနေပြီဖြစ်ပါတယ်။ နည်းပြဗန်ဟားလ်အတွက်လည်း ပထမဆုံးရာသီမှာ ဖလားလက်မဲ့မဖြစ်ရေးကို အထူးအလေးထားနေတာမို့ ကစားသမားအခင်းအကျင်းကို အလေးထား ပြင်ဆင်တော့မှာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ကစားပုံကောင်းမွန်မှုမရှိသေးတဲ့အပြင် နည်းပြရဲ့အခင်းအကျင်းနဲ့လည်း ခုချိန်ထိ အံဝင်မှုမရှိသေးပါဘူး၊ ဂိုးသွင်းကျရိပ်ထိုးနေတဲ့ဗန်ပါစီ၊ ကွင်းလယ်မှ အောက်ခြေအထိ ဆင်းကူနေရတဲ့ ရွန်းနေ၊ ကြံ့ခိုင်မှုမပြည့်တဲ့ ဖယ်ကာအိုတို့ ပါဝင်တဲ့တိုက်စစ်က လက်ရှိအချိန်မှာ ပြိုင်ဘက်ခံစစ်ကို ခြိမ်းခြောက်မှုတွေမပေးနိုင်သေးပါဘူး။

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဘန်လေကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် မန်ယူကစားပုံဟာ အားရစရာမကောင်းတာမို့ အခုပွဲမှာလည်း လိဂ်ဝမ်းကလပ်ဖြစ်တဲ့ ပရက်စ်တန်ကို ခြေကုန်ထုတ်ရမယ့် ကိန်းဆိုက်နေပါတယ်။ မန်ယူက ခံစစ်ပိုင်း အမှားအယွင်းတွေရှိနေဆဲဖြစ်ပြီး တစ်ဖက်အသင်းထိုးဖောက်တိုက်စစ်ဆင်လာချိန်မှာ အယူအဆလွဲတာ၊ အမှားအယွင်းတွေ ဖြစ်ပေါ်တတ်တာတွေကို ပြုပြင်နိုင်မှ တော်ကာကြပါလိမ့်မယ်။ အက်ဖ်အေဖလားသမိုင်းမှာ တွေ့ဆုံခဲ့မှု မှတ်တမ်းကိုကြည့်ရင် မန်ယူက ငါးပွဲနိုင်ပြီး ပရက်စ်တန်က နှစ်ပွဲနိုင်ထားကာ သရေနှစ်ပွဲဖြစ်ထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ မန်ယူတို့ပေါ့ဆလို့မရတဲ့အပြင် ပြတ်သားတဲ့ရလဒ်ကို ဖော်ဆောင်နိုင်မှ မျှော်လင့်ချက်ပြည့်ဝပါလိမ့်မယ်။

လိဂ်ဝမ်းကလပ်ပရက်စ်တန်တို့ကတော့ ဒီနှစ် တန်းစီဇယား စတုတ္ထနေရာမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပြီး တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းအားက ကောင်းမွန်တဲ့ အနေအထားရှိနေပါတယ်။ ဒါပေမယ့် ၂၈ ပွဲမှာ ၂၈ ဂိုးပေးထားရတဲ့အနေအထားက ခံစစ်ပိုင်း အားနည်းမှုရှိနေတာကို ဖော်ပြနေပါတယ်။ ပရက်စ်တန်ဟာ အသင်းကြီးတွေကို အိမ်ကွင်းမှာ အပြင်းအထန်ခုခံနိုင်တဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်အသင်းတွေကို ဂိုးရအောင်သွင်းယူနိုင်တဲ့ တိုက်စစ်မှူးတွေလည်းရှိနေပါတယ်။

ပြိုင်ပွဲစစ်မျက်နှာများနေတဲ့ မန်ယူအတွက် ဒီပွဲမှာ အင်အားပြည့်ပြိုင်ဆိုင်နိုင်မှု လျော့ပါးနေမှာဖြစ်ပြီး ပရက်စ်တန်တို့ကတော့ ဖိအားကင်းကင်းနဲ့ ယှဉ်ပြိုင်မှာဖြစ်တာမို့ စွမ်းအားပြည့်၊ ပွဲချိန်ပြည့်တဲ့အထိ စွမ်းအားတင်ကစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်အက်ဖ်အေဖလားပြိုင်ပွဲမှာ အသင်းငယ်တွေ ရလဒ်မကောင်းတဲ့အသင်းတွေနဲ့သာ ယှဉ်ပြိုင်ခဲ့ရတဲ့ မန်ယူရဲ့ကံတရားဖေးမမှုက အက်ဖ်အေဖလားကို မျှော်မှန်းစရာအဖြစ်ရောက်ရှိအောင် တွန်းပို့ပေးနေသလို ဖြစ်နေပါတယ်။ မန်ယူအတွက် အရေးကြီးတဲ့ပွဲစဉ်ဖြစ်နေတာကြောင့် ပြတ်သားတဲ့ရလဒ်ကို အကြိတ်အနယ် ရုန်းကန်ဖော်ဆောင်ပါလိမ့်မယ်။

အင်ဒီကာရိုးလ် ရာသီကုန်အထိနားရမည်

ဝက်စ်ဟမ်းတိုက်စစ်မှူး အင်ဒီကာရိုးလ်ဟာ လာမယ့်သီတင်းပတ်မှာ ဝဲဘက် ဒူးခေါင်းခွဲစိတ်ရမှာဖြစ်တဲ့အတွက် ရာသီကုန်တဲ့အထိအနားယူရနိုင်တယ်လို့ ၄င်းကလပ်ကပြောဆိုလိုက်ပါတယ်။ ကာရိုးလ်ဟာ ဗုဒ္ဓဟူးနေ့က ဆောက်သမ်တန်နဲ့ ဂိုးမရှိသရေကျတဲ့ပွဲမှာ ဒဏ်ရာရခဲ့တာပါ။ အသက် ၂၆ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ကာရိုးလ်ဟာ ဒီနှစ်ထဲမှာ ခြေစွမ်းမပြနိုင်တဲ့အပြင် ဒဏ်ရာတွေနဲ့ ရုန်းကန်နေရတဲ့သူပါ။ ဒီအထဲမှာ ယခုတစ်ဖန် ဒဏ်ရာရသွားပြန်တဲ့အတွက် အသင်းအတွက်များစွာ ထိခိုက်နေတယ်လို့ ဆိုပါတယ်။ နည်းပြဆမ်အလာဒိုက်ကတော့ လေးပတ်ကနေ ခြောက်ပတ်အတွင်း ပြန်ကစားနိုင်မယ်လို့ ဆိုပါတယ်။ ကာရိုးလ်အနေနဲ့ ဒဏ်ရာတွေ ထပ်မရအောင် ကြိုးစားနေတဲ့ကြားက ထပ်မံဒဏ်ရာရသွားခဲ့တာလို့ ဆိုပါတယ်။ ကာရိုးလ်ဟာ ပြီးခဲ့တဲ့ ရာသီကလည်း တစ်ရာသီလုံးလုံး ဒဏ်ရာကြောင့် အနားယူခဲ့ရတာပါ။

အက်စ်တွန်ဗီလာနည်းပြဖြစ်လာဖွယ်ရှိတဲ့ တင်ရှားဝုဒ်

အက်စ်တွန်ဗီလာ အသင်းဟာ တန်းဆင်းဇုန်အတွင်း ကျရောက်ခဲ့ပြီးနောက် နည်းပြပေါ်လ်လမ်းပတ်ကို အသင်းက ထုတ်ပယ်ခဲ့ပါတယ်။ နည်းပြမရှိဖြစ်နေတဲ့ အက်စ်တွန်ဗီလာအသင်းဟာ နည်းပြတစ်ဦးကို အမြန်ဆုံးရှာနေပါတယ်။ ဒီလိုရှာဖွေနေချိန်မှာပဲ တင်ရှားဝုဒ်ဟာ အက်စ်တွန်ဗီလာနည်းပြဖြစ်လာဖို့ အလွန်နီးစပ်နေပါတယ်။ တင်ရှားဝုဒ်ဟာ တန်းဆင်းဇုန်ထဲရောက်နေတဲ့ အက်စ်တွန်ဗီလာအသင်းကို ကယ်တင်ပေးနိုင်ဖို့ အခက်အခဲရှိမှာမဟုတ်ပါဘူးလို့ တော့တင်ဟမ်ဘောလုံးအကယ်ဒမီနည်းပြ ဘရက်ဒလေအောလင်းက ပြောဆိုလိုက်ပါတယ်။ ရှားဝုဒ်ကို ပေါ်လ်လမ်းပတ် နေရာဆက်ပေးဖို့ အက်စ်တွန်ဗီလာက ဆက်သွယ်ထားပါတယ်။ လမ်းပတ်ဟာ အက်စ်တွန်ဗီလာက ဟားလ်စီးတီးကိုရှုံးပြီး တန်းဆင်းဇုန် ရောက်သွားပြီးတဲ့နောက် အလုပ်ဖြုတ်ခံလိုက်ရပါတယ်။ တင်ရှားဝုဒ်ဟာ အက်စ်တွန်ဗီလာအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်မယ်သူဟု မျှော်လင့်ပါတယ်လို့ ဘရက်ဒလေအောလင်းက ထပ်လောင်းပြောဆိုလိုက်ပါတယ်။ ရှားဝုဒ်ဟာ ဒီဇင်ဘာလက စပါးနည်းပြဘိုအတ်ထွက်သွားပြီးတဲ့နောက် စပါးအသင်းကို ကိုင်တွယ်ခဲ့ရာ မန်ယူအထက် စပါးအသင်းကို အမှတ်ပေးနယ်ရဲ့ နံပါတ် ၆ နေရာကို ပို့ပေးနိုင်ခဲ့ပါတယ်။

အာဆင်နယ်ကစားကွက်နဲ့ အံဝင်ခွင်ကျဖြစ်ဖို့ ရုန်းကန်နေရတဲ့ ပေါ်လစ္စတာ

ကောင်းမြတ်သူ-စုစည်းသည်

အာဆင်နယ်ရဲ့ လိုအပ်နေတဲ့ နောက်တန်းကစားကွက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ပေါ်လစ္စတာကို ကြေးကြီးပေးခေါ်ခဲ့ပေမယ့် နည်းပြဝင်းဂါးထင်ထားသလို ခြေစွမ်းမပြနိုင်ဘဲ ဖြစ်နေပါတယ်။ နည်းပြဝင်းဂါးက သူ့ကိုခေါ်ယူခဲ့တာနဲ့ပတ်သက်ပြီး အတော်လေးနောင်တရနေတဲ့ပုံပါပဲ။ ဘရာဇီးနိုင်ငံသား ပေါ်လစ္စတာကိုအာဆင်နယ်က ပေါင် ၁၁ သန်းပေးပြီး ခေါ်ယူခဲ့တာပါ။ ပေါ်လစ္စတာရဲ့ ကစားပုံဟာ အတော်လေးဆိုးရွားပြီး ပြဿနာလည်းရှိနေတယ်လို့ ဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ပေါ်လစ္စတာဟာ စပိန်ကလပ် ဗီလာရီးရဲမှာ အဓိကအားထားရတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ်နဲ့တော့ ခုအထိ အံဝင်ခွင်ကျမဖြစ်သေးဘူးလို့ ဆိုပါတယ်။ ပေါ်လစ္စတာဟာ အင်္ဂလိပ်စကားကို အတော်လေးညံ့ဖျင်းနေတာကြောင့် ကစားတဲ့အခါမှာ အပိုင်ကန်သွင်းခွင့် ဂိုးတွေတောင်မှ ဆုံးရှုံးသွားနိုင်တယ်လို့ နည်းပြဝင်းဂါးက ဆိုပါတယ်။ သူအင်္ဂလိပ်လို မပြောရင် နားလည်မှာမဟုတ်ပါဘူး။ အင်္ဂလိပ်စကားကို ထမင်းစားရေသောက် လောက်တောင်နားမလည်ရင် အလုပ်မဖြစ်ပါဘူးလို့လည်း နည်းပြဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ သူ့အနေနဲ့ အဓိကစကားလုံးတွေကိုတော့ နားလည်သင့်တယ်လို့ ဝင်းဂါးကဆိုပါတယ်။

ဂန္တဝင်ရွှေပုံ
Travels & Tours
No.67, Baho Rd,Sanchaung,
Ph: 01-500191,519292,510218,510491,
519300,519360,09-73003772
81 Rd,Bet 33 x 34 Street, Mandalay
Ph: 09-73013856,09-31693339
* ဈေးနှုန်းများအားလုံး *
4 Star Hotels နှင့် All Included

ဝန်ကောက်	(၆)ရက် USD 720	ဘူတန်	(၅)ရက် USD 2800
ဝန်ကောက်+ဖူးခက်	(၆)ရက် USD 1100	သီရိလင်္ကာ	(၇)ရက် USD 1400
စင်ကာပူ	(၄)ရက် USD 880 / (၅)ရက် USD1000	ဂျပန်	(၉)ရက် USD 3200
စင်ကာပူ+မလေးရှား	(၈)ရက် USD 1350	ကိုရီးယား	(၈)ရက် USD 2000
ဘာလီ	(၅)ရက် USD 1100	ရုရှား	(၉)ရက် USD 4500
ဘာလီ+စင်ကာပူ	(၈)ရက် USD 1500	ဒူဘိုင်း+အဘူဒါဘီ	(၇)ရက် USD 1950
ဗီယက်နမ်	(၆)ရက် USD 850	စပိန်+ပေါ်တူဂီ	(၁၀)ရက် USD 4500
ဗီယက်နမ်+ကမ္ဘောဒီးယား	(၈)ရက် USD 1350		(၈)ရက် USD 1900
ကမ္ဘောဒီးယား+လာအို	(၈)ရက် USD 1800		(၈)ရက် USD 1750
ဗုဒ္ဓဂယာ(အဆင့်မြင့်)	(၈)ရက် USD 1350		(၈)ရက် USD 1600

	(၈)ရက် USD 1700
	(၁၀)ရက် USD 4500
	(၁၀)ရက် USD 5500
	(၁၅)ရက် USD 4800
	(၁၂)ရက် USD 5300
အမေရိကန်	(၁၅)ရက် USD 6700 / (၂၀)ရက် USD 7700

Ph.D (Alternative Medicines)

FAME
Nature-Q10®
Coenzyme Q10-30mg
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Normosin®
Anti-hypertensive
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကျေးဇူးတင်ဂုဏ်ပြုလွှာ

(Acknowledgement of Appreciation)

၁၆၊ ဖေဖော်ဝါရီ၊ ၂၀၁၅ ရက်နေ့တွင် United Paints Group Co.,Ltd ၏ အနှစ်နှစ်ဆယ်မြောက်မွေးနေ့ကျရောက်ပြီဖြစ်ပါသည်။
ခေတ်သစ်အလိုအရ ဆယ်စုနှစ် နှစ်စုပြည့်မြောက်ချိန် 'ပလက်တီနမ်နှစ်ပတ်လည်' ဖြစ်ပါသည်။

သို့ပါ၍ အောက်မေ့ပျော်ရွှင်ဖွယ်ရာ မိုင်တိုင်များစွာကို ဖြတ်သန်းနိုင်စေခဲ့ပြီး ယခု ခရီးတာသို့ ရောက်ရှိအောင်
ကူညီပို့ဆောင်ပေးခဲ့ကြသော အောက်ဖော်ပြပါ လုပ်ငန်းမိတ်ဆွေအပေါင်းတို့ကို မိမိတို့မှ လေးမြတ်စွာ
ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြဂုဏ်ပြုအပ်ပါသည်။

"နိုင်ငံတဝှမ်းရှိ UPG အရောင်းကိုယ်စားလှယ်များ၊ Code Share ကိုယ်စားလှယ်များ၊
လက်လီအရောင်းဆိုင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းအလိုက်နှင့် တစ်ဦးချင်းသုံးစွဲသူ ပြည်သူများ၊
ကုန်ကြမ်းပေးသွင်းသူများ၊ ဆက်စပ်အပ်သော ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကဆိုင်ရာ အဖွဲ့အစည်း၊ အသင်းအဖွဲ့ အသီးသီးနှင့်
ကုမ္ပဏီ၏ ဝန်ထမ်းအပေါင်းတို့ ပိုမိုပျော်ရွှင်ကျန်းမာသော၊ ပိုမိုပြည့်စုံချမ်းသာသော ဘဝအချိန်ကာလများကို
ရယူဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်"

နောင်လာမည့်နှစ်များတွင်လည်း UPGနှင့်လုပ်ငန်းအကျိုးဆက်နွယ်သူအားလုံး၏ အကျိုးစီးပွားဖြည့်ဆည်းနိုင်ရေးအတွက်
ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ထပ်လောင်း ကတိပြုအပ်ပါသည်။

The 20th corporate anniversary of United Paints Group Co., Ltd will be on 16th February 2015.
In modern jargon, this chronological span of two decades is termed as a "Platinum Anniversary".

At this juncture, we sincerely acknowledge our heartfelt gratitude and appreciation to the following stakeholders and friends who helped us to traverse the many joyful and memorable milestones of this remarkable journey.

"We extend our well wishes to all UPG Sales Dealers, Code Share Dealers, retailers, construction enterprises, business people, corporate and individual users, suppliers, related government & private organizations/associations and our company personnel to experience happier and healthier lives, attaining fulfillment and accumulating wealth in the future"

We reaffirm our dedicated commitment to fulfill the interest of all of our stakeholders and friends throughout the coming years.

Board of Directors
United Paints Group Co.Ltd.

UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007

UPG is Paint. Paint is UPG. UPG is Paint. Paint is UPG.

ကြော်ငြာ

အမည်ပြောင်း

ဦးကိုကိုလတ်၏သား ပဲခူးမြို့၊ အထက(ခွဲ) (၈)၊ ဒုတိယတန်း (A)မှ မော်ခန့်မင်းစံအား မောင်ခန့်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ခန့်မင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
(သာသနာရေးဦးစီးဌာန)
ရုံးအမှတ် (၃၁)၊ နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) ရာထူးလေးနေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ ရွေးချယ်ခံရသူများသည် (လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)တွင် ကနဦးလစာ ၉၉၀၀၀/-ကျပ်ကို အလုပ်သင်အဖြစ် စတင်ခံစားရပါမည်။ အရာထမ်းငယ်အခြေခံသင်တန်းသို့ ပြီးဆုံးအောင်မြင်တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပြီးနှစ်တိုးလစာကို ခံစားခွင့်ပြုမည်ဖြစ်ပါသည်။

ပညာအရည်အချင်း

(က) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)
လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA)

(ခ) စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)
B.Econ (Statistics)

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အမျိုးသား (သို့မဟုတ်) အမျိုးသမီးဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၁-၂၀၁၅ ရက်တွင် အသက်(၃၀)ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၄။ လျှောက်လွှာတွင်-

(က) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးနေ့သက္ကရာဇ်

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း၊ အောင်မြင်ခဲ့သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် တက္ကသိုလ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (သို့မဟုတ်) အမျိုးသားမှတ်ပုံတင်နှင့် ၎င်းတို့၏အလုပ်အကိုင်

(စ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်

(ဆ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

(ဇ) (ဝန်ထမ်းဖြစ်လျှင်)လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်စသည်တို့ကို အပြည့်အစုံဖော်ပြရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) လိုင်စင်ဓာတ်ပုံ (၁"×၁.၅") အရွယ်ဓာတ်ပုံ (၃)ပုံ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ

(ဂ) ဝင်ကြေးပေးသွင်းချလန်မူရင်း

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် ပြစ်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၆။ ဝင်ကြေး (ကျပ် ၅၀၀)ကို ငွေပို့လွှာ၏ အောက်ဆုံးအကွက်တွင် "ဒုတိယဦးစီးမှူး ဝန်ထမ်းရာထူးအတွက် စာမေးပွဲဝင်ကြေး"ဟုဖော်ပြလျက် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ သာသနာရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် အမ်ဒီ-၀၁၀၅၄၉ သို့ ပေးသွင်းရမည်။

၇။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၁)၊ နေပြည်တော်သို့ လိပ်စာတပ်ရမည်။

(ခ) လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ ရေစစ္စတြီပြုလုပ်၍သော်လည်းကောင်း၊ သာသနာရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၁)၊ နေပြည်တော်သို့ ၁၀-၃-၂၀၁၅ ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၈။ ဝန်ထမ်းများသည် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ရန် ခွင့်ပြုနိုင်သည့်ဌာနအကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၁)၊ နေပြည်တော်သို့လိပ်မူ၍ ၁၀-၃-၂၀၁၅ရက်နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ပေးပို့လာသော စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကို ၁၄-၃-၂၀၁၅ ရက်နှင့် ၁၅-၃-၂၀၁၅ ရက်များ၌ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပရိဝုဏ်ရှိ စာကြည့်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်နှင့် သာသနာ့ဗိမာန်နယ်မြေဌာနစု၊ နေပြည်တော်တွင်ကျင်းပမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၁၃-၃-၂၀၁၅ ရက်၌ သာသနာရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၁)၊ ဝန်ထမ်းရေးရာဌာနစု၊ နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၁၀။ ၁၄-၃-၂၀၁၅ရက်တွင် နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ မြန်မာစာဘာသာရပ်နှင့် မွန်းလွဲ ၁:၀၀ နာရီမှ ၃:၀၀ နာရီအထိ အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း၊ ၁၅-၃-၂၀၁၅ ရက် နံနက် ၉:၀၀ နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိလိုပါက သာသနာရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၆၂၃၁ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သာသနာရေးဦးစီးဌာန

အင်းလေးဟိုတယ်ဇုန်တွင်
မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများ သိရှိစေရန်
ကြေညာချက်

၄-၂-၂၀၁၅ ရက်တွင်ပြုလုပ်သော ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅)ဆုံးဖြတ်ချက်နှင့် ၅-၂-၂၀၁၅ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁-၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများအား ငွေအပြေအကျေပေးသွင်းရန် အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ငွေပေးသွင်းရန် ကျန်ရှိနေသည့် လုပ်ငန်းရှင်များ ၆-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး ပေးသွင်းသွားရန်။

၂။ မြေကွက်တန်ဖိုးလုံးဝပေးသွင်းခြင်းမရှိသည့်မြေနေရာ(၄)နေရာအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းပြီးဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပြီး ငွေအပြေအကျေပေးသွင်းရန် လုပ်ငန်းရှင်များအားလုံး သိရှိလက်ခံထားပြီးဖြစ်ပါသည်။ ၇-၃-၂၀၁၅ ရက်မှစ၍ ငွေပေးသွင်းရန် ကျန်ရှိသည့်မြေကွက်များအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြေနေရာချထားရေးကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အင်းလေးဒေသ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ခန့်ထားရန်)
Taw Win Garden Hotel ကြီးတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်း(၅၀) အလိုရှိသည်

- လုပ်ငန်းခွင်မဝင်ရောက်ခင် လိုအပ်သောသင်တန်းများ သင်ကြားပို့ချပေးမည်။
- ပညာအရည်အချင်း - အခြေခံပညာအလယ်တန်းအောင်အဆင့်မှ တက္ကသိုလ်ဘွဲ့ရအထိ အသက်(၁၈-၃၀)နှစ်အတွင်း
- လက်ရှိတွင် ကျောင်းပြီးထားသူ ကျောင်းဆက်မတက်တော့သောသူများသာ လျှောက်ထားနိုင်သည်။
- အခြားဟိုတယ်လုပ်ငန်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသူများ၊ တာဝန်ထမ်းဆောင်ဖူးသူများ လျှောက်ထားခွင့်မရှိပါ။
- ကျန်းမာရေးကောင်းမွန်၍ နေ့ညအချိန်မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
- ရုပ်ရည်ပြေပြစ်သန့်ပြန့်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာအပြည့်အစုံတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ အောက်ပါနေရပ်လိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၄၅၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ Taw Win Garden Hotel Level(4)HR ရုံးခန်း၊

ဆက်သွယ်ရန်ဖုန်း - ၀၁-၈၆၀၀၀၈၀

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

(ဘ)ဦး G ကစ္စနား ၁၂/မဂတ(နိုင်)၀၇၄၉၁၄၊ (အမိ)ဒေါ်နလမား ၁၂/မဂတ(နိုင်)၀၇၆၅၇၆ တို့၏သားဖြစ်သူ မောင်ဂျီဂိုဝင်ဒါး(ခ)အားနူ ၁၂/မဂတ(နိုင်)၀၁၂၃၉၆ သည် ခွင့်မလွှတ်နိုင်သောအပြုအမူများပြုလုပ်သွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးG ကစ္စနား-ဒေါ်နလမား**

---

(၄၀)နှစ်မြောက် ပဏ္ဏာများရတု မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

မသက်ထားစံ(ခ)နိုးနိုးအတွက်
မွေးနေ့ဆုတောင်း

နုနယ်ပျိုမျစ်	သက်ထားစံချစ်
ဆယ့်ခွန်နှစ်ဝယ်	ပြည့်ခဲ့ပြီကွယ်
ဆယ့်ရှစ်အစ	ရက်မြတ်မှနော်
နှစ်တစ်ရာကျော်	ရှည်ပါစေသော်
နေပျော်ဘဝ	'တ'တိုင်းရကာ
ဥစ္စာစည်းစိမ်	ရာထူးဂုဏ်သိမ်
ခြွေရံဆွေမျိုး	ပြည့်ဖြိုးချမ်းသာ
ကျန်းမာပျော်ရွှင်	စိတ်ထားဖြူစင်
မြင်သူချစ်ကာ	ပညာရည်တိုး
အမျိုးဘာသာ	သာသနာကျိုး
သယ်ပိုးနိုင်စေ	မေတ္တာပေးဝေ
'ဖေ''မေ'ဆုခြွေ	တောင်းဆုဝေ၏။

နှစ်ဖက်သော အဘိုးအဘွားများနှင့်
ဖေဖေ-ဒုတိယဗိုလ်မှူးကြီးကောင်းမြတ်
မေမေ-ဒေါ်ခင်အေးရီ

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၈ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၉၆

ဦးရှိန်မြင့် **နှင့်** ဒေါ်နုနု(ခ)ဒေါ်အေးအေးမိုး (ပါ၃)
တရားနိုင် **တရားရှုံးများ**

(၁)အမှတ် ၆၂၂/ခ၊ သံသုမာလမ်း၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်သီတာမင်းနှင့် (၂)အမှတ် ၂၇၇၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ဖြူဖြူသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၀၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၅ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးတင့်)
ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ တိုက်အမှတ် ၂၅၂၊ စတုတ္ထထပ်(ငါးလွှာ)တိုက်ခန်းဟုခေါ်တွင်သော အကျယ်အဝန်း (၂၃'× ၄၉')ရှိ ရေမီးစုံပါဝင်သော ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် တိုက်ခန်းအင်္ဂါရပ်နှင့် ပြည့်စုံသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခင်မာကြည် ၁၂/မရက(နိုင်)၀၈၃၅၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများဖြင့် ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သောတိုက်ခန်း၏ တန်ဖိုးငွေအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုမော် (အထက်တန်းရှေ့နေ) (စဥ်-၃၃၅၆၅)
အမှတ် ၁၈(လေးလွှာ)၊ အောင်တေဇလမ်း၊ ဗျိုင်း/ကွက်သစ်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၃၀၅၆၀၀၅

ကြော်ငြာ

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြီးကြပ်ရေးမှူးရာထူး၊ ဒု-ကြီးကြပ်ရေးမှူးရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၄ (စက်) ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များတွင် လစ်လပ်လျက်ရှိသည့် ပုံနှိပ်စက်ရာထူးနေရာများဖြစ်သော ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ်-၁၀၅၀၀၀- ၁၀၀၀-၁၁၀၀၀၀)(၆)နေရာ၊ ဒု-ကြီးကြပ်ရေးမှူးရာထူး (လစာနှုန်းကျပ်-၉၉၀၀၀- ၁၀၀၀-၁၀၄၀၀၀) (၃)နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်) ရာထူး (လစာနှုန်းကျပ်-၉၃၀၀၀- ၁၀၀၀-၉၈၀၀၀) (၉) နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူး(လစာနှုန်းကျပ်-၈၇၀၀၀-၁၀၀၀-၉၂၀၀၀)(၃၀)နေရာများအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) ၃၁-၁-၂၀၁၅ရက်တွင် အသက်(၂၀)မှ (၃၀)အတွင်း အမျိုးသားများလျှောက်ထားနိုင်သည်။
(၃) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း ငါးနှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
(၄) ကြီးကြပ်ရေးမှူးရာထူးအတွက် B.E(Mechanical)(သို့) B.E(Electronic)(သို့)B.E(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။ ဒု-ကြီးကြပ်ရေးမှူးရာထူးအတွက် B-Tech (Mechanical)(သို့)B-Tech (Electronic)(သို့)B-Tech (Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူးအတွက် AGTI (Mechanical)(သို့)AGTI(Electronic) (သို့) AGTI(Electrical Power) ရရှိသူများ လျှောက်ထားနိုင်ပါသည်။ **(ကျောထောက်နောက်ခံပြု၍ ခန့်ထားပါမည်။)**
ပုံနှိပ်ကျွမ်းကျင်-၄ (စက်) ရာထူးအတွက် စက်မှုသင်တန်းကျောင်းအောင်(သို့)တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။ **(ကျောထောက်နောက်ခံပြု၍ ခန့်ထားပါမည်။)**
(၅) ဝန်ထမ်းဖြစ်ပါက ၃၁-၁-၂၀၁၅ရက်တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာန အကြီးအကဲခွင့်ပြုချက်ဖြင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၂၈-၂-၂၀၁၅ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်၌ ရေးဖြေစာမေးပွဲဖြေဆိုခြင်းကို ၉-၃-၂၀၁၅ရက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

AIESEC & MPDC Global Exchange Leadership Development

➢ ကမ္ဘာတစ်ဝန်းရှိ အရည်အချင်းရှိလူငယ်များဖြင့် ဖွဲ့စည်းထားသော AIESEC အဖွဲ့အစည်းနှင့် MPDC တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ လူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးကောင်းများရရှိနိုင်မည့် Leadership Program ကို MPDC တွင် ၂၀၁၅ ခုနှစ် မတ် ၁၀ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။
➢ သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး နိုင်ငံတကာအတွေ့အကြုံရှိ ဆရာတစ်ဦးမှ စာတွေ့၊ လက်တွေ့သင်ကြားပေးမည့်အပြင် နိုင်ငံတကာအတွေ့အကြုံရရှိနိုင်သော Internship Program လည်း ပါဝင်မည်ဖြစ်သည်။
➢ **ဆက်သွယ်ရန်**
MPDC Campus: အဆောင် ၁၅၊ မြေညီထပ်၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ Email: sandra@newklink.com
ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ ၀၉-၇၃၁၀၃၇၈၅၊ ၀၉-၄၂၀၁၁၄၅၀၁၊ ၀၉-၂၅၆၁၄၆၉၁၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၃၀၁ Follow Me-125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင်ထွန်း ၉/ပမန(နိုင်)၁၅၉၅၄၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကနည (နေပြည်တော်)**

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၄)လမ်း၊ အမှတ် ၅၂၄ နေ ဒေါ်တင်တင်ချို ၁၂/တမန(နိုင်) ၀၃၃၃၃၅ ကို ၂-၈-၂၀၁၃ ရက်စွဲဖြင့် ကျွန်ုပ်လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ (ကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၃၅၉/၂၀၁၃)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဦးတင်နိုင် ၁၂/သဃက(နိုင်)၀၄၉၇၇၄

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျွန်မ မရည်မွန်ဘုန်းမြင့်၏ခင်ပွန်းဖြစ်သူ ကိုဇော်ဇော် ၈/ပခက(နိုင်)၁၉၈၈၆၅သည် ဇနီးဖြစ်သူနှင့် မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၁၀-၁-၂၀၁၅ရက်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

မရည်မွန်ဘုန်းမြင့်
၈/ခမန(နိုင်)၁၄၃၈၆၈

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် -၂၁

ဒေါ်ခင်မျိုးနိုင် **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်(၅၇၁)၊ ၈၁လမ်း၊ (၃၁×၃၂)၊ ၄၁၂ နေ အရွယ်မရောက်သေးလူငယ် မောင်မင်းသိန်းဟန်၊ မအေးမြတ်မွန်နှင့် မထက်ထက်နိုင်တို့နှင့် ၄င်းတို့ပိုင်ဆိုင်သောပစ္စည်းများအကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းနှင့် (၈)လမ်းထောင့်၊ အမှတ် (၂၆၁)နေ မိခင်ဒေါ်ခင်မျိုးနိုင်က အထက်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသူ မောင်မင်းသိန်းဟန်၊ မအေးမြတ်မွန်နှင့် မထက်ထက်နိုင်တို့ဖြစ်သည်ဟူ၍ ၄င်းသူငယ်တို့၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်လွှာကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်)တွင် ဆိုင်ဆိုရန် ချိန်းချက်မူသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(မိမိမော်)**

တွဲဖက်ခရိုင်တရားသူကြီး(၄)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-(၈)

၁။ ဒေါ်ခင်မာလာ **နှင့်** ဒေါ်ကျင်စိန်(ခ)ထန်စွမ်တီ
၂။ ဦးဇော်နိုင်
တရားလိုများ **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၁၇ လမ်း၊ အမှတ်(၃၃အေ)နေ ဒေါ်ကျင်စိန်(ခ)ထန်စွမ်တီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မာလာနှင့် ဦးဇော်နိုင်က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)]
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၇၅

ဦးခင်မောင်ဆွေ **နှင့်** ၁။ ဦးအောင်ရွှေ
၂။ ဦးအောင်ဝင်း
၃။ ဦးမိုးဇော်ဦး
၄။ ဦးအောင်စိုး
တရားလို **တရားပြိုင်များ**

၁။ ဦးအောင်ရွှေ (၁၂၁) ထ·ပ·ရ၊ မကွေးမြို့။
၂။ ဦးမိုးဇော်ဦး၊ ၁၄×၁၅လမ်းကြား၊ ၈၂ လမ်း၊ ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
၃။ ဦးအောင်စိုး၊ ဏ-၅၊ ၈၀၊ မြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်ဆွေက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်၊ အကွက် ဟ-၇၊ ဦးပိုင် ၁၆ မြေကွက်မှာ တရားလိုသာ တရားဝင်လက်ရှိထား နေထိုင်ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာ ပြဋ္ဌာန်းပေးစေလိုမှု ရှိလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၅ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဝင်းဦး
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ မြေကွက်အမှတ် ၈၃ ဟုခေါ်တွင်သည့် မြေတိုင်းမြေကွက်အမှတ် ၈၃၊ ဧရိယာပေ (၂၀×၈၀)ရှိ နှစ်၆၀ ဒေါ်မာလာမင်းလတ်အမည်ပေါက် ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင် ဒေါ်မို့မို့သွင် ၁၂/ဥကမ(နိုင်)၀၀၅၉၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် မြေဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအေးကြိုင် (B.Sc, H.G.P, R.L, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၃၄)
အမှတ် ၁၀၃၀၊ သုဇာတာ ၆ လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၂၅၁၀၆၊ ၀၉-၉၇၅၁၂၅၁၀၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/4541၊ Suzuki Carry DA-63T၊ P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၁၂/အလန(နိုင်)၀၁၈၄၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၇၂၁၊ မြေကွက်တည်နေရာအမှတ် ၇၂၁၊ ခေမာကျောင်းလမ်း ဦးသိန်း အေဒီ -၀၀၁၄၀၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးသိန်း ကွယ်လွန်သဖြင့် ဒေါ်တင်တင်လှ ၁၂/ဥကမ(နိုင်)၂၄၇၄၉၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊မြေကွက်အမှတ် (၂၅၅/က)၊ မြေကွက်တည်နေရာအမှတ် (၂၅၅/က)၊ ပင်းယ (၁၁)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်စောအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စောကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးကျော်မြင့်၊ ဦးစိန်ဝင်းမောင်တို့အား တရားပြိုင်ထား၍ တရားလို ဦးသောင်းဌွေမှ တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးရန်စွဲဆိုသော တရားမကြီးမှုအမှတ် (၂၈/၂၀၁၄)၏ စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် (၇၀/၂၀၁၄)၏အမိန့် ၂၂-၉-၂၀၁၄ ရက်စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြပြီး တရားရုံး(ကိုယ်စား) ဘီလစ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)အင်တိုင်းသာ၊ ဦးပိုင်အမှတ် ၂၆၊ ဧရိယာ ၀ ဒသမ ၁၀၈ ဧကရှိ ဦးဘိုးကြူ-ဒေါ်ကြိုင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စမ်းစမ်းမြင့် ၉/လဝန(နိုင်)၀၃၆၈၇၆ (ဘ) ဦးမြင့်ဦးမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေ အမည်ပေါက်ပြောင်းလဲပေးရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ကြော်ငြာ

မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

သံတွဲခရိုင်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ၁၅-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂း၀၀နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံစုံညီညီကြွရောက်ကြပါရန်နှင့် ကန်တော့ခံ (၇၅)နှစ်နှင့်အထက် အသင်းဝင်ဘိုးဘွားများ၊ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသော အသင်းဝင်သားသမီးများ၊ နိုင်ငံတော်အဆင့်ဆုချီးမြှင့်ခံရသော ပုဂ္ဂိုလ်များသည် အထောက်အထားပြည့်စုံစွာဖြင့် ၁၃-၃-၂၀၁၅ရက်ထက် နောက်မကျစေဘဲ စာရင်းပေးကြရန် အသိပေးအပ်ပါသည်။

ပွဲအတွက်လှူဒါန်းလိုသူများနှင့် စာရင်းပေးလိုသူများသည် ဦးမြမောင် ဖုန်း-၀၉-၅၁၂၁၅၂၁၊ ဦးလှကျော်အောင် ဖုန်း-၀၁-၅၄၁၈၇၀၊ ဦးထင်ကျော်လင်း ဖုန်း-၀၉-၂၅၄၁၁၄၄၈၆၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၀၁-၉၆၉၉၉၈၇၊ ရုံးဖုန်း-၀၁-၃၈၂၀၈၇ တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ပါသည်။ **အမှုဆောင်အဖွဲ့**

နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ပိန်းဇလုပ်ဒေသမှ ရန်ကုန်မြို့သို့ ရောက်ရှိကြကုန်သော မိတ်သင်္ဂဟအပေါင်းတို့ခင်ဗျာ ပိန်းဇလုပ်ဒေသအသင်း(ယာယီ) ရန်ကုန်နှစ်ပတ်လည်အစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်တကွ (မပျက်မကွက်) ကြွရောက်ကြပါရန် ပိန်းဇလုပ်ဒေသသူ ဒေသသားအားလုံးတို့ကို ဖိတ်ကြားအပ်ပါသည်။

မှတ်ချက် ။ ။ **သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ။**

ကျင်းပမည့်နေ့ရက် - ၂၂-၂-၂၀၁၅ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီတိတိ
ကျင်းပမည့်နေရာ - အရိယကျောင်းတိုက် ရွှေတိဂုံဘုရားအရှေ့ဘက်-ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။
ကားမှတ်တိုင် - ဗဟန်း ၃ လမ်း မှတ်တိုင်မှာဆင်းပါ။
ကျွေးမွေးမည့်အစီအစဉ် - နေ့လယ်စာဖြင့်ဧည့်ခံပါမည်။

ပိန်းဇလုပ်ဒေသအသင်း(ယာယီ)
ရန်ကုန်မြို့

(၂၉)ကြိမ်မြောက် (၄၅)ရက်တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ မောင်းထောင်မြေဇင်းတောရတိုက်ခွဲ၊ အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ ဆရာတော် အရှင်ကေလာသသည် မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ ဥပနိဿသျှ အတိုင်း ၄၅ ရက် တရားစခန်းကို (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၃ရက်) ၂-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့် ယောဂီများ ကြိုတင်စာရင်းပေး၍ ထိုနေ့ထိုအချိန်တွင် လာရောက်ကြပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်-
အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်
လှည်းကူးမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၆၂၈၁၅၃၊ ၀၉-၂၀၃၃၃၄၄၊
၀၉-၇၃၀၃၅၇၅၇၊ ၀၉-၇၃၄၉၁၃၃၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၈၉

ဦးဇေယျာကျော်	နှင့်	ဒေါ်ကြည်ညွှန့်
[အမှတ် ၉၆၆/ခ၊ ပိတောက်		[အမှတ် ၂၂၀၁/ခ၊ ဇေယျ
ရွှေဝါလမ်း၊ (၁၀/တ)ရပ်ကွက်၊		ဝတီ(၅)လမ်း၊ (၁၀/တ)
သာကေတမြို့နယ်၊		၁၃ ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး]		ရန်ကုန်တိုင်းဒေသကြီး]
တရားလို		**တရားပြိုင်**

အမှတ် (၂၂၀၁/ခ)၊ ဇေယျဝတီ(၅)လမ်း၊ (၁၀/တ) ၁၃ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဒေါ်ကြည်ညွှန့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

